
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၂၃၄ / ၂၀၀၃ (၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၆၃၂ / ၂၀၀၃ (၆) |

ပထမအကြိမ်
၂၀၀၃-ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လ

| | | |
|---|---|---|
| တန်ဖိုး | - | ၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ |
| အတွင်းနှင့်အဖုံးပုံနှိပ် | - | ဒေါ်ခင်စန်းမြင့် (၀၅၅၄၉)<br>ဟသ်ာပုံနှိပ်တိုက်<br>အမှတ်-၁၁၊ ၁၂၅-လမ်း<br>မင်္ဂလာတောင်ညွန့်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးနှင်းဆွေ (၀၉၈၃)<br>ပန်းလက်ဆောင်စာပေ<br>အမှတ်-၅၁၆(ခ)၊ ပုလဲ ၄-လမ်း<br>၅-ရပ်ကွက်၊ မ/ဥက္ကလာပ၊<br>ရန်ကုန်မြို့။ |

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# သုကိုန်ဆွေ

# ချစ်နေဆဲပါမြကြာဖြူ။

စဆုံးလုံးချင်း
အသစ်စက်စက်

## "တောင်ငူဘူတာ"

ရှုပ်ထွေးစည်ကားလှသော ခရီးသွားများနှင့်ပြည့်နှက်နေလေသည်။ မြို့အကွက်အကွင်း လှပမှုကြောင့် အလွန်စည်ကားလှသည့် မြို့လေးဖြစ်သော တောင်ငူမြို့သည် ရှေးဘုရင်များ၏နန်းစိုက်ရာမြို့ဖြစ်သဖြင့်လည်း စိတ်ဝင်စားဖွယ်ကောင်းသောမြို့လည်း ဖြစ်လေသည်။

"နတ်သျှင်နောင်" နှင့် "ဓါတုကလျာ"တို့၏ မေတ္တာတေးဖွဲ့သီရာမြို့တော် ဖြစ်ခဲ့သည်။ "တောင်ငူ"ဘူတာနှင့် မနီးမဝေးသော စားသောက်ဆိုင်တစ်ခု . . .

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ရထားဆုညသံနှင့်အတူ ရထားကြီးက တောင်ငူဘူတာမှ ထွက်ခွာစပြုနေလေပြီ။

"ဟော .. ရထားထွက်ပြီ၊ အသင့်အနေထားပေါ့"

တစ်ဦးကပြောစဉ် ကျန်သုံးဦးက ခေါင်းညိတ်ပြလေသည်။ ထိုလေးဦး အာရုံစိုက်နေသူတစ်ဦးက အသက်နှစ်ဆယ့်ခုနစ်နှစ် အရွယ်ခန့်ရှိ လူရွယ်တစ်ဦး . . .

ထိုလူရွယ်သည် ရထားပြတင်းဝတွင် ရပ်နေရင်းမှ စီးကရက်ကိုဖွာရှိုက်နေလေသည်။

သူသောက်နေသော စီးကရက်မီးခိုးများမှာ ပြတင်းဝမှ ဝင်လာသောလေကြောင့် လွင့်ပျံ့သွားလေသည်။

"ဟော့ကောင် .. ဘယ်နှစ်နာရီရှိပြီလဲ"

"ရှစ်နာရီခွဲတော့မယ်"

"အချိန်ကောင်းပဲကွ .. လှုပ်ရှားကြမယ်"

အရှိန်ပြင်း ခုတ်မောင်းနေသော ရထားကြီးက ညအမှောင်တွင် တွားသွားနေသော မြွေတစ်ကောင်နှယ် . . .

ရထားပေါ်ရှိ ခရီးသည်များစွာမှာ အချင်းချင်းစကားပြောနေသူပြော၊ စာအုပ်ဖတ်သူဖတ်၊ ငိုက်မျဉ်းသူ ငိုက်နှင့် လိုက်ပါလာကြသည်။

"ကဲ .. စလိုက်ကြစို့"

BURMESE CLASSIC .com



လူလေးဦးသည် တံခါးဝရှိလူငယ်အနား ချဉ်းကပ်လာကြသည်။ ရထားမှာ ကညွတ်ကွင်း     ၊ ကျော်ခဲ့ပြီဖြစ်၍ လယ်ကွ များကို ဖြတ်သတ်နေလေသည်။

လူလေးဦးသည် လူရွယ်အား ရုတ်တရက် ပြတင်းဝ တွန်းချလိုက်သည်။

"အား"

အော်သံသည် ရထားစက်သံကြား၌ ကွယ်ပျောက်သွားလေသည်။ ရထားပေါ်ပါလူများ ဤအဖြစ်ကို သိလိုက်ခြင်းရှိဟ မတူ။ ရထားကြီးကတော့ အရှိန်ပြင်းစွာ ခရီးဆက်နှင်နေဆဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ခေတ်မှီတိုက်ကြီး၏ ခြံရှေ့သို့ လေးဘီးကားလေးတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်မှ ရုပ်ရည်သန့်ပြန့်မွန်ရည်သော လူငယ်တစ်ဦးဆင်းလာပြီး ခြံဝရှိလူခေါ်ခဲလ်ကို နှိပ်လိုက်လေသည်။

"ကလင် . . ကလင် . . ကလင်"

မကြာမီ ခြံဝသို့ လူတစ်ယောက်ထွက်လာပြီးနောက် . . .

"ဘယ်သူနဲ့တွေ့ချင်လို့လဲ သူငယ်"

"အော် . . ကျွန်တော် မန္တလေးကလာတဲ့ ဦးသိုက်ထွန်းရဲ့ဧည့်သည်ပါ"

"ဟုတ်လား . . အဲဒါဖြင့်လည်း ဝင်ပါကွယ်"



ခြံစောင့်အ[illegible]က တံခါးကိုဖွင့်ပေးလိုက်စဉ် လူငယ်သည် သူ၏အဝတ်အစားအိတ်ဆွဲယူကာ ခြံအတွင်းသို့ဝင်လိုက်လေသည်။ ခြံအတွင်း၌ ပုဏ္ဏရိတ်ပင်များကို ညီညာစွာစီတန်း၍ စိုက်ထားပြီး အဖိုးတန်ပန်းများကိုလည်း သေသပ်လှပစွာ စိုက်ပျိုးထားလေသည်။

နှင်းဆီပန်းရောင်စုံများ၊ ဒေလီယာပန်းများ၊ မလေးရှားသစ်ခွနှင့် မလေးရှားပိတောက်ပင်များ၊ ယူကလစ်ပင်များ သူ့နေရာနှင့်သူ အစီအရီရှိနေလေသည်။ ဆိတ်ငြိမ်ရပ်ကွက်မို့လည်းကောင်း ကျယ်ဝန်းသော ခြံကြီးတစ်ခြံဖြစ်၍လည်းကောင်း အေးချမ်းစွာ နေထိုင်ဖို့ကောင်းလေသည်။

ခြံကြီးထောင့်အနီးရှိ ပိတောက်ပင်ကြီးအောက်၌ ဆေးဖြူနှင့်အပြာကြား လှစီးခန်းပုခက်ကလေးက မျက်စိပသဒေသာ၌ ဆွဲဆောင်မှုရှိလေသည်။

နွေရာသီမို့ ဖူးငုံစပိတောက်ပူးလေးများက ပိတောက်ပင်ကြီး၏ အကိုင်းအခက်အရွက်များကြား၌ မြူတစ်မြူတစ်နှင့် ပွင့်လန်းရန် အချိန်ယူနေသယောင် . . .

သရက်ပင်ပေါ်မှ သီးကင်းစသရက်သီးများက မြေပေါ်သို့ တဖြောက်ဖြောက် ကြွေကျနေလေသည်။ လူရွယ်သည် အိမ်ကြီး၏ဆင်ဝင်အောက်သို့ ရောက်ရှိလာပြီးနောက် သံဘာဂုတံခါးအား

www.burmeseclassic.com



ဆွဲကိုင်လှုပ်ယမ်းမည်ပြုပြီးမှ အနီးရှိ လူခေါ်ခေါင်းလောင်းခလုတ်လေးကို မြင်တွေ့သွားတာနှင့် နှိပ်လိုက်လေသည်။

"တီ . . တီ . . တီ . . တီ"

အလွန်သာယာနာပျော်ဖွယ်ကောင်းသော အနောက်တိုင်းတေးသွားလှလှလေး ပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် အသက်ငါးဆယ်ကျော်ခန့် လူကြီးတစ်ဦးထွက်လာပြီးနောက် လူရွယ်အား မြင်တွေ့သွားစဉ် မျက်နှာအမူအရာ၌ အံ့ဩဖွယ်ရာလူတစ်ယောက်ကို တွေ့ရသည့်အလား အံ့အားသင့်သွားရလေသည်။

"ဟင် . . မောင်ဇော်ဝေ"

"ဟုတ်ပါတယ် . . ဦးလေး ကျွန်တော် မနက်ကမှ ရထားဆိုက်လို့ လေးဘီးငှားပြီး လာခဲ့ရတာ ဦးလေး"

"အော် . . ဟိုတစ်နေ့ကပဲလာမယ် ဖုန်းဆက်လို့ ဦးလေးတောင် ဘူတာကြီးမှာ မင်းကိုကြိုဖို့ ကားလွှတ်ထားသေးတယ်ကွ"

"ဟာ . . အားနာစရာဖြစ်ကုန်ပြီ ဦးလေးရယ် . . အဲဒီနေ့က ရထားလက်မှတ်ဝယ်ပြီးမှ အချိန်နောက်ကျလို့ ရထားလွတ်သွားရတယ်၊ အဲဒါနဲ့ မလိုက်ဖြစ်တော့ဘူး ဦးလေးရဲ့"

"ဟေ . . ဟုတ်လားကွ မောင်ဇော်ဝေ"

"မှန်ပါတယ် ဦးလေးရယ်"

ဦးသိုက်ထွန်း မျက်စိမျက်နှာမကောင်း . . .



ထို့သော် သူ၏မျက်နှာကို ပြုံးပြလိုက်ပြီးနောက် . . .

"ကဲ . . အိမ်ထဲဝင်ပါကွယ်၊ စကားကောင်းနေတာနဲ့ အိမ်ထဲဝင်ခိုင်းဖို့ မေ့နေတယ်ကွ"

"ဟုတ်ကဲ့ ဦးလေး"

ဇော်ဝေက ခေါင်းညိတ်ရင်း အိမ်ကြီးထဲသို့ ဝင်လာခဲ့သည်။ အိမ်ကြီးထဲ၌ နီညိုရောင်ခန်းလုံးပြည့် ကော်ဇောကြီးကို ခင်းထားပြီး အဖိုးတန်အသုံးအဆောင်ပစ္စည်းများကို နေရာတကျထားရှိသဖြင့် သပ်ယပ်လှပဖွယ် ဖြစ်နေလေသည်။

အိမ်ရှေ့ဧည့်ခန်းထဲရှိ ဆက်တီကုလားထိုင်နှင့် စားပွဲများ ရှိုးကေ့စ်ခေါ် မှန်ဘီရိုကြီးများနှင့် တီဗွီ၊ ဗွီဒီယိုပြစက်ပါ အဆင်သင့် ရှိနေလေသည်။ အလှစိုက်ကြွေပန်းအိုးကြီးများမှာလည်း ထည့်ဝါခန့်ညားစွာ ရှိနေလေသည်မို့ ဇော်ဝေသည် အသေအချာ အကဲခတ်နေမိပေသည်။

"ကဲ . . ထိုင် မောင်ဇော်ဝေ နေဦးကွယ် . . ဦး လက်ဖက်ရည်ဖျော်ခိုင်းလိုက်ဦးမယ်"

"နေပါစေ ဦး . . ကျွန်တော် ဘူတာကြီးမှာကတည်းက သောက်ခဲ့ပြီးပါပြီ"

"မဟုတ်တာကွယ် . . ကဲ အေးအေးဆေးဆေး အနားယူဦး၊ တစ်ညလုံး ရထားစီးလာရတာ ခရီးပန်းနေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တုတ်ကဲ့ပါ ဦးလေး"

ဦးသိုက်ထွန်း အိမ်အတွင်းဝင်သွားပြီးနောက် ဇော်ဝေသည် နံရံရှိဆေးရေးပန်းချီကားများကို အကဲခတ်ကြည့်ရှုနေလေသည်၊ နာမည်ကျော် ပန်းချီဆရာကြီးများ၏ လက်ရာများဖြစ်ပြီး ဆွဲဆောင်မှုရှိသော လက်ရာများမို့ ဇော်ဝေရင်သပ်ရှုမော၍ အံ့ဩဖွယ်ရာ ဖြစ်နေလေသည်။

"အစ်ကို . . သံပုရာရည်လေး သောက်လိုက်ပါဦး"

"အော် . . အေးအေး ထားခဲ့ ညီမ"

လင်ပန်းလေးနှင့် အိမ်ဖော်မလေး လာချပေးသော သံပုရာကို ဇော်ဝေတစ်ကျိုက်သောက်လိုက်ပြီးမှ အခန်းထောင့်တခွဲပေါ်ရှိ ဓာတ်ပုံတစ်ပုံဆီသို့ အကြည့်ရောက်သွားရသည်။

"တင် . . လွှင့်ဓာတ်ပုံပါလား"

ဇော်ဝေ ဓာတ်ပုံထဲမှ မိန်းကလေးအားကြည့်ရင်း မီတီတွေဝေနေလေသည်။ သူသည် ထိုင်ရာမှထလိုက်ပြီး ဓာတ်ပုံလေးအား ယူလိုက်ကာ အသေအချာစိုက်ကြည့်နေလေသည်။

ဓာတ်ပုံထဲက မိန်းကလေးမှာ နှစ်လိုဖွယ်အပြုံးနှင့် သူ့အား ပြန်ကြည့်နေသယောင်။ ကိုယ်တစ်ပိုင်းဓာတ်ပုံမှာ ရှောက်လက်ခ ပတ်လည် ပန်းခက်များ၊ ဖော်ထားသော ဆင်စွယ်နှင့် ပြုလုပ်ထားသည့် ဘောင်လေးအတွင်း၌ ရှိနေလေသည်။



ရှန်းလဲ့သော မျက်လုံး၊ သေးသွယ်သော နှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်းလွှာ၊ ထူထဲမှောင်နေသော မျက်ခုံးတို့ကြောင့် လွန်စွာလှပနေလေသည်။ ထို့ပြင် ဆွဲဆောင်မှုအားကောင်းလှသော မျက်လုံးအကြည့်တို့ကြောင့်လည်း ဇော်ဝေမှာ ဓာတ်ပုံလေးကို လက်ထဲမှ မချနိုင်အောင်ပင် ရှိနေလေသည်။

သူ၏အကြည့်ကလည်း ဓာတ်ပုံလေးမှ လုံးဝမခွာပေ။

"အော် . . ဝေးနေချိန်တိုင်း အမြဲသတိတရ ရှိနေပါတယ် လွှင်ရယ်"

ဇော်ဝေ နှုတ်မှတီးတိုး ရေရွတ်လိုက်သည်။ ပြီးမှ . . .

ဓာတ်ပုံလေးကို နေရာတကျ ပြန်ထားလိုက်ပြီး ထိုင်ခုံဆီသို့ပြန်လျှောက်လာပြီး ဣန္ဒြေမပျက်ထိုင်နေလိုက်သည်။ သို့သော် သူ၏မျက်လုံးအကြည့်ကား ဓာတ်ပုံလေးဆီသို့ မကြာခဏဆိုသလိုပင် ရောက်ရှိသွားလေသည်။

ပြီးနောက် သူ၏အတွေးဝယ် လွန်ခဲ့သော ငါးနှစ်ခန့်က လဆီသို့ ပြန်လည်ရောက်ရှိသွားရလေသည်။

*

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်နယ်မြေ . . .

နီရဲသောစိန်ပန်းတွေ ပွင့်ဝေနေလေသည်။

စိမ်းစိုသော မြက်ခင်းပြင်ပေါ်သို့ ဖြတ်သန်းလာသော ခြေထောက်လေးနှစ်ချောင်း . . လှပစွာစီးထားသော မိန်းမစီး ဒေါက်မြင့်ဖိနပ်အဖြူလေးမှာ ဖြူဖွေးနုနည်းသော ခြေချောင်းလေးများကြောင့် ပိုမို၍လှပနေလေသည်။

ရွက်ကြွေများက လေသင့်ရာလွင့်မျောနေလေသည်။ ကန်ရေပြင်ပြာလဲ့လဲ့မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးက လန်းဆန်းသွားစေသည်က အမှန်ပင်။

သေးသွယ်ကျစ်လစ်သော ခန္ဓာကိုယ်ပိုင်ရှင် မိန်းမချော လေးက ကန်ရေပြင်ကမ်းစပ်ဆီသို့ ခြေလှမ်းမှန်မှန်နှင့် လှမ်းလာ နေလေသည်။

မကြာမီ ကန်ရေပြင်စပ်ရှိ ကုက္ကိုပင်ကြီးအောက်၌ သူ့ကို ကျောပေးကာ ထိုင်နေသည့် ယောက်ျားပျိုတစ်ဦးအား တွေ့မြင်ရ စဉ် ခြေလှမ်းတို့ ပိုမိုသွက်လက်စွာ လှမ်းနေဖြစ်လေသည်။

"ရှပ် . . ရှပ် . . ရှပ် . . ရှပ်"

လေးလေးမှန်မှန် ခြေလှမ်းတို့ကြောင့် လူရွယ်သည် နောက်သို့လှည့်ကြည့်ဟန်ပြင်လိုက်စဉ်မှာပင် အိစက်ညက်ညော သောအထိအတွေ့တစ်ခုနှင့်အတူ သူ့အားသိုင်းဖက်လိုက်လေသည်။



"တိတ် . . ကိုဇော်"

ညင်သာသော အသံလေးက မိန်းမပျိုလေးနှုတ်မှ ထွက် ပေါ်လာသည်။

"စောင့်နေရတာ ကြာပြီလား ကိုဇော်"

"သိပ်မကြာသေးပါဘူး လွှင် . . ဘာလို့နောက်ကျနေ သလဲကွယ်"

ယောက်ျားပျိုလေး၏အမေးကြောင့် မိန်းမပျိုလေးသည် သူမ၏လက်မှ ရွှေရောင်ကွင်းနာရီလေးအား တစ်ချက်မျှကြည့်လိုက် ပြီးနောက် . . .

"ဟုတ်တယ် ကိုဇော် . . ကျောင်းကလစ်ဖို့ မလွယ်သေး သို့ပါကွာ"

မိန်းမပျိုလေး၏အဖြေစကားကြောင့် လူငယ်က ခေါင်းညိတ် ပြလိုက်ပြီးနောက် မိန်းမပျိုလေးအား ထွေးပွေ့လိုက်ပြီး . . .

"ကျောင်းပြီးရင် ကိုယ်တို့လက်ထပ်ကြရအောင်နော် လွှင်"

"အင်းပါ . . ကိုဇော်ရယ်၊ လွှင်လည်း ကိုဇော်နဲ့နီးချင်လှ ပြီကွယ်"

"ကိုဇော်လည်း လွှင့်လိုပါပဲကွယ်"

နှစ်ဦးသား လွတ်ထွက်သွားမတတ် တွယ်ဖက်ထားမြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ကိုဇော် ကျောင်းပြီးရင် ဘာလုပ်မယ်လို့ စဉ်းစားထားလဲဟင်"

"ကိုဇော် ကျောင်းပြီးတာနဲ့ မန္တလေးတက်ပြီး တတ်ထားတဲ့ပညာနဲ့ ရရာအလုပ်ကို ဝင်လုပ်ရမှာပေါ့ လွင်ရယ်"

"အင်း . . လွင်ကတော့ အလုပ်လုပ်ရမယ် မထင်ဘူး၊ လေးလေးကလည်း ခိုင်းမှာ မဟုတ်ဘူးကွယ်"

"ဟုတ်တယ်လွင် . . လွင့်လေးလေးက လွင့်ကို အလုပ်ခိုင်းဖို့အတွက် စိတ်ကူးရှိချင်မှ ရှိမှာပါ"

"လွင့်မေမေက လွင့်အသက်ခြောက်နှစ်လောက်မှာ ကားမှောက်ပြီးဆုံးတယ်၊ အဲ . . ဖေဖေကလည်း မေမေသေပြီးနောက်ပိုင်းမှာ စိတ်ရောဂါရပြီး တပိန်ပိန်နဲ့ပဲ သေသွားရတယ် ကိုဇော်၊ ဖေဖေသေတော့ လွင့်အသက် ဆယ့်ရှစ်နှစ်ပဲရှိသေးတာ"

"လွင့်ဖေဖေက လွင့်ကို ဦးလေးသိုက်ထွန်းနဲ့ ထားရစ်ခဲ့တာပေါ့နော်"

"ဟုတ်တယ် ကိုဇော် . . ဖေဖေက လွင့်ကို ရှိတဲ့စည်းစိမ်တွေနဲ့အတူ သူ့ညီ လေးလေးသိုက်ထွန်းဆီ အပ်ခဲ့ပြီး ရှေ့နေရှေ့ရပ်တွေနဲ့ စာချုပ်လုပ်ထားတယ်"

"ဘယ်လိုစာချုပ်မျိုးပါလိမ့်"



"လွင့်အသက်နှစ်ဆယ်ပြည့်ရင် ဒါမှမဟုတ် လွင်အိမ်ထောင်ရက်သားကျရင်ပေါ့ လွင့်ကို ရှိတဲ့ပစ္စည်းတွေနဲ့အတူ လွှဲပြောင်းပေးရမယ်၊ ဒီအတွင်းမှာ လေးလေးအနေနဲ့ ပစ္စည်းတွေနဲ့ လွင့်ကို စောင့်ရှောက်ရမယ်ပေါ့"

"အော် . . ဒီလိုကိုး"

"ကိုဇော်"

"ဘာလဲလွင်"

"ကိုဇော့် အခုနောက်ဆုံးနှစ်ရောက်ပြီနော် . . နောက်နှစ် ဘီအီးဘွဲ့တောင်ရတော့မှာဆိုတော့ လွင့်ကိုလေ တစ်မျိုးထင်စိုးလို့"

"ဘယ်လိုတစ်မျိုးထင်ရမှာလဲ လွင်ရဲ့"

"ဟိုလေ . . လွင်က ကိုဇော် အင်ဂျင်နီယာကြီးဖြစ်တော့ဆို့ အမိုက်ကြီးတယ်လို့ ထင်မှာစိုးလို့"

"အမယ်လေး လွင်ရယ် . . ပေါက်ပေါက်ရှာရှာတော့ ဆိပ်တတ်တယ်ကွာ"

"အော် . . ကိုဇော်ရယ် ဖြစ်နိုင်တာကို ပြောတာပါ"

"ဘယ်သူပြောပြော ကိုဇော်တော့ အဲဒီလို မထင်ပါဘူးကွာ"

"အဲဒီဆိုလည်း ပြီးရော ကိုဇော်ရယ် . . လွင်က ကိုဇော့်

www.burmeseclassic.com

www.burmeseclassic.com



ကိုအထင်လွဲမှာစိုးလို့”

“စိတ်ချ . . ကိုဇော့်အသက်နဲ့ထပ်တူ လွင့်ကိုမြတ်နိုးတယ် ချစ်တယ် . . နောက်ပြီး တွယ်တာတယ်၊ လွင့်ကို့တစ်သက်လုံး လက်တွဲမယ်”

“ယုံပါတယ်ကွယ်”

ကန်ရေပြင်ပြာလဲ့လဲ့မှာ လေတိုက်တိုင်း လှိုင်းကြက်ခွပ်လေးများ တရိပ်ရိပ်ပြေးနေလေသည်။ လေတိုက်ရာလွင့်ပါနေသော ရွက်ဝါကြွေလေးတွေက မြေပေါ်တစ်ချို့၊ ရေပြင်ကျယ်ထဲသို့တစ်ချို့ လွင့်ပါနေကြလေသည်။

အနောက်ဘက်သို့ တိမ်စောင်းစပြုနေပြီဖြစ်သည့် နေမင်း၏အလင်းရောင်အောက်ဝယ် ကန်ရေပြင်၏ငွေမင်ရောင်သည် အရောင်တဖျပ်ဖျပ် တောက်ပနေလေသည်။

“ကိုဇော် . . လွင်တစ်ခု ပြောမယ်”

“ပြောလေ လွင် . . ကိုဇော် နားထောင်နေပါ့မယ်”

“လွင်တာ မိဘမဲ့ မိန်းကလေးတစ်ဦးပါနော်”

“အင်းလေ”

“လွင့်ဘဝမှာ တွယ်တာစရာ မရှိတော့လို့ ကိုဇော့်ကိုပဲ တစ်သက်လုံးတွယ်တာရမဲ့သူမို့ တစ်နေ့နေ့တစ်ချိန်ချိန်ကျရင် လွင့်ကို ကိုဇော် စွန့်ပစ်သွားမှာ စိုးတယ်”



“အော် . . စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့ကွယ်၊ ကိုဇော်ပြောပြီးပြီပဲ . . လွင်ရယ်၊ ဒီတစ်သက်မှာ လွင်ကလွဲလို့ ဘယ်သူ့ကိုမှ ကိုဇော် မယူပါဘူးဆိုတာ သစ္စာဆိုရဲပါတယ်ကွယ် လွင် ယုံတယ် မဟုတ်လား”

“ယုံပါပြီ ကိုဇော်ရယ် . . လွင်ယုံပါပြီ”

“ဒီလိုမှပေါ့ကွာ . . ကဲလာ အချိန်စောင်းပြီ ပြန်ကြစို့ လွင်”

လွင်ခေါင်းညိတ်ပြီး ထလိုက်သည်။ ထို့နောက် ချစ်သူ ကိုဇော်၏လက်ကလေးကိုဆွဲလျက် ရေစပ်မှပြန်လာခဲ့ကြလေသည်။ ဥဩငှက်တစ်ကောင်၏ နွေကြိုတေးက လွမ်းဆွတ်ဖွယ်လွင့်ပျံလာသည်။

ချစ်သူနှစ်ဦး၏ခရီးလမ်းကား ယခုထိတော့ သာယာဖြောင့်ဖြူးဆဲ . . .

ယခုမူ ဇော်ဝေ မန္တလေးဆည်မြောင်းဌာနတွင် လက်ထောက်အင်ဂျင်နီယာ ဖြစ်ခဲ့လေပြီ။ လေးနှစ်တာကာလအတွင်း ဇော်ဝေ၏ကြိုးစားမှုကြောင့် အလုပ်အကိုင် အဆင်ပြေခဲ့သည်။

မိဘများ၏ ခွင့်ပြုချက်ဖြင့် လွင်နှင့်လက်ထပ်ရန်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ယခုလို ရန်ကုန်သို့လိုက်လာခဲ့ခြင်းပင်။

လွင်ပြောပြထား၍ ဦးသိုက်ထွန်းကလည်း ကိုဇော်ဝေကို သိထားနှင့်ပြီမို့ ဦးသိုက်ထွန်း၏သဘောတူညီ ခွင့်ပြုချက်ကြောင့် တစ်ကြောင်း လက်ထပ်ရန် ရက်ရွေးပြီးဖြစ်ကြောင်း ဖိတ်ခေါ်ချက်ကြောင့် ဇော်ဝေ လိုက်လာခဲ့ခြင်းပင် ဖြစ်သည်။

"တီ . . တီ . . တီ"

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် ဇော်ဝေအတွေးများ လွင့်ပြယ်သွားပြီး ဓာတ်ပုံဆီမှ အကြည့်ကိုခွာဖြစ်သည်။

"ဟယ် . . ကိုဇော် ဘယ်တုန်းကရောက်လဲဟင်"

အိမ်ပေါက်ဝမှ ဆီး၍ပြောလိုက်သော အသံကြောင့် ဇော်ဝေလှမ်းကြည့်လိုက်ပြီး ဝမ်းသာအားရနှင့် . . .

"ဟာ . . လွင် ဘယ်ကပြန်လာတာလဲဟင်၊ အစ်ကို ခုပဲ ရောက်လာတာ"

"လွင် ဗိုလ်ချုပ်ဈေးဘက်သွားတာပါ။ ခဏနေဦးနော် လွင် အဝတ်အစား လဲလိုက်ဦးမယ်"

ဇော်ဝေ ခေါင်းညိတ်ပြလိုက်စဉ် သူဇာလွင်မှာ အိပ်ခန်း အတွင်းသို့ ဝင်ရောက်သွားလေသည်။ ဇော်ဝေ သူဇာလွင်၏ခန္ဓာ ကိုယ်အား လှမ်းကြည့်ရင်းမှ ပီတိတွေ တစ်လှေကြီး ဖြစ်နေရလေ သည်။



"အို . . လှလိုက်တဲ့ လွင်လေးရယ်"

အတန်ကြာမှ သူဇာလွင် အခန်းထဲမှ ထွက်လာလေသည်။

"အစ်ကို ဘယ်တုန်းက ရန်ကုန်ရောက်နေတာလဲဟင်"

"ဒီနေ့မနက်မှ ရောက်တာ လွင်ရဲ့ ပထမတော့ စောစော သာဖို့ပဲ . . ဒါပေမယ့် ရထားမမှီလို့ ကျန်ခဲ့တာ၊ မနေ့ကမှ ထပ်ဝယ် ပြီး စီးလာခဲ့ရတယ် လွင် . . အစ်ကိုက လက်ထပ်ပွဲမလုပ်ခင် ကြို လာခဲ့တာ လွင်ရဲ့ လုပ်စရာရှိတာတွေ လုပ်ရအောင်လေ"

"ကောင်းတာပေါ့ အစ်ကို"

"ဖေဖေနဲ့ မေမေတို့ကတော့ ရက်နီးမှလိုက်လာလိမ့်မယ် လွင်ရဲ့"

"ကဲ . . အစ်ကို အနားယူလိုက်ဦးလေ . . လာ အစ်ကို နေရမဲ့အခန်းကို လွင် လိုက်ပြပေးမယ်"

ဇော်ဝေ လွင့်နောက်မှ လိုက်လာခဲ့သည်။ သူဇာလွင်က အပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီးမှ အပေါ်ထပ်သို့တက် ပြီးနောက် အခန်းတစ်ခန်းရှေ့တွင်ရပ်ကာ သော့ဖွင့်လိုက်သည်။

[illegible] . . .

"အစ်ကို ဒီအခန်းမှာ သက်တောင့်သက်သာ နေနိုင်ပါ တယ်"

"ကျေးဇူးပဲ လွင်"

www.burmeseclassic.com

www.burmeseclassic.com



"နောက်နေ့တွေကျမှ လျှောက်လည်ကြတာပေါ့ အစ်ကို"

"အင်းပါ"

"ကဲ . . အစ်ကို ရေမိုးချိုးလိုက်ဦးလေ၊ ပြီးရင် ထမင်းစားကြရအောင်"

လွင်က ရေချိုးခန်းကို ညွှန်ပြလိုက်ပြီး ပြန်ဆင်းသွားလေသည်။ ဇော်ဝေ အဝတ်အစားအိတ်ကိုယူပြီး အခန်းတွင်းဝင်လိုက်သည်။ စာကြည့်စားပွဲတစ်လုံး အဆင်သင့်ရှိနေသည်မို့ ဇော်ဝေ ကျေနပ်သွားရကာ အခန်းတွင်း၌ ခေတ္တအနားယူလိုက်လေသည်။

ကျေးဇူးအထူးတင်ပါတယ် လွင်ရယ် . . .

* * *

## အခန်း (၂)

"အစ်ကို ပျော်ရဲ့လားဟင်"

သူဇာလွင်၏အမေးကြောင့် ဇော်ဝေခေါင်းညိတ်ပြလိုက်ပြီး

"ပျော်တာပေါ့ လွင်ရဲ့ . . ကိုယ့်ချစ်သူနဲ့အတူ ခုလို တပူးပူးတတွဲတွဲ မသွားရတာ လေးနှစ်နီးပါးရှိပြီပဲလေ၊ ခုလိုသွားရလာရတော့ အရင်ကျောင်းသားဘဝက လွတ်လပ်မှုလေးတွေ၊ ကြည်နူးမှုလေးတွေကို ပြန်သတိရသေးတယ် လွင်ရယ်"

"အင်း . . နော် လွင်လည်း အစ်ကို မပြောခင်ကတည်းက ပြောမလို့၊ အခုတော့ အစ်ကိုက အရင်ဦးသွားပြီ"

"ဟင်း . . ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



ဇော်ဝေ သဘောကျစွာ ရယ်မောနေလေသည်။ ယနေ့မှ လွင်က ပို၍လှနေလေသည်။ ကြည့်ပါဦး . . .

ပန်းသွေးရောင် ရှန်ပါတိတ်ဝမ်းဆက်နှင့် လွင်၏ဖြူဖွေး ဝင်းမွတ်သော အသားအရောင်မှာ လိုက်ဖက်ညီလှပေသည်။ နှင်းဆီ ဖူးရောင် နှုတ်ခမ်းနီဆိုးထားသော လွင်၏နှုတ်ခမ်း၊ ကြည်လင် ရှန်း လဲ့သော မျက်တောင်ကော့ကြီးများအောက်မှ သမင်မျက်လုံး . . .

အို အားလုံးပေါင်းလိုက်တော့ လွင်က အလှကြီးလှနေ လေသည်မို့ ဇော်ဝေအနေနှင့် သည်ပန်းတလေးကို မနမ်းရက်၊ မကိုင်ရက်၊ မထိရက်အောင်ပင် . . .

အမှန်လည်း ဇော်ဝေမှာလည်း ယောက်ျားပီသသူတစ်ဦး ပင်။ နီညိုရောင်စတစ်ကာအင်္ကျီနှင့် ဂျင်းဘောင်းဘီအပြာကြောင့် အရပ်ငါးပေခြောက်လက်မရှိသော သူ၏အရပ်အမောင်းမှာ ပိုပြင် လှချေသည်။

ထို့ပြင် ယောက်ျားပီသသော ခန္ဓာကိုယ်အချိုးအဆက်မှာ ပေါ်လွင်ထင်ရှားနေလေသည်။ လေးထောင့်စပ်စပ် မျက်နှာပေါ်ရှိ ထူထဲသောမျက်ခုံး၊ ဖြောင့်စင်းသော နှာတံနှင့် ပိရိသေသပ်သော နှုတ်ခမ်းတို့မှာ ယောက်ျားပီသမှုကို ဖြည့်စွက်ထားလေသည်မို့ မိန်းကလေးများ သဘောကျစရာ ရုပ်ရည်ရှိသူပင်ဖြစ်လေသည်။

"အစ်ကို . . အခု လွင်တို့ ကန်တော်ကြီးဘက်သွားရ



အောင်နော်"

"လွင့်သဘောပဲလေ . . အစ်ကိုက ညွှန့်သည်ပဲ"

"အဟင်း . . စကားသိပ်တတ်နေ၊ နောက်တော့ အိမ်ရှင် ဖြစ်မဲ့လူကများ"

"အဟား . . ဟား . . လွင်ကလည်း နောက်တာပါဗျာ"

လွင့်ပါးလေးကို လက်နှင့်ဖျစ်ညှစ်ရင်း ဇော်ဝေက ပြော လိုက်သည်။ နှစ်ဦးသား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ ဆင်းလာ ပြီး ရပ်ထားသော စပရင်တာအမျိုးအစား ကားဖြူလေးဆီသို့ လျှောက်လာကြလေသည်။

"အစ်ကို မောင်းမလား"

"ဟင့်အင်း . . မမောင်းဖူးတဲ့လမ်းတွေဆိုတော့ မမောင်း ရဲဘူး"

"အပိုတွေ ပြောမနေပါနဲ့နော် . . ဟိုတုန်းကတော့ သူပဲ မောင်းခဲ့တာပဲ"

"ဟုတ်တယ်လေ . . အခုတော့ စိမ်းနေပြီ လွင်ရဲ့၊ ဒါပေ မယ့် လွင်မောင်းစေချင်ရင် အစ်ကိုမောင်းပါ့မယ်နော်"

လွင်၏မျက်စောင်းလှလှလေး ကွယ်ပျောက်သွားစေရန် တောင်းပန်လိုက်ရလေသည်။ ကားတံခါးဖွင့်ပြီး ဇော်ဝေ ဒရိုင်ဘာ နေရာဝင်ယူလိုက်သည်။ ပြီးနောက် ကျွမ်းကျင်စွာ မောင်းထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့လေသည်။ ပြေပြစ်ညီညာသော ကတ္တရာလမ်းပေါ်၌ တိုယိုတာစပင်ရင်တာကားဖြူလေး လျှင်မြန်စွာပြေးနေလေရဲ့ . . .

ကရဝိတ်ဟိုတယ်ရှေ့ ကားပတ်လမ်း၌ ဇော်ဝေ ကားကို ရပ်လိုက်သည်။

"လွင် . . တစ်ခုခုစားကြရအောင်နော်"

"ဟုတ်တယ် . . အစ်ကို ဆာနေပြီ၊ စားစရာရှိတာစားပြီးမှ လျှောက်လည်ကြတာ ကောင်းမယ်"

နှစ်ဦးသား ကရဝိတ်စားသောက်ဆိုင်အတွင်းသို့ ဝင်ခဲ့ကြသည်။ စားသောက်ရင်း ဆွေးနွေးစကားပြောဖြစ်ကြသည်။

"အစ်ကို လက်ထပ်ပြီးရင် ဘယ်လိုနေကြမလဲတင်"

ဇော်ဝေက အတန်ကြာစဉ်းစားပြီးမှ . . .

"အင်း . . လောလောဆယ်တော့ လွင်က ဒီမှာပဲနေပေါ့ကွယ်၊ အစ်ကိုကတော့ မန္တလေးမှာ အလုပ်လုပ်ရင်း ရန်ကုန်ကို ပြောင်းရွှေ့ဖို့ ထရန်စဖာလုပ်မယ်လေ"

"တင် . . အစ်ကိုကလည်း ဒီလို ခွဲနေကြရမှာပေါ့"

"အခိုက်အတန့်လေးပါ လွင်ရယ်"

"တော်ပါ . . အဲဒီအခိုက်အတန့်လေးက လွင့်ကို လွမ်းအောင် လုပ်မှာရှင့် သိရဲ့လား"

"အမယ်လေးကွယ် . . လေးနှစ်ကြီးများတောင် ခွဲနေခဲ့



ပြီးမှ"

"အဲဒီလေးနှစ်အတွင်းမှာ လွင် ဘယ်လောက်ခံစားခဲ့ရတယ်ဆိုတာ အစ်ကိုမှ မသိတာ"

"သိပါတယ် လွင်ရယ် . . လွင့်လိုပဲ အစ်ကိုလည်း လွမ်းတာပေါ့ကွယ်၊ ဒါပေမယ့် တစ်သက်တာနီးဖို့ ခဏတာဝေးကြရတာကို ဖြေရတာပေါ့"

"အမယ် . . ကိုဗို"

"အတာင်း . . တင်း . . တင်း"

နှစ်ဦးသား သဘောကျစွာ ရယ်မောမိကြသည်။ အဖျော်ရက်လေးများ၏ အမှတ်တရ အပြုံးလေးများက ယှက်သန်းကြသည်ထင်ရဲ့ . . .။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဦးသိုက်ထွန်း စဉ်းစားရချေလေပြီ။ ဤကိစ္စအတွက်လည်း အလွန်ခေါင်းရှုပ်ခဲ့ရပြီးပြီ။ အခုလည်းကြည့် . . .

သူစီစဉ်ထားသည့်အကွက်က တစ်မျိုးတစ်ဖုံပြောင်းလဲသွားသည်မို့ ခေါင်းရှုပ်ရှုံ့မှုမကဘဲ ဒေါသအကြီးအကျယ် ထွက်နေရလေသည်။ ဦးသိုက်ထွန်း တစ်ချိန်က အဖြစ်အပျက်တွေအားလုံးကို သုံးသပ်ဝေဖန်မိသည်။

အစ်ကိုကြီး "သိုက်ကွန်း"၊ ပြီးတော့ အစ်ကိုကြီး၏ဇနီး "ခင်မာလွင်"။ ထို့နောက် အစ်ကိုကြီး၏တစ်ဦးတည်းသော မိတဆိုးသမီးလေး "သူဇာလွင်"



အရာရာသည် ဦးသိုက်ထွန်းအား ခြောက်လှန့်နေကြသယောင် ထင်မိရသည်။ တစ်ချိန်ကပါပဲ ညီအစ်ကိုနှစ်ဦးရှိခဲ့သည်။ "သိုက်ကွန်း"နှင့် "သိုက်ထွန်း" အမြွှာညီအစ်ကိုနှစ်ဦး တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခဲ့ကြသည်ပဲ။ တစ်ခုတော့ ကွာဟချက်ရှိသည်။

အစ်ကိုကြီး သိုက်ကွန်းက ရိုးသားသည်၊ ကြိုးစားသည်၊ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်သူဖြစ်သောကြောင့် စီးပွားရေးတောင့်တင်းပြေလည်ခဲ့သည်။ သူ၏ဇနီးသည်ကလည်း လိမ္မာရေးခြားရှိသည်မို့လည်း ပို၍စီးပွားရေး အဆင်ပြေခဲ့သည်။

သို့သော်ညီဖြစ်သူ သိုက်ထွန်းမှာကား သူနှင့်တစ်ခြားစီ။ သိုက်ထွန်းက စီးပွားရေးနားမလည်၊ သူနားလည်သည်က လောင်းကစား၊ သူဝါသနာပါသည်က လောင်းကစားနှင့် အပျော်အပါး အသောက်အစားပင်။

ထို့ကြောင့်လည်း မွဲတေ၍ဆင်းရဲတွင်းနှံ့ထဲ နစ်ခဲ့သည်ပင်။ အစ်ကိုကြီး၏ဆုံးမစကားကိုလည်း မည်သို့မျှ မလိုက်နာခဲ့ချေ။ ဦးသိုက်ထွန်း ကံကောင်းသည်ဟုပဲ ဆိုရမလား။

အစ်ကိုကြီးသိုက်ကွန်းဇနီး ခင်မာလွင် သေဆုံးသွားသည်မှစ၍ တရှောင်ရှောင်နာမကျန်းဖြစ်ခဲ့ရာမှ အစ်ကိုကြီးသိုက်ကွန်း ကွယ်လွန်သွားခဲ့ရသည်။ အစ်ကိုကြီးက မကွယ်လွန်မီ သူ့အား ခေါ်၍ပြောခဲ့သည်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . မင်းလည်း မလိမ်မာသေးဘူးလားကွယ် . . အသက်အရွယ်တွေလည်း ကြီးလာပြီကွယ်၊ အစ်ကိုကြီးမှာလဲ ကျောထောက်နောက်ခံတစ်ယောက်လိုတယ် ညီလေး . . ဒီတော့ အစ်ကို့မှာ ညီလေးကလွဲလို့ အားကိုးအားထားစရာ မရှိလေတော့"

ပြောရင်းမှ အစ်ကိုကြီးက သူ့အား စိုက်ကြည့်လိုက်သည်။

"ပြောပါ အစ်ကိုကြီး . . ညီလေးနားထောင်နေပါတယ်"

သိုက်ထွန်း တ္တန္တြေသံပတ္တိနှင့် ယုတ္တိရှိရှိဖြေလိုက်သည်။

"အင်း . . မင်းသေချာနားထောင် ညီလေး . . သမီးလေး အတွက် အစ်ကိုကြီးစိတ်ချပါရစေလားကွယ် . . သမီးလေး အသက် နှစ်ဆယ်မပြည့်ခင်အတောအတွင်းမှာ ရှိတဲ့ပစ္စည်းတွေနဲ့ ငွေသိန်း နှစ်ဆယ်နဲ့အတူ သမီးလေးကို စောင့်ရှောက်ပါကွယ်၊ ဟော့ဒီက ရှေ့နေကြီးဦးဘမော်ဆီမှာ ကတိစာချုပ်ရှိတယ်၊ မင်းလက်မှတ်ထိုး ပါ ညီလေး"

"ဟုတ် . . ဟုတ်ကဲ့ပါ အစ်ကိုကြီး"

သိုက်ထွန်း ဟန်မပျက် ဝမ်းနည်းကြေကွဲဖွယ်အမူအရာကို ဆောင်နေရသော်လည်း ရင်ထဲမှာတော့ ကျိတ်ပြီးပျော်နေရလေ သည်က အမှန်ပင်။

"ရှေ့နေကြီး"

"ပြောပါ သူဌေးမင်း . . ကျွန်တော် နားထောင်နေပါတယ်



အမိန့်ရှိပါ"

"စာချုပ်ကို ခင်ဗျားရဲ့ရှေ့မှာပဲ သိုက်ထွန်းကို လက်မှတ် ထိုးခိုင်းမယ်နော်"

"ဟုတ်ကဲ့ ကောင်းပါပြီ သူဌေးမင်း"

ရှေ့နေကြီး ဦးဘမော် နှစ်ဦးသဘောတူကတိစာချုပ်ကို ဦးသိုက်ထွန်းရှေ့မှာ ချပေးလိုက်သည်။

"ကဲ သဘောတူကြောင်း လက်မှတ်ထိုးပါ ဦးသိုက်ထွန်း"

"ကောင်း . . ကောင်းပါပြီဗျာ"

ဦးသိုက်ထွန်း လက်မှတ်ထိုးပေးလိုက်သည်။

"ကဲ . . ညီလေး အစစအရာရာ စိတ်ချပါရစေကွာ"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ဦးသိုက်ထွန်း ဝမ်းသာပီတိမျက်နှာကို အတန်ကြာဖုံးကွယ် မထားနိုင်ချေ။ ထို့ကြောင့် အစ်ကိုကြီးရှေ့မှ အမြန်ဆုံးထွက်သွား လိုလှသည်။ ထိုသို့ ဦးသိုက်ထွန်းက ပြောသောအခါတွင် အလွန် အမင်းပင် ထွက်သွားချင်စိတ် မျိုသိပ်ထားရသော ဦးသိုက်ထွန်းမှာ ချက်ချင်းပဲ ထွက်လာခဲ့လေတော့သည်။

"ဟူး . . တော်ပါသေးရဲ့ ဘုရားကယ်မ ပေတာပဲ"

တွေးရင်း သူ၏မျက်စိထဲတွင် အစ်ကိုကြီးဦးသိုက်ထွန်း ပိုင်ငွေသိန်းနှစ်ဆယ်နှင့် ဂျဲဂေဟာစံအိမ်ကြီးကို အပိုင်စီးလိုစိတ်

www.burmeseclassic.com

www.burmeseclassic.com



ကကြီးစိုးလာလေသည်။ ထို့ကြောင့် သူသည် အကြံအစည်တစ်ခုကို အကောင်အထည်ဖော်ရန် စဉ်းစားမိသည်။

"ဟုတ်ပြီ .. ဒီအတိုင်းကောင်းမယ်"

လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ဦးသိုက်ထွန်း ထွက်လာခဲ့သည်။

*

"ဟေ့ .. မောင်မိုး"

"ဗျာ .. ဆရာ"

"ကျန်တဲ့ကောင်တွေ ဘယ်မှာတုန်းကွ .. ဟေ"

"ရှိ .. ရှိပါတယ် ဆရာ"

"အေး .. ရှိရင် သွားခေါ်စမ်းကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

မောင်မိုး ပျာပျာသလဲ ထွက်သွားသည်။ မကြာမီမှာပင် မောင်မိုးနှင့်အတူ လူသုံးဦးပါလာသည်။ ထိုလူသုံးဦးအနက်မှ တစ်ဦးမှာ လွန်စွာပင်မူးနေပုံရလေသည်။ သူ့အား ကျန်လူနှစ်ဦးက ပေးမတွဲထားရလေသည်။

"ဟိုကောင် မောင်ရဲ .. စောစောစီးစီး ရေချိန်ကိုက်နေပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"



"ဘာ .. ဘာကွ .. ဟေ့ကောင်"

ဦးသိုက်ထွန်း ဒေါသကြောင့်မေးရာ ထိုလူမှာ အလွန်ကြောက်ရွံ့စွာဖြင့် . . .

"တို .. ဟိုညက တော်တော်ဖျားသွားလို့ မောနင်းပက်[illegible] သောက်ထားတာပါ ဆရာ"

"ဘာ .. မောနင်းပက် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"တောက် .. ငါမပြောချင်ဘူး၊ နေ့သောက် ညသောက် [illegible] သောကာနီးနေပြီ"

"နောက် ဆင်ခြင်ပြီးသောက်ပါ့မယ် ဆရာ"

"ဟိုကောင် ဝင်းမြင့်နဲ့ စိုးပိုင်"

"ဗျာ .. ဆရာကြီး"

ဝင်းမြင့်နှင့် စိုးပိုင်နှစ်ဦးသား ပြိုင်တူပြေလိုက်ကြသည်။

"မင်းတို့ကို ငါပြောစရာရှိတယ်"

"ဟုတ်ကဲ့ .. ပြောပါဆရာ"

"အင်း .. အားလုံးနားထောင် .. ထိုင်ကြ"

လေးယောက်သား စားပွဲခုံဘေးရှိ ကုလားထိုင်များပေါ်သို့ [illegible]လိုက်ကြသည်။

"မနေ့က ငါ့အစ်ကိုပိုင်ပစ္စည်းတွေနဲ့ အိမ်ကြီးရယ် ငွေ

www.burmeseclassic.com

www.burmeseclassic.com



သိန်းနှစ်ဆယ်ရယ်ဗျို ငါ့တူမလေး အသက်နှစ်ဆယ် မပြည့်မချင်း ငါစောင့်ရှောက်ရမယ်၊ ဒါပေမယ့် အဲဒီအရာတွေအားလုံးကို ငါပိုင်ချင်တယ်ကွာ”

“ဟုတ်ကဲ့”

“အဲဒီတော့ ငါက ငါ့တူမလေး အသက်နှစ်ဆယ်ပြည့်ရင် မလွှဲပေးသေးဘဲ အကြောင်းတစ်ခုပြပြီး အချိန်ဆွဲထားမယ်၊ ဥပမာ ကောင်မလေး မင်္ဂလာဆောင်မှ ပေးမယ်ပေါ့ကွာ အဲဒီတော့ ငါ့တူမလေးကို မင်းတို့ မျက်ခြည်မပြတ် စောင့်ပေးကြရမယ် ကြားလား”

“ဟုတ်ကဲ့ပါ ဆရာ”

“အေး . . အဲဒီအတွက် မင်းတို့ မနစ်နာစေရဘူးလို့ ငါကတိပေးတယ်”

“ကောင်းပါပြီ ဆရာ . . ကျွန်တော်တို့ ဆရာကြီးတူမ သူဇာလွင်ကို သေချာစောင့်ရှောက်ပေးပါ့မယ်”

“အေး . . အဲဒါခေါ်ပြောတာပဲကွ”

“စိတ်ချ ဆရာ . . ကျွန်တော်တို့အားလုံး သတိဝီရိယနဲ့ စောင့်ပါ့မယ်”

“အိုကေ . . ရော့ . . ရော့ မင်းတို့ သုံးစွဲဖို့ ယူထားကြ”

ဦးသိုက်ထွန်းက ငွေစက္ကူများကို သူတပည့်လေးဦးအား ခွဲဝေပေးလိုက်ပြီးနောက် အားလုံးပြန်သွားကြလေတော့သည်။

## အခန်း(၄)

“ဖြစ်မှဖြစ်ရလေ အစ်ကိုကြီးရယ်”

မျက်ရည်အရွဲသားနှင့် ဦးသိုက်ထွန်းသည် အစ်ကိုဖြစ်သူ ဦးသိုက်ကွန်းအလောင်းအား ကြည့်၍ငိုကြွေးနေလေသည်။

“ငိုနေလို့လည်း မထူးတော့ပါဘူး ဦးသိုက်ထွန်း . . ဒီကနေ့ကစပြီး သူဌေးမင်းရဲ့ ရှိတဲ့စည်းစိမ်တွေရယ် သမီးလေး သူဇာလွင်ရယ်ကို ခင်ဗျား စောင့်ရှောက်ပေတော့”

“ဟုတ်ကဲ့ပါ ရှေ့နေကြီးရယ် . . ဒါပေမယ့် အသက်အရွယ် ကောင်းတုန်း အခုလို အစ်ကိုကြီးဆုံးပါးသွားရတာကို ကျွန်တော် စိတ်မကောင်းလွန်းလို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



''တရားနဲ့ဖြေပေါ့ဗျာ . . သတ္တဝါတစ်ခု ကံတစ်ခုပေပဲ မဟုတ်လား''

''ဒါတော့ ဒါပေါ့ဗျာ''

ဦးသိုက်ထွန်း အမူအရာက အလွန်ပင်သရုပ်ဆောင်ကောင်းလွန်းလှချေသည်။

''ဖေဖေ . . ဖေဖေ . . ဟီးဟီး''

သူဇာလွင်မှာ ဖခင်အားဖက်ပြီး ငိုနေသည်။ ဦးသိုက်ထွန်းက သူ၏တူမလေးအား ထွေးပွေ့လိုက်ပြီး နှစ်သိမ့်နေလေသည်။

''သမီးလေး . . ဘာမှအားငယ်စရာ မရှိဘူးနော်၊ လေးလေး သမီးကိုဂရုစိုက်ပြီး စောင့်ရှောက်မယ် ဟုတ်လား နော်''

''အဟင့် . . အဟင့်''

သူဇာလွင် ခေါင်းညိတ်ပြီးဖြေလေသည်။ ထိုနေ့မှစတင်၍ ဤအိမ်ဂေဟာကြီးသို့ ဦးသိုက်ထွန်း ပြောင်းရွှေ့နေထိုင်လာသည်မှာ ယခုဆိုလျှင် သုံးနှစ်တာကာလ ရှိခဲ့လေပြီ။

သူဇာလွင်မှာလည်း အသက်နှစ်ဆယ်ပြည့်ကာ ရန်ကုန်တက္ကသိုလ်၌ ဒုတိယနှစ်ကျောင်းသူပင် ဖြစ်နေလေပြီ။

''ဦးသိုက်ထွန်း . . သူဇာလွင် အသက်နှစ်ဆယ်ပြည့်ပြီမို့ လွှဲစရာရှိတာတွေ လွှဲလိုက်ကြရအောင်လား''

ရှေ့နေကြီးဦးဘမောင်စကားကြောင့် ဦးသိုက်ထွန်း



အမောဆို့သွားရသည်။ အတန်ကြာ ငြိမ်နေပြီးမှ . . .

''သမီးလေးကို အသက်နှစ်ဆယ်ပြည့်ရင် လွှဲပေးရမယ်လို့ အစ်ကိုကြီးမှာခဲ့တာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သမီးလေးက ငယ်သေးတော့ ဘာမှ စဉ်းစားတတ်ဦးမှာ မဟုတ်ဘူးဗျာ၊ ဒီအတွက် ကျွန်တော် ရင်လေးနေမိတယ်''

''ဒီတော့ ခင်ဗျားက ဘယ်လိုလုပ်ချင်လို့လဲ ဦးသိုက်ထွန်း''

''ဒီလိုဆိုရင် ကောင်းမယ်ဗျာ . . ခုဆို သမီးလေးက ကျောင်းပညာတစ်ဖက်နဲ့ဆိုတော့တစ်ကြောင်း၊ နောက်ပြီး ငယ်သေးတာကြောင့်တစ်ကြောင်း၊ ဒီပစ္စည်းတွေကို မလွှဲသေးဘဲ သူ့အိမ်ထောင်ပြုမယ်ဆိုမှ လွှဲပေးတာကောင်းလိမ့်မယ်။ တော်ကြာ သမီးလေး စိတ်အနှောင့်အယှက်ဖြစ်ပြီး ကျောင်းစာတွေ လစ်ဟင်းမှာ ကျွန်တော် စိုးရိမ်တယ်''

''အင်း . . ဟုတ်တယ်''

ရှေ့နေကြီး ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောသည်။

ထိုစဉ် . . .

''လေးလေးနဲ့ အန်ကယ်ကြီး ဘာတွေဆွေးနွေးနေကြတာလဲ''

သူဇာလွင်က အခန်းထဲသို့ဝင်လာရင်း မေးလိုက်သဖြင့် ဦးသိုက်ထွန်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"သမီးရွေ့ရေးအတွက် လေးလေးတို့ တိုင်ပင်နေကြတာပါကွယ်"

"အော် . . ဘာတွေတိုင်ပင်နေတာလဲဆိုတာ သိပါရစေလားဟင်"

"အေး . . သိရပါတယ် သမီးရယ် . . ဒီလိုပါ"

ရှေ့နေကြီး ဦးဘမော်က သူတို့ကိစ္စများကို ပြောပြလေသည်။ သူဇာလွင် သေချာစွာနားထောင်နေပြီးနောက် စကားဆိုးသောအခါ၌ . . .

"ဟာ . . သမီးက လွတ်လွတ်လပ်လပ် နေပါရစေဦးရှင် ဒီပစ္စည်းတွေကို သမီး မထိန်းသိမ်းနိုင်သေးပါဘူး အန်ကယ်ရယ်"

သူဇာလွင့်စကားကြောင့် ဦးသိုက်ထွန်း ဝမ်းသာအားရစွာဖြင့် . . .

"ဟုတ်ပါတယ် သမီးရဲ့ . . ဒါကြောင့် သမီးကို လေးလေးတို့က သမီးအိမ်ထောင်ပြုမယ်ဆိုတော့မှ လွှဲပေးမလို့ပါကွယ်"

"အင်း . . အဲဒါပဲ ကောင်းပါတယ် လေးလေးရယ်"

ထိုအခါမှာပင် ဦးသိုက်ထွန်းနှင့် ဦးဘမော်တို့နှစ်ဦးသား သဘောတူညီစွာဖြင့် သူဇာလွင် အိမ်ထောင်မပြုမီကာလအတွင်း ဦးသိုက်ကွန်းပိုင် ပစ္စည်းများကို ဦးသိုက်ထွန်းမှ စောင့်ရှောက်ပေးရန် ကတိပြုလေသည်။



"ကဲ . . သမီး ကျောင်းသွားစရာ ရှိသေးလို့ ခွင့်ပြုပါဦးရှင်"

"အော် . . အေးအေး"

"ကဲ . . ကျုပ်လည်း ပြန်မယ် . . ဦးသိုက်ထွန်း၊ လုပ်စရာအလုပ်လေးတွေ ရှိသေးတာမို့ ခွင့်ပြုပါဦးဗျာ"

"ကောင်းပါပြီ ရှေ့နေကြီး ကောင်းပါပြီ"

ရှေ့နေကြီး ဦးဘမောင်နှင့် သူဇာလွင်တို့ အသီးသီးထွက်သွားချိန်တွင်မှ ဦးသိုက်ထွန်းသည် ဆိုဖာနောက်မှီပေါ်သို့ သူ၏ကိုယ်ကိုမှီလှဲချလိုက်ပြီး . . .

"ဟူး . . တော်ပါသေးရဲ့ နို့မို့ဆိုရင် ဒီပစ္စည်းတွေကို လက်လွှတ်ဆုံးရှုံးဖို့ သီသီလေးပါလား"

အမောဖြေရင်း တွေးနေမိလေသည်။

ဒီတစ်ခါလည်း ဦးသိုက်ထွန်း ကံကောင်းသွားပြန်လေပြီ။

❋

"ဘာကွ . . သေချာတယ်နော်"

"သေချာပါတယ် ဆရာကြီး . . ကောင်လေးက မန္တလေးတပါ၊ ရန်ကုန်စက်မှုတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသားပါ ဆရာကြီး . . နာမည်က ဇော်ဝေတဲ့"

www.burmeseclassic.com



"ဇော်ဝေ . . ဟုတ်လား . . မောင်မိုး"

"ဟုတ်ပါတယ် ဆရာကြီး"

"တောက် . . ဒုက္ခပါပဲကွယ်"

ဦးသိုက်ထွန်း စိတ်ပျက်သွားရသည်။ သူ့ဇာလွှင် မန္တလေးက ကျောင်းလာတက်သော ဇော်ဂဝနှင့် ချစ်သူဖြစ်နေကြပြီတဲ့"

"မောင်မိုး"

"ဗျာ . . ဆရာကြီး"

"သူတို့ဘယ်တော့ ယူကြမလဲကွ"

"အဲဒါတော့ မသိဘူး ဆရာ၊ ကျောင်းပြီးလောက်မှ ဖြစ်မယ်ထင်တယ်"

"အေး . . ဘာပဲဖြစ်ဖြစ် သေချာအောင် ထပ်စောင့်ကြည့်လိုက်ဦး"

"ဟုတ်ကဲ့ ဆရာကြီး"

ဦးသိုက်ထွန်း သူ့ဓါတပည့်များအား သေချာစွာမှာကြားနေသည်။

"ဟူး . . ဒီတစ်ခါတော့ တကယ့်မလွယ်ကြောပဲလေ"

ဦးသိုက်ထွန်း စိတ်အကြီးအကျယ် ညစ်နေလေပြီ။

"ကဲ . . ကောင်းပြီ၊ မင်းတို့လုပ်စရာရှိတာ ဆက်လုပ်



ထူးခြားရင် ငါ့ဆီချက်ချင်း အကြောင်းကြား ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာကြီး"

အားလုံး အခန်းတွင်းမှ ထွက်ခွာသွားကြလေသည်။ ဦးသိုက်ထွန်း စီးကရက်မီးညှိပြီး ဖွာရှိုက်လိုက်လေသည်။ ပြီးနောက် မီးခိုးများကို မှုတ်ထုတ်လိုက်လေသည်။

သူသည် အတန်ကြာစဉ်းစားနေပြီးမှ ထိုင်ရာမှထလိုက်ပြီး ရေခဲသေတ္တာဆီသို့ လျှောက်သွားလေသည်။ ပြီးမှ အရက်ပုလင်းကိုဖွင့်ကာ ခွက်ထဲငှဲ့ထည့်လိုက်ကာ တစ်ကျိုက်မော့ချလိုက်သည်။ ထိုစဉ်မှာပင် . . .

"လေးလေး . . နေမကောင်းဘူးလား"

"ဟာ . . သမီးလေး ကျောင်းကပြန်လာပြီလား၊ လေးလေး နည်းနည်းနေမကောင်းချင်ဘူးကွယ်"

"သမီး ဆရာဝန်ပုန်းဆက်ပေးရမလား"

"အို . . နေပါစေကွယ်၊ ခဏနေရင် သက်သာသွားမှာပါကွယ်"

"ကြည့်လည်းလုပ်ပါဦး . . လေးလေးရယ် . . တော်ကြာ လေးလေး တစ်ခုခုဖြစ်သွားရင် သမီးဒုက္ခရောက်မှာ"

"အေးပါကွယ် . . သမီးလေးသာ သွားနားပါကွယ်၊ ဘာမှစိတ်မပူနဲ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူဇာလွင် ထွက်သွားမှ ဦးသိုက်ထွန်းမှာ သူ့အပေါ် နားလည်တတ်ရှာသည့် တူမလေးအပေါ် သနားသလိုလို ဖြစ်နေလေသည်။ ပြီးမှ သူ၏ဆိုးယုတ်သောစိတ်က ကြီးစိုးလာပြီးနောက် အံကိုတင်းတင်းကြိတ်လိုက်ပြီး . . .

"ဒီပစ္စည်းတွေဟာ ငါ့အတွက် ဖြစ်စေရမယ်"

စိတ်တွင်းမှ ကြုံးဝါးလိုက်လေတော့သည်။

✻

"လေးလေး သမီးတစ်ခု ပြောစရာရှိလို့"

သူ့နံဘေးခုံ၌ ဝင်ထိုင်လိုက်ရင်းမှ ပြောလာသော တူမလေး သူဇာလွင်၏စကားကြောင့် ဦးသိုက်ထွန်း အံ့အားသင့်စွာကြည့်လိုက်ပြီး . . .

"ဘာပြောမလို့လဲ သမီးရဲ့ . . ပြောစရာရှိတာ ပြောလေ"

"ဒီလိုပါ သမီးလေ . . အိမ်ထောင်ပြုတော့မလို့"

"ဘယ်သူနဲ့များပါလိမ့်ကွယ် . . လေးလေးကို ပြောစမ်းပါဦးကွယ့်"

"ကိုဇော်ဝေနဲ့ပါ လေးလေး . . မန္တလေးက အထည်ကုန်သည်ရဲ့သားပါ လေးလေး၊ အာရ်အိုင်တီက အင်ဂျင်နီယာဘွဲ့ရပြီး မန္တလေးဆည်မြောင်းဌာနမှာ လက်ထောက်အင်ဂျင်နီယာ လုပ်နေ



ပါတယ်"

"မျိုးရိုးကတော့ ကောင်းပါတယ်နော် . . သမီး"

"သမီး စုံစမ်းပြီးပါပြီ . . လေးလေး၊ အကျင့်စာရိတ္တတော . . မိဘမျိုးရိုးပါ ကောင်းပါတယ် လေးလေး"

"အေးလေကွယ် . . ဒါဆိုလည်း ပြောစရာ မရှိပါဘူး သမီးရယ်၊ သမီးလည်း ဘွဲ့ရပြီးပြီဆိုတော့ အိမ်ထောင်ပြုချိန်တန်ပါပြီလေ"

"သမီးမှာ ဖေဖေနဲ့ မေမေ မရှိလေတော့ လေးလေးကိုဲ အသိပေးရတာပေါ့ လေးလေး"

"ဒါပေါ့ကွယ် . . လေးလေး သဘောတူပါတယ်ကွယ်"

"သမီးတို့အတွက် လက်ထပ်ဖို့ရက်ကို လေးလေးပဲ ရွေးပေးပါနော် . . နောက်ပြီး လေးလေးသင့်သလိုစီစဉ်ပါ လေးလေး"

"ကောင်းပြီလေ . . လေးလေး စီစဉ်ပေးပါ့မယ်"

သို့နှင့် ဦးသိုက်ထွန်း အစီအစဉ်ဆွဲရပေတော့မည်။

"သမီး အမျိုးသားလောင်းကို မန္တလေးကနေ စောစောထွက်လာဖို့ ပြောလိုက်ပေါ့ကွယ်"

"ဒါဆို သမီး သူ့ကိုအကြောင်းကြားလိုက်ပါ့မယ်"

"အေး . . ဒီရောက်ရင် လေးလေးနဲ့ သူနဲ့ စီစဉ်စရာရှိတာ စီစဉ်ရတာပေါ့ကွယ် . . ဒါနဲ့ မောင်ဇော်ဝေဆိုတာ ဟိုတစ်ခါလာနိုင်က

www.burmeseclassic.com

www.burmeseclassic.com



အိမ်လာလည်သွားဖူးတဲ့ သူငယ်လေးများလားကွယ့်"

"ဟုတ်ပါတယ် လေးလေး . . သူပါပဲ၊ လေးလေး မှတ်မိတယ် မဟုတ်လား"

"ကောင်းကောင်း မှတ်မိတာပေါ့ကွယ်"

"အဲ့ဒါဆို ပိုကောင်းကောင်းတာပေါ့ လေးလေးရယ်"

"ကဲ . . ကဲ သမီးလေး ကိစ္စအဆင်ပြေအောင် လေးလေးပဲ ဦးစီးပြီးစီစဉ်ပေးပါ့မယ် စိတ်ချနေပါကွယ်"

"သမီး ကိုဇော့်ဆီ ဖုန်းဆက်အကြောင်းကြားလိုက်ပါ့မယ်"

"အေးကွယ် . . အေးအေး"

သူဇာလွင် ထွက်သွားမှ ဦးသိုက်ထွန်း မချိပြုံးပြုံးလိုက်ပြီး

"သိုက်ထွန်း အစွမ်းပြရသေးတာပေါ့ကွယ် . . လေးနှစ်နီးနီးစောင့်ခဲ့ရတဲ့အချိန် ရောက်လာပြီမို့ သိကြရောပေါ့ကွယ်"

ဦးသိုက်ထွန်း ကြုံးဝါးရင်းမှ ရေခဲသေတ္တာဆီလှမ်းလိုက်ပြီးနောက် အရက်ပုလင်းကို ကောက်၍မော့ချလိုက်လေတော့သည်။

"အင်း . . သမီးလေးရယ်၊ သမီးအတွက်ထက် လေးလေးကိုယ်ကျိုးကိုကြည့်တယ်လို့ပဲ ဆိုချင်ဆိုပါတော့ လေးလေးကို ခွင့်လွှတ်ပါကွယ် . . သမီးကို ချစ်ပေမယ့် မတတ်နိုင်တော့လို့ပါကွယ်"

## အခန်း (၃)

"ဆရာကြီး ခေါ်တယ်ဆိုလို့"

"အေး . . ဟုတ်တယ်ကွ၊ အခြေအနေအရ လှုပ်ရှားရတော့မယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာကြီး"

"ဒီလိုကွ . . သူဇာလွင်ဟာ ဒီတစ်လအတွင်းမှာ လက်[illegible]ပွဲလုပ်ဖို့ စီစဉ်ထားခဲ့တယ်၊ ဒီတော့ ဒီလက်ထပ်ပွဲပျက်အောင် ကြံစည်ထားတာ ရှိတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အဲဒီအကြံအစည်ကို အကောင်အထည်ဖော်နိုင်မှ ဒီပွဲ

www.burmeseclassic.com

www.burmeseclassic.com



တွေကို ငါပိုင်ဆိုင်ရမှာဆိုတော့ မင်းတို့အနေနဲ့ အတော့်နိုင်ဆုံး လှုပ်ရှားမှုဖြစ်မှာကွ"

"ကျွန်တော်တို့လေးယောက် ပေါင်းလိုက်ရင် မဖြစ်ဘူးဆိုတာ မရှိပါဘူး ဆရာကြီးရာ"

"အပြောချည်းပဲလား . . မောင်မိုးရဲ့"

"လက်တွေ့ပြမှာပါ ဆရာကြီး"

"အေး . . ယုံပါတယ်ကွာ၊ ဒီတစ်ခါတော့ အပိုင်ချည်ရမှာနော် . . ပေါ့ပေါ့တန်တန် မလုပ်နဲ့"

"ဒါတော့ စိတ်ချဆရာကြီး . . ကျွန်တော်တို့ အပြတ်လှုပ်ရှားမယ်"

"တော့ကောင် မောင်ရဲ မင်းမူးနေပြန်ပြီလား"

"ဟာ . . ပိုက်ဆံမရှိလို့ မသောက်နိုင်တာကြာပြီ ဆရာရယ် . . ကျွန်တော့်မှာ တံတွေးမျိုပြီး မနည်းကြီးအောင့်အည်းထားရတယ် ဆရာရယ်"

"အေးကောင်းတယ် . . မင်းက အရက်ကို ဝတယ်ရယ်လို့မှ မရှိဘဲကွာ၊ တစ်လုံးလည်း မလောက်၊ နှစ်လုံးလည်း မဖြုံတဲ့ကောင်ပဲကွ . . မောင်မိုးကိုကြည့်စမ်း . . အရက်ဖြတ်လိုက်လို့ အသားအရည်စိုပြေပြီး ဝလာတာ တွေ့တယ်မဟုတ်လား၊ မင်းလည်း သူ့လိုဖြတ်လိုက်ပါလား"



"ဟုတ်ကဲ့ ဖြတ်ဖို့ကြိုးစားတာတော့ အကြိမ်ကြိမ်ပါပဲ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လို့လဲကွ"

"အတီး . . မိန်းမနဲ့စိတ်ဆိုးတိုင်း ပြန်သောက်မိတယ် ဆရာရဲ့"

"အေး . . အဲဒါ မင်းစိတ် မင်းမနိုင်လို့ကွ၊ မောင်မိုးဆိုရင် အရက်မသောက်လို့ ပိုလာတဲ့ငွေနဲ့ စီတီဇင်ကွပ်စ်နာရီနဲ့ ပလေကပ်ဆိုးနဲ့ ဖါတိတ်အကျႌနဲ့ လူပျိုရှုံးအောင် ဝတ်နေတာ မင်းအမြင်ပဲ"

"အာ . . ဆရာကလည်း ဒီလူက ကြောင်နေတာ ဆရာရဲ့"

"ဘာပဲဖြစ်ဖြစ်လေကွာ . . သူ့ဘာသာသူ ကြောင်ရှုံမကသို့ ဘာဖြစ်နေနေ မင်းအတုယူသင့်တာကို ပြောတာပါ"

"အတီး"

မောင်ရဲတစ်ချက် ရယ်လိုက်ပြီး မောင်မိုးအား အကဲခတ်လိုက်သည်။ မောင်မိုးမျက်နှာမှာ ဦးသိုက်ထွန်း၏ချီးမွမ်းစကားကြောင့် ပါးစပ်ကြီး နားရွက်နှစ်ဖက်သို့ တက်ချိတ်မတတ် ပြုံးဖြီးဖြီးနှင့် . . .

"ဝင်းမြင့်ကော . . တရားယောင်ယောင် အင်းယောင်ယောင် ဆေးယောင်ယောင် လုပ်တုန်းပဲလား"

www.burmeseclassic.com



"မလုပ်တော့ပါဘူး ဆရာကြီး"

"ဘာဖြစ်လို့လဲ စိတ်ကုန်သွားလို့လား"

"မဟုတ်ပါဘူး . . မိန်းမ ကြောက်လို့ပါ အဘိုး"

"ကောင်းကွာ . . မင်းမိန်းမက အိမ်မှာ အတော်ဩဇာ ရှိပုံရတယ်"

"အဟင်း . . ဟုတ်ကဲ့"

"ဟိုကောင်စိုးပိုင်ရော . . မင်းကတော့ အသောက်အစား အပျော်အပါးကင်းတဲ့ကောင်မို့ ပြောလိုတော့ပါဘူးကွာ"

"ငါသိပါတယ်ကွာ . . အလုပ်ကိစ္စဆက်ပြောကြမယ် နားထောင်ကြ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ဒီလိုကွ . . ကောင်မလေးလက်ထပ်မဲ့ အင်ဂျင်နီယာ ဇော်ဝေဟာ မန္တလေးက ရထားစီးပြီး လာလိမ့်မယ်၊ ရန်ကုန်ရှာ လိုအပ်တာတွေလုပ်ဖို့ ငါခေါ်လိုက်တာပဲ၊ အဲဒီတော့ မင်းတို့က သူ့ ကိုလမ်းခုလတ်ကဖြတ်ပြီး လုပ်ကြံရမယ်ကွ . . ကြားတယ် မဟုတ် လား"

"ကြားပါတယ် ဆရာကြီး"

"အေး . . ဒီတော့ ဒီကောင့်ကို မင်းတို့ တောင်ငူဘူတာ ကြီးကနေ စောင့်ပြီးလုပ်ကြံပေါ့ကွာ၊ ဒီကောင့်ဓာတ်ပုံက ဒီမှာရော့



အဲဒီပုံထဲကလူကိုရှာပြီး လုပ်စရာရှိတာ ဆက်လုပ်"

"ဟုတ်ကဲ့ပါ ဆရာကြီး . . အဆင်ပြေရပါစေ့မယ်"

"အိုကေ . . ရော့ . . ရော့ ငွေတွေဝေယူကြ၊ ဟိုအရင် တုန်းကလို သူဌေးထွက်ကောင်လည်း တံတွေးမျိုစရာ မလိုတော့ဘူး . . မော နင်းပက်မကလို့ အီးဗီးနင်းပဲကပ်ပဲဖြစ်ဖြစ် သောက်တာသောက် . . အဲ အလုပ်တော့ မထိခိုက်စေနဲ့ ထိခိုက်ရင်တော့ အသေပဲဆိုတာ မှတ်ထားနော်"

"ဟုတ် . . ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ . . အားလုံး လုပ်စရာရှိတာ အချိန်မီလုပ်ဖို့ မြင်ကြ ကြားလား . . ကဲ သွားကြ . . သွားကြ"

အားလုံး အခန်းထဲမှ အသီးသီးထွက်ခွာသွားကြသည် ကိုကြည့်၍ ဦးသိုက်ထွန်း ခေါင်းတညိတ်ညိတ်နှင့် ကျန်ရစ်ခဲ့လေ သည်။

* * *

လေးယောက်သား ဦးသိုက်ထွန်းထံမှ ထွက်လာခဲ့ပြီး နောက် မောင်ရဲက . . .

"မောင်မိုး ငါ့ဝေစုပေး"

"မင်းက ဘယ်သွားမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိသားနဲ့ကွာ . . အရက်ဆိုင်ပေါ့၊ ဒီအချိန်ဆို ဟိုလူနှစ်ယောက် ရှိနေမှာကွ"

"ဘယ်လူနှစ်ယောက်လဲကွ . . ဟိုတစ်ခါက မင်းနဲ့တွဲနေတဲ့ စိုးမြင့်နဲ့ ခင်စိုးဆိုတဲ့ နှစ်ကောင်လား"

"အင်း . . ဟုတ်တယ် ဘာဖြစ်လို့လဲ"

"အေး . . မင်းအပေါင်းအသင်းနှစ်ယောက်လုံး မယကတွေချည်းပဲ၊ ခင်စိုးဆိုတဲ့ကောင်ဆို အိမ်မှာ ထမင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်းအလုပ်ပဲ လုပ်ရတဲ့ကောင်ကွ"

"အင်း . . အဲဒါ ငါသိသားပဲကွ"

"မင်းဆင်ခြင်ဖို့ ပြောတာကွ . . ဒီကောင်တွေ မိန်းမကြောက်လို့ စိတ်ညစ်တိုင်း အရက်သောက်ကြလို့ မင်းပါရောယောင်ပြီး မသောက်ပါနဲ့ကွာ၊ အရက်ဆိုတာ မကောင်းမှန်းသိလို့ ငါတောင် ဖြတ်လိုက်တာ မင်းအသိပဲလေ"

"အမယ် . . မင်းက အရက်ဖြတ်ပြီး ဖဲရိုက်နေတာများ"

"ဖဲရိုက်တာ အပျင်းပြေ ဟောလီးဝုဒ်ဆွဲတာပါကွာ တစ်ကျပ် ငါးမတ်ကြေးလောက်ပါကွ"

"ဘာပဲဖြစ်ဖြစ်ကွာ . . ငါ့ဝေစုပေးကွာ"

"အေးပါကွာ . . ရော့ရော့ ဝင်းမြင့်နဲ့စိုးပိုင်ကော လာယူ



ကြ"

မောင်မိုးက ဝေစုအသီးသီး ခွဲပေးပြီးနောက် . . .

"မနက်ဖြန် တို့တွေ တောင်ငူသွားကြရမှာနော် . . အဆင်သင့်ပြင်ထားကြ"

"အေးပါကွာ . . မနက်ဖြန် မောင်မိုးအိမ်မှာ စုကြတာပေါ့"

"ကောင်းပြီ . . ဘယ်အချိန်သွားကြမလဲကွ"

"မနက်ရှစ်နာရီလောက် လာပြီးသွားကြတာပေါ့"

"အိုကေ . . မနက်ဖြန်ကြမှ တွေ့မယ်"

အားလုံး အလျိုလျို ထွက်သွားကြလေသည်။

သူတို့အတွက် ဦးသိုက်ထွန်းသည် အရေးကြီးသည် မဟုတ်လား၊ ဦးသိုက်ထွန်းကြောင့် အားလုံးအဆင်ပြေနေကြသည်မို့ ဦးသိုက်ထွန်းအလုပ်ကိစ္စကို အဆင်ပြေအောင်လုပ်ကြရပေမည်။

သို့မှသာ အားလုံးအတွက်လည်း အဆင်ပြေမည်မို့ အလုပ်ကိစ္စကို ပေါ့ပေါ့ဆဆ မလုပ်ရဲကြချေ။ ဆောင်းရာသီ၏ညနေခင်းအချိန်က စည်ကားနေလေသည်။

အနောက်ဘက်ဆီသို့ ငုပ်လျှိုးစ နေမင်း၏အလင်းရောင်အောက်တွင် ဥဒဟိုပြေးလွှားနေကြသောကားများ၊ လူများနှင့် ရှုပ်ထွေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်တန်းပြန်ငှက်ကလေးတို့လည်း အုပ်စုလိုက် ကောင်းကင်ထက်ဝယ် ပျံနေကြလေသည်။

မကြာမီ နေဝင်၍ အမှောင်ရိပ်သန်းစ ပြုပေတော့မည်၊ ဆောင်းရာသီ၏အအေးဒဏ်ကို စတင်ခံစားရပေတော့မည်။ မနက်ဖြန်ကို စောင့်မျှော်၍ လုပ်ငန်းခွင်ဝင်ကြရတော့မည် လေးဦးသားမှာ စိတ်လှုပ်ရှားမှု အလျဉ်းမရှိဘဲ ဆိုင်ရာဆိုင်ရာသို့ ကိုယ်စီထွက်သွားကြလေပြီ။

ဦးသိုက်ထွန်း၏ အကြံအစည်ကား အောင်မြင်မည်လော၊
သို့မဟုတ် မအောင်မြင်ဘဲ လွဲမှားခဲ့မည်လော . . .။
မည်သို့မျှ မတွေးတတ်ပါပေ။

*

"တောက် ညံ့ပါ့ကွာ၊ အပြောတစ်မျိုး အလုပ်တစ်မျိုး ကောင်တွေ"

ဦးသိုက်ထွန်း ဒေါ်ပွနေလေပြီ၊ အဘယ့်ကြောင့်နည်း။

အကြောင်းရှိပေသည်။ သူလုပ်ကြံခိုင်းလိုက်သော အင်ဂျင်နီယာဇော်ဝေမှာ ယခုမှု အသက်မသေဘဲ သူ့အိမ်ပေါ်ထိပင် ရောက်ရှိလာခဲ့ပြီပဲ။ ဦးသိုက်ထွန်းမှာ သူ့တပည့်များအပေါ် အလွန်စိတ်ဆိုးနေမိလေသည်။



"တောက် . . အသုံးမကျလိုက်တဲ့ကောင်တွေ . . သိကြသေးတာပေါ့ကွာ"

ဦးသိုက်ထွန်းတစ်ယောက်တည်း အခန်းထဲ၌တွေးရင်း ဒေါ်ပွနေလေသည်။ စီးကရက်များစွာကား စားပွဲပေါ်ဖြန့်ကျဲလျက်ရှိပြီး အရက်ဗူလင်းက ထက်ဝက်ကျိုးနေလေပြီ။ ဦးသိုက်ထွန်း အရက်ခိုးဝေနေသော မျက်လုံးများနှင့် ကတိစာချုပ်ကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

"လေးလေး . . ဘာတွေ အလုပ်ရှုပ်နေတာလဲဟင်"

ဦးသိုက်ထွန်း အငိုက်မိသွားသဖြင့် . . .

"လေးလေး . . သမီးတို့လက်ထပ်ပွဲပြီးရင် လွှဲပေးရမယ့် ပစ္စည်းတွေကို သေချာစစ်ဆေးနေတာပါကွယ်"

"အော် . . လေးလေးကလည်း အေးအေးဆေးဆေး လုပ်လည်း ရပါတယ်"

"အို . . မဟုတ်တာကွယ်၊ လုပ်စရာရှိတာ မြန်မြန်လုပ်တော့ ပိုပြီးအဆင်ပြေတာပေါ့ကွယ်"

"ကဲ . . လေးလေး သမီးတို့ လှည်းတန်းဘက်သွားမလို့လာပြောတာ"

"အေး . . သွားလေ၊ လေးလေးလည်း အလုပ်လေးတွေ မြန်မြန်ပြီးစီးအောင် လုပ်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"သွားပြီနော် . . လေးလေး"

သူဇာလွင် ထွက်သွားပြီးနောက် ဦးသိုက်ထွန်း ဆက်လက်စဉ်းစားနေသည်။

"အင်း . . ခုတစ်လော ဟိုကောင်တွေလည်း ပျောက်နေတယ် . . ဟင်း . . တွေ့မှ ငါ့အကြောင်းသိရမှာပေါ့ကွာ"

"အန်ကယ်ထွန်း . . ဧည့်သည်တွေ ရောက်နေပါတယ်"

အိမ်ဖော်မလေး မတူး၏စကားကြောင့် . . .

"ဟေ . . ဟုတ်လား . . ဘယ်မှာလဲကွ"

"အိမ်ရှေ့မှာပါ အန်ကယ်ထွန်း"

"အေး . . ဒီကိုလွှတ်လိုက်ပါကွယ်"

မကြာမီပင် မောင်မိုးတို့လူစု အခန်းထဲဝင်ရောက်လာကြသည်။

"အော် . . လာကြပါ၊ လာကြပါ . . မင်းတို့ကို ကောင်းကောင်းဆုချရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး . . ကျွန်တော်တို့ ဆရာကြီးအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ပြီးပါပြီ"

"ဘာ . . အကောင်းဆုံးဖြစ်အောင် ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး . . ခုလောက်ဆို ဇော်ဝေဆိုတဲ့ကောင် အဝီစိလား . . နတ်ပြည်လား ခရီးထွက်သွားပါပြီ



ဆရာကြီးရဲ့"

"အေး . . အခုတော့ အဲဒီဇော်ဇေဆိုတဲ့ကောင်က ငါ့တူမနဲ့ အပြင်ထွက်သွားပြီကွ"

"ဗျာ"

"ဟင်"

"ဗျာ"

"ဘာမှ ဗျာမနေကြနဲ့၊ မင်းတို့ ငါ့ကိုသစ္စာဖောက်ကြတာပေါ့လေ"

"မဟုတ်ပါ . . ပါ"

"ဖြန်း"

"ဖြန်း"

"ဖြန်း"

"ဖြန်း"

ဦးသိုက်ထွန်း၏လက်က ရဟတ်တစ်စင်းပမာ လှုပ်ရှားသွားပြီးနောက် သူတပည့်အားလုံး၏ပါးပေါ်သို့ အဆက်မပြတ် ကျရောက်သွားလေတော့သည်။

"အေး , . အဲဒါ ပထမပွဲဦးထွက် ဆုလာဒ်ပဲ၊ မှတ်ထား မင်းတို့ကောင်တွေ ဘာမှ သောက်သုံးမကျဘူး . . အခုတော့ ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . ဆရာကြီး၊ ကျွန်တော်တို့ ကညွတ်ကွင်းဘူတာအလွန်မှာပဲ တွန်းချခဲ့ကြတာပါ"

"ဟော . . ဒါဖြင့် ဒီကောင် သူ့ရဲလာခြောက်နေတာလို့ မင်းတို့ထင်နေလို့လား"

"တစ်ကယ်ပါ ဆရာကြီး၊ ကျွန်တော်တို့ အပြတ်ရှင်းခဲ့တာပါ"

"ဒါဆို အခု ဒီကောင်က အသက်ပြန်ဝင်ပြီး ရှင်လာတာလား"

"မတွေးတတ်အောင်ပါပဲ ဆရာရယ်"

"မတွေးတတ်တော့ဘူး . . ဟုတ်လား၊ ငါက ဘယ်လိုလုပ်ရမှာလဲကွ . . တောက် . . ပြောတော့ စိတ်ချပါ စိတ်ချပါနဲ့ လုပ်လိုက်ရင်တော့ အပြစ်မရှိဘူး"

မောင်မိုးတို့အားလုံး မျက်နှာငယ်လေးများနှင့် ဝင်လာစဉ်က ဝင့်ကြွားသော မျက်နှာအမူအရာမှာ ချက်ချင်းပင်ကွယ်ပျောက်သွားလေပြီတည်း။

"သွားကြကွာ . . သွားကြ . . အလကားကောင်တွေ"

ဦးသိုက်ထွန်း ဒေါသကိုသိသော လူလေးယောက်မှာ အခန်းထဲမှ အလျှိုလျှိုထွက်သွားကြလေတော့သည်။

ဦးသိုက်ထွန်း ဒေါသတို့ မပြေပျောက်သေး။

## အခန်း (၆)

ဝေလီဝေလင်း နံနက်ခင်း . . .

ငှက်လေးများ၏တေးသီကျူးသံနှင့်အတူ နေမင်းကြီး၏ အလင်းရောင်ကား ပေါ်ထွက်လာချေပြီ။ စိမ်းလန်းသော စပါးပင်တို့က ရွှေဝါရောင်အသီးတွေနှင့် ကမ္ဘာမြေကို အလှဆင်ထားကြလေသည်။

နှင်းသော်က်ထားသော စပါးပင်များ၏အပေါ်ဝယ် ငွေရည်နှင်းစက်တို့က ရွှဲရွှဲစိုနေလေပြီ။

"အား . . ကျွတ် . . ကျွတ်"

"အာ . . အီး . . အား . . အား . . ကျွတ် . . ကျွတ်

www.burmeseclassic.com

www.burmeseclassic.com



နာလိုက်တာ"

နာကျင်မှုဝေဒနာကြောင့် ညည်းတွားရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိသည်။ ရထားလမ်းဘေးရှိ စပါးခင်းထဲသို့ သူ ရောက်နေလေသည်ပင်။ တစ်ကိုယ်လုံးလည်း မလှုပ်မရှားနိုင်အောင် နာကျင်လှချေသည်။

ပွန်းပဲ့ထားသော ဒဏ်ရာများက နှင်းစက်တို့စိုနေသဖြင့် စပ်ဖျင်းဖျင်းဝေဒနာကို ခံစားနေရလေသည်။ မျက်နှာတစ်ခုလုံး ဖူးယောင်နေပြီး အကျီပေါ်ဝယ် သွေးတို့အလိမ်းလိမ်းကပ်နေလေ တော့သည်။

"အား . . နာလိုက်တာ"

"ရေ . . ရေဆာတယ်"

သို့သော်လည်း မည်သူမျှကြားမည် မထင်ပါ။ သူ၏အသံ မှာ လည်းချောင်းဝမှာ တစ်ဆို့နေကာ အပြင်သို့ထွက်မလာချေ။

"ကျလိ . . ကျလိ"

"ဗို့ . . ဗို့"

ငှက်ကလေးများ၏အသံများသာ ကြားနေရသည်။ လူသံ ဟူ၍ မကြားရ။ လယ်ကွင်းပြင်ပေါ် ဖြတ်သန်းတိုက်ခတ်လာသော လေကြောင့် ချမ်းအေးသောဒဏ်ကို ခံနေရပြီး တစ်ကိုယ်လုံး မခံ နိုင်အောင် နာကျင်မှုက ပြင်းပြလာလေသည်။



"အား . . ရေ . . ရေ . . ရေပေးပါ"

အသံမထွက်သော်လည်း ဆာလောင်မှုကြောင့် အားယူ၍ ပြောနေမိလေသည်။

"ဘော် . . ဟူ . . ဘော်"

အဝေးမှရထားဥသြသံကို ကြားရပြီး မကြာမီမှာဗင် ရထား တစ်စီး ဖြတ်ကျော်သွားသည် လဲကျနေရင်းမှ မြင်လိုက်သည်။

"ဝေါ . . ဝရော . . ဝေါ"

သူလှုပ်ရှားကြည့်သည် မရ။ အတွေးတစ်ခုကို တွေးကြည့် မိသော်လည်း ခေါင်းတစ်ခုလုံး ကိုက်ခဲနာကျင်နေ၍ ဘာမှတွေး မရ။

"ဗုတ် . . ဗုတ် . . ဗုတ်"

အဝေးဆီမှ ခွေးဟောင်သံကြောင့် ရွာတစ်ရွာပင် ဖြစ်လိမ့် မည်ဟု ထင်ပါသော်လည်း တစ်ကယ်တမ်းကျတော့ သူသွားနိုင် လိမ့်မည် မဟုတ်ပါချေ။ တွေးရင်းမှပင် အာခေါင်တို့ ပိုမိုခြောက် သွေ့လာလေပြီ။

နာကျင်မှုကလည်း အအေးဒဏ်ကြောင့် ဝေဒနာက ဆိုး ရွားပြင်းထန်လာချေပြီ။ အဘယ်ကြောင့် သူ ဤသို့ဖြစ်ရလေသ နည်း။

သူဘယ်က လာသနည်း။ ဘယ်ကိုသွားမည်နည်း။ နည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာနှင့် ချာချာလည်နေသော်လည်း ဘာတစ်ခုမှ ရေရေရာရာ မတွေးတတ်၊ တိတိကျကျ အဖြေမရ။ တွေးလေ အဖြေနှင့် ဝေးလေလေမို့ ဤအတိုင်းနေသည်က ပို၍ကောင်းပေလိမ့်ဦးမည်။

"ရှပ် . . ရှပ် . . ရှပ် . . ရှပ်"

မကြာမီမှာပင် လယ်တောတိုးလာသည့် အသံများကို ကြားရသဖြင့် သူအားတက်သွားရသည်။

"ဘုရား . . ကယ်တော်မူပါ ဘုရား"

စိတ်အာရုံ၌ ကယ်တင်ရှင်ဖြစ်ပါစေဟု ဆုတောင်းနေရလေသည်။

"ရှပ် . . ရှပ် . . ရှပ် . . ရှပ်"

နီးကပ်လာသော ခြေသံနှင့်အတူ စကားပြောသံသဲ့သဲ့ကို ကြားနေရလေပြီ။ ဟုတ်ပါပြီ . . လူနှစ်ယောက် စကားပြောလာသံပင်။ တစ်ဦးက အမျိုးသား အသက်ကြီးကြီးဖြစ်ရမည်။

ကျန်တစ်ဦးက အသက်ငယ်ငယ် အမျိုးသမီးတစ်ဦးပင် ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းမိသည်။ အသံများက ယခုထိ သူ့နားထဲတွင် ဗလုံးဗထွေးဖြစ်နေဆဲပင် ရှိသေးသည်။ လေကလည်း ပိုမိုတိုက်ခတ်လာပြန်သည်။ လေနှင့်အတူ လွင့်ပါလာသော နှင်းစက်များက သူ့ခန္ဓာကိုယ်အား တဖွဲဖွဲလာမှန်နေသည်။

"အင်း . . အင်း . . အီး"



"အား . . ရေဆာတယ် . . ရေပေးပါ . . ရေပေးကြပါ"

အားယူ၍ အသံကုန်ဟစ်အော် ပြောလိုက်မိသည်။ သူ့ကုသိုလ်ကံကြောင့်ပဲလား မပြောတတ်၊ လူရိပ်တစ်ခုက သူ့အနားရောက်လာသည်။

"ဟာ . . လူတစ်ယောက် ဒဏ်ရာတွေနဲ့ လဲကျနေပါလား"

"ဟုတ်ပါရဲ့ အဘ . . ဒဏ်ရာတွေကလည်း များလှချည်လား . . အို . . ကျွတ် ကျွတ်၊ သမီးတို့ သူ့ကိုရွာခေါ်သွားရအောင်လား . . အဘ"

"အေး . . အသက်တော့ ရှိသေးတယ်ထင်တယ်၊ သေချာကြည့်စမ်းပါ သမီးရယ်"

လုံမပျို သူ့ရင်ဘတ်နားသို့ အသာကပ်၍ စမ်းသပ်လိုက်ပြီး

"ဟုတ် . . အသက်ရှိသေးတယ်တော့"

"အေး . . ဒါဆိုလည်း ခေါ်သွားကြရအောင်၊ သမီး လာလာ ဝိုင်းပြီးတွဲကြပါဦး"

ဖခင်ဖြစ်သူစကားကြောင့် သမီးဖြစ်သူကလည်း ဝင်၍ ကူပေးလိုက်သည်။

"ကဲ . . အဘပဲ ထမ်းသွားမယ်၊ သမီး ထမင်းတောင်း ရွက်ပြီး နောက်ကလိုက်ခဲ့ပေါ့၊ ညနေကျမှပဲ အဘ လယ်ထဲတန်း ခေါက်ပြန်လာတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ အဘ”

လယ်သမား အဘိုးကြီးက သူ့အား ပခုံးပေါ်သို့ထမ်းတင်လိုက်ပြီး သွက်လက်သော ခြေလှမ်းကျဲကြီးများဖြင့် ထမ်းခေါ်သွားလေသည်။ သူ အဘိုးကြီးပခုံးပေါ်တွင် ညည်းတွားရင်း လိုက်ပါလာသည်။

“အား . . ကျွတ် . . ကျွတ်”

“အ . . အား . . အီး”

မကြာမီပင် ရွာစပ်သို့ရောက်ပြီဖြစ်ကြောင်း လူသံများကြား၍ ခန့်မှန်းမိလေသည်။

“ကဲ . . သမီး ဆေးဆရာကြီးဦးတုတ်ပေါ် သွားခေါ်ချည်ကွယ်”

“ကောင်းပြီ အဘ . . ကျွန်မ ဦးတုတ်ပေါ်ကြီးခေါ်ပြီး အိမ်လိုက်ခဲ့မယ်၊ အဘသာ အရင်သွားနှင့်နော်”

“အေးပါကွယ် . . အေးပါ”

“အင်း . . အ . . အား”

“ဟော . . ဟော . . သတိရလာပြီ”

“အေးဟုတ်တယ်”



“အား . . ကျွတ် ကျွတ်”

“ဖြေးဖြေးသက်သာ နေပါ မောင်ရင်”

“ဟုတ်ကဲ့ . . ဒါ ကျွန်တော် ဘယ်ရောက်နေတာလဲဟင်”

“အဘတို့အိမ်ကိုရောက်နေတာ၊ မောင်ရင် ဒဏ်ရာတွေနဲ့ လယ်ကွင်းအစပ်မှာ လဲကျနေတာမြင်လို့ အဘတို့ ခေါ်လာတာကွယ်”

“အော် . . ကျေးဇူးတင်ပါတယ် ခင်ဗျာ”

“မလိုပါဘူးကွယ် . . ဒုက္ခရောက်နေသူကို ကယ်တင်တာ ကောင်းပါတယ်”

“အော် ဒါနဲ့ မောင်ရင်က ဘယ်ကလဲကွဟေ”

ဆေးဆရာဖြစ်ဟန်တူသူ လူကြီးက မေးလိုက်သဖြင့်

“ကျွန်တော်လည်း စဉ်းစားလို့မရဘူး၊ ဘာမှ မသိဘူးဖြစ်နေတယ်”

“အေး . . မသိလည်း နေပါစေကွယ်၊ ခုတော့ သက်တောင့်သက်သာ နေပါကွယ်”

“ဟုတ်ကဲ့ အဘ”

ထိုစဉ်မှာပင် လုံမငယ်တစ်ဦး ရောက်ရှိလာပြီး . . .

‘အဘ ဆန်ပြုတ်ပူပူလေး အစ်ကို့ကို တိုက်လိုက်ပါဦး”

“အေး . . ပေးပေး လုံမ၊ ကဲ . . မောင်ရင် ဆန်ပြုတ်ပူ

www.burmeseclassic.com

www.burmeseclassic.com



တုန်း သောက်လိုက်ပြီး သက်သာအောင်နေပါကွယ်''

''ကျေးဇူးကြီးလှပါတယ် အဘရယ်''

''နေပါစေ မောင်ရင်ရယ် . . အဘတို့က ကူညီထိုက်လို့ ကူညီရတယ်လို့ပဲ အောက်မေ့ပါတယ်''

''အား . . ကျွတ် . . ကျွတ်''

''မထနဲ့လေ အစ်ကို . . ညီမ ဘာယူပေးရမလဲ''

''မဟုတ်ပါဘူး . . ကျောပူလို့ လှည့်မလို့ပါ''

''နေ . . နေ . . ညီမ ကူပါ့မယ်၊ အစ်ကို အသာနေပါ''

ညိုမဆိုသော လုံမပျိုက ကူညီ၍ သူ့အား တစ်ဖက်သို့ လှည့်ပေးလေသည်။

''မောင်ရင့်ဒဏ်ရာကိုတော့ တော်တော်လေး အချိန်ယူကု သရလိမ့်မယ်ကွယ့်''

''ဟုတ်ကဲ့ အဘ''

''ကဲ . . လူနာ နားနားနေနေပါစေလေ၊ ကျုပ်တို့လည်း အိမ်ရှေ့ထွက်ပြီး စကားပြောရအောင် ဦးဘုတ်ပေါ်''

''ကောင်းပြီ ကိုဗိုးလူလာ''

''ကဲ . . အစ်ကို ညိုမလည်း လုပ်စရာရှိလို့ သွားလိုက်ဦး မယ်နော်၊ လိုအပ်ရင် လှမ်းခေါ်လိုက်နော်''

''ရပါတယ် ညီမရယ် . . ညီမနာမည်က ညိုမနော်''



''မဟုတ်ပါဘူး အစ်ကို အဘတို့က ခေါ်တဲ့နာမည်ပါ၊ နာမည်ရင်းက မြကြာဖြူပါ အစ်ကို''

''အော် . . မြကြာဖြူတဲ့လား၊ နာမည်လေးက အလှသား ပဲ''

''အဟင်း . . အစ်ကိုကလည်း''

''မြကြာဖြူ'' ရှက်သွေးဖြန်းသော မျက်နှာနှင့် အခန်းထဲ မှ ထွက်ခွာသွားလေသည်။ သူ့ရင်ထဲတွင် တစ်ခုခုလစ်ဟာ သွား သလိုပင် ဖြစ်ရသည်။

တစ်ခဏမျှ သူမျက်စိမှိတ် အနားယူလိုက်စဥ်မှာပင . . .

''ဟင် . . အစ်ကို အိပ်နေတာလား''

''အော် . . မြကြာဖြူ''

''ဟုတ်တယ် အစ်ကို ညိုမ အစ်ကို့ကို ရေနွေးကျပ်ထုပ် ထိုးပေးမလို့''

''ဟာ . . အားနာစရာကွယ်၊ အစ်ကို့ကြောင့် ညီမတို့လည်း တော်တော်လေး အလုပ်ရှုပ်နေကြပြီနော်''

''မထုတ်တာ အစ်ကိုရယ် . . အစ်ကို့ကို ပြုစုရလို့ ညီမ တို့ တာဝန်ပိုတယ်လို့ မအောက်မေ့ပါဘူး''

''ဒါတော့ ဒါပေါ့ကွယ် . . ဒါပေမယ့် ဒီဒဏ်ရာတွေ မြန် မြန်သက်သာ စေချင်ပြီကွယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အစ်ကို"

"နာကျင်လွန်းလို့ ညီမ . . နောက်ပြီး ညီမတို့ ပင်ပန်းမှာစိုးလို့"

"အမယ်လေး . . ညီမတို့ကို စိတ်မကောင်းဖြစ်အောင် မပြောပါနဲ့ အစ်ကိုရယ်"

"ဟာ . . ဟုတ်ပါရဲ့ အစ်ကို စကားပြောမှားသွားတာ ခွင့်လွှတ်ပါ ညီမရယ်"

ဝိုမလိုဖြစ်နေသော မြကြာဖြူအား သူနှစ်သိမ့်လိုက်ရလေသည်။ ရိုးသားဖြူစင်သော တောနေလူထု၏ မေတ္တာတရားကို တွေ့သိမြင်ခဲ့ရပြီမို့ ဖော်ပြမတတ်အောင်ပင် ကျေးဇူးတင်နေမိသည်။

ထို့ပြင် စိတ်ထားကောင်းမွန်ခြင်းနှင့် ဖော်ရွေပျူငှာခြင်းကို သူ အလွန်လေးစား ဂုဏ်ယူမိရသည်။

"မြကြာဖြူ"တဲ့ နာမည်လေးက ရိုးစင်းစွာလှပနေသည်ပင်။

* * *

အခန်း(၇)

"အစ်ကို"

"တင် . . ဘာလဲ လွင်"

"အခု လက်ထပ်ပွဲအတွက် ခန်းဝင်ပစ္စည်းတွေ ဝယ်တာတော့ တော်တော်စုံပါပြီ"

"အင်းလေ . . ဘာဖြစ်လဲ"

"တစ်ခု လိုသေးတယ် အစ်ကိုရဲ့"

"ဘာများပါလိမ့် လွင်ရယ် . . ပြောစမ်းပါဦး"

"ဖိတ်စာရိုက်ဖို့အတွက် ထပ်စီစဉ်ရဦးမယ် . . နောက်ပြီး အစ်ကို့အတွက် ကားတစ်စီးလောက် ထပ်ဝယ်ရင် ကောင်းမလား

www.burmeseclassic.com



လို့"

"ဟာ . . နေပါစေကွာ၊ အစ်ကိုက အရေးမကြီးပါဘူး"

"မဟုတ်တာပဲ အစ်ကိုရယ် . . အစ်ကို အလုပ်ဆင်း အလုပ်ပြန် အဆင်ပြေအောင်လို့လေ"

"မန္တလေးအိမ်မှာ စက်ဘီးရှိတာပဲ လွင်ရဲ့"

"ဟာ . . စက်ဘီးကြီးက မနိုင်ပါဘူး၊ အစ်ကို ပင်ပန်းတာပေါ့"

"နေပါစေကွာ . . ဒီအတိုင်းလဲ ရပါတယ်"

"အို . . ဝယ်ရမယ် အစ်ကို၊ အစ်ကို ပင်ပန်းတာ မကြည့်ရက်ဘူး"

"ဘာဖြစ်လို့"

"မသိဘူး"

သူဇာလွင်က ချစ်စဖွယ်မျက်စောင်းလေးထိုးရင်း ပြန်ဖြေလေသည်။

"သိကိုသိရမယ် . . ( ) ပ"

"ဟင့်အင်း . . ဖြေချင်ပါဘူး"

"ဖြေကိုဖြေရမယ်"

"ဟင်း . . အစ်ကိုနော် . . မညစ်နဲ့"

"လွင်ပဲ အစ်ကို ပင်ပန်းမှာစိုးတယ်ဆို"



"အင်းလေ"

"အဲဒါကိုပဲ ဖြေခိုင်းနေတာ လွင်ရဲ့"

"အစ်ကိုကလည်းကွာ . . သိရက်သားနဲ့"

"တစ်ကယ်မသိလို့ပါ လွင်ရယ်"

"ကဲ . . နားထောင် ကို့ကို ချစ်လို့"

"တစ်ကယ်နော်"

"အင်း"

"ဒါဆို သိပ်ချစ်သွားပြီ"

"နောက်မှတော့ ပစ်မသွားရဘူးနော်"

"စိတ်ချ . . တစ်သက်တာအတွက် တာဝန်ယူပါတယ်"

"အခုတော့ ဟုတ်တာပေါ့ . . နောင်စိတ်ပြောင်းသွားရင်"

"အဲဒါဆိုရင် လွင်ကြိုက်သလို အပြစ်ပေး"

"အာမခံတယ်ပေါ့"

"အင်း"

"ပြီးရော . . လွင်က အစ်ကို့ကို တစ်ကယ်ချစ်တော့ မမုန်းရက်ဘူး"

"အစ်ကိုလည်း လွင့်လိုပါပဲကွာ"

"ကဲ . . လာ အစ်ကို ထမင်းစားကြရအောင်"

"ကောင်းပြီ . . အော် . . လေးလေးသိုက်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဦးလေ"

"ခေါ်မှာပါ အစ်ကိုရဲ့"

လွင်က ထမင်းစားပွဲပေါ်သို့ ဟင်းပန်းကန်များ ချလိုက်ပြီး အဆင်သင့်ဖြင့်ပြီးသောအခါတွင်မှ . . .

"လေးလေး ထမင်းစားရအောင်"

မကြာမီပင် ဦးသိုက်ထွန်း ထမင်းစားပွဲသို့ ထွက်လာလေသည်။

"လာ . . ဦးလေး ထမင်းစားရအောင်"

"အေးကွယ် . . ခုလို တပျော်တပါး စုစုဝေးဝေး စားရတော့ ပိုကောင်းတာပေါ့"

"ဟုတ်တယ် . . ဦးလေး"

"စားကြ . . ဒါက ငါးခြောက်ထောင်းကြော်၊ ဒါက ချဉ်ရည်ဟင်း . . ဒါက ဝက်သားစင်းကောကြော် . . ငါးပိရည်နဲ့ တို့စရာ"

"တော်ပါတော့ လွင်ရယ် . . မောနေပါဦးမယ်"

"အဟင်း . . ဟင်း . . အားရပါးရ စားပါကို ကိုဇော်၊ လေးလေး ထည့်စားနော်"

"အေးပါကွယ် . . လေးလေးက အိမ်ရှင်ပဲဟာ၊ ဒီက မောင်ဇော်ဝေကိုသာ သမီး ထည့်ပေးလိုက်ပါ"



"နေပါစေလွင် . . အစ်ကို့ဘာသာ ထည့်စားပါ့မယ်"

ဦးသိုက်ထွန်း ထမင်းစားပြီး လက်ဆေးနေလေသည်မို့

"ဟယ် . . လေးလေး အစားနည်းလှချည်လားဟင်"

"အေးကွယ့် . . ဗိုက်အဆာလွန်သွားတယ် ထင်တယ်"

"စားမကောင်းလို့လား လေးလေး"

"စားတော့ ကောင်းပါတယ် . . ဗိုက်က မဆာသလိုဖြစ်နေလို့" ပြောပြီး ဦးသိုက်ထွန်း ထွက်သွားလေတော့သည်။

*

"ဆရာ ခေါ်တယ်ဆိုလို့"

"အေး . . ထိုင်ကြစမ်းပါဦး"

တပည့်လေးဦးအား ဦးသိုက်ထွန်း အကဲခတ်လိုက်ပြီး . .

"မင်းတို့ အလုပ်လုပ်လိုက်တာ သေချာတယ်နော်"

"ဟာ . . သေချာပါတယ် ဆရာ၊ ကညွတ်ကွင်းဘူတာကျော်တော့ တွန်းချလိုက်တာပဲ၊ မျက်စိရှေ့မှာတင် ကျသွားတာပါ"

"ဒါဆို ဒီကောင်က ဘယ်သူလဲကွ"

"ဆရာပေးတဲ့ဓာတ်ပုံထဲကလူနဲ့ ရုပ်ချင်းကတော့ ချွတ်စွပ်တူတယ် ဆရာ"

"အေး . . စဉ်းစားစရာပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဆရာ .. ဒီကောင် ရုပ်ပြောင်းရုပ်လွဲ များ .."

"တော်ကွာ .. မဟုတ်ကဟုတ်က စကားတွေ ပြောမနေနဲ့"

ဦးသိုက်ထွန်းက မောင်မိုးအား လှမ်းအော်လိုက်သဖြင့် မောင်မိုးငြိမ်ကျသွားလေသည်။

"ဆရာကြီး"

"ပြော .. ဘာလဲ မောင်ရဲ"

"ဒီလိုပါ အခုရောက်နေတဲ့လူက ဇော်ဝေအစစ်မှ ဟုတ်ရဲ့လားလို့ပါ"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲကွ .. ဟုတ်လို့ပဲ လက်ထပ်တော့မယ်ကွ"

"အင်း .. ဒါဖြင့် ဟိုကောင်က အတုပဲဖြစ်မှာပဲ"

"ဟေ့ကောင် မင်းမူးနေပြန်ပြီလားကွ၊ ပေါက်ပေါက်ရှာရှာ စကားတွေ ပြောမနေနဲ့ အချိန်ကုန်တယ်ကွ"

"ဟုတ် .. ဟုတ်ကဲ့ပါ ဆရာ"

ဦးသိုက်ထွန်း သေချာစွာစဉ်းစားနေလေသည်။ သူ၏အတွေးထဲတွင် မရေမရာ ဝေဝေဝါဖြစ်နေရလေသည်။ အတန်ကြာ စဉ်းစားပြီးမှ . . .



"ဟေ့ .. မောင်မိုး"

"ဗျာ .. ဆရာကြီး"

"မင်းတို့ ကညွတ်ကွင်းနားက ဟိုကောင့်ကို တွန်းချလိုက်တဲ့နေရာကို မှတ်မိတယ် မဟုတ်လား"

"မှတ်မိပါတယ်"

"သေချာတယ်နော်"

"ဟုတ်ကဲ့ .. သေချာပါတယ် ဆရာ"

"ကောင်းပြီ .. အဲဒီနေရာကိုသွားပြီး အဲဒီရွာ့အခြေအနေကို စုံစမ်းကြ၊ သူဟာ ဘယ်သူဘယ်ဝါဆိုတာ သေချာပါစေနော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီတစ်ခါမှ မပီပြင်ရင်တော့ သေပြီသာမှတ်"

"စိတ်ချပါ ဆရာ"

"လာပြန်ပြီလား .. ဒီစိတ်ချပါဆိုတဲ့စကား"

ဦးသိုက်ထွန်းစကားကြောင့် မောင်မိုးတွန့်သွားရသည်။ အားလုံးငြိမ်သက်စွာ ရပ်နေသည်ကိုကြည့်ရင်း ဦးသိုက်ထွန်း ခေါင်းညိတ်လိုက်လေသည်။ ပြီးမှ . . .

"ရော့ .. လမ်းစရိတ်နဲ့ စားစရိတ် ယူသွား"

"ဟုတ်ကဲ့ ဆရာကြီး"

မောင်မိုး ဦးသိုက်ထွန်းထံမှ ငွေများကိုယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်တော့သွားရမလဲ ဆရာ”

“အခုပဲ သွားကြကွာ၊ ပြီးတာနဲ့ ချက်ချင်း ဝါ့ဆီကို အကြောင်းပြန်နော်”

“ဟုတ်ကဲ့”

အားလုံး အခန်းထဲမှ ထွက်လာကြလေသည်။ ဦးဆိုက် ထွန်း ခေါင်းကို ခါရမ်းလိုက်ပြီး . . .

“အင်း . . ဘာတွေဖြစ်ကုန်တာလဲ မသိဘူး၊ ဒုက္ခပါပဲ”

ညည်းညူမိလိုက်သည်။

မောင်မိုး၊ မောင်ရဲ၊ ဝင်းမြင့်နှင့် စိုးပိုင်တို့လေးယောက် သားအပြင်ဘက် ထွက်လာကြပြီးနောက် မောင်မိုးက . . .

“အခုပဲ ညနေစောင်းပြီ၊ သွားလို့ လွယ်ပါ့မလားကွ”

“မလွယ်လည်း သွားရမှာက သွားရမှာပဲကွ”

“အေးကွာ . . ဇင်းပြောသလိုပဲ မောင်ရဲရာ . . တို့တွေက ကံပဲမကောင်းတာလား . . ဆရာကြီးကပဲ တမင်အပြစ်ရှာတာလား တော့ မသိဘူးကွာ”

“အေးဗျာ . . ကျွန်တော်တို့ မျက်နှာမရ ခြေထောက်ရ ဖြစ်နေပြီ . . ကြည့်လည်း လုပ်ကြဦးဗျို့”

စကားနည်းသော မောင်ဝင်းမြင့်က ဝင်ပြောစဉ် မောင်စိုး ပိုင်ကလည်း . . .



“ဟုတ်တယ်နော် . . သူစဉ်းစားရဲရမှာပေါ့ဗျာ . . ‘လာ ရ ရာတားနဲ့ပဲ လစ်ကြတာပေါ့”

“ကောင်းပြီ သွားကြစို့”

“အစ်ကို”

“ဘာလဲ လွင်”

“အစ်ကို့မိဘတွေ လာဖို့ပြောထားပြီးပြီလား ဟင်”

“အင်းလေ . . မနေ့ကပဲ ရက်သတ်မှတ်ပြီးပြီဆိုပြီး ဖုန်းဆက်လိုက်သေးတယ်”

“အင်း . . ပြီးတာပဲလေ၊ ဒါနဲ့ ဒီနေ့ လွင့်သူငယ်ချင်းမွေး နေ့ရှိတယ် . . အဲဒါ အစ်ကို လိုက်ခဲ့ရမယ်နော်”

“ဘယ်တော့လဲ လွင်”

“အခု ညနေခြောက်နာရီမှာ . . ကုက္ကိုင်းလမ်းက သူ့အိမ် မှာ လုပ်မှာ”

“သွားတာပေါ့လေ”

“အစ်ကို ဖိတ်စာရပြီလားဟင်”

“လေးလေးသိုက် စီစဉ်နေတာပဲလေ . . အင်းလျားလိပ် မှာ အခန်းယူဖို့လည်း ပြောထားတယ်လို့ ပြောတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို စိတ်ချရပါတယ်၊ သူက မိတ်ဆွေပေါ်တော့ ရနိုင်ပါလိမ့်မယ်"

"အင်း . . ဦးလေးသိုက်လည်း တို့အတွက် အတော်အနစ်နာခံလုပ်ပေးရှာတာပဲနော်"

"ဖေဖေက သူ့ကို အကုန်လွှဲခဲ့တာပဲဆိုတော့ သူ့တာဝန်ဖြစ်နေတယ်လေ . . လေးလေးလည်း လွှင့်အပေါ် ဂရုစိုက်လွန်းပါတယ်၊ သေသွားတဲ့ မိဘတွေလောက်နီးနီး စောင့်ရှောက်ရှာပါတယ်"

"ဟုတ်တယ်နော် . . လေးလေးသိုက်ကို လွှင်ကျေးဇူးတင်ရမယ်"

"အို . . လွှင်သိပါတယ် အစ်ကိုရယ်"

နှစ်ဦးသား အချီအချပြောနေစဉ်မှာပင် . . .

"မမ . . မမ"

ပျာပျာသလဲ ပြေးလာသော အိမ်ဖော်မတူးကြောင့်

"ဘာဖြစ်တာလဲ မတူး"

"ဟိုလေ . . အန်ကယ်ကြီး မူးလဲသွားလို့"

"ဟေ . . ဘယ်မှာလဲဟဲ့"

"အိမ်ရှေ့ခန်းထဲမှာပါ"

သူဇာလွှင်နှင့် ဇော်ဝေတို့ အပြေးလာခဲ့ကြသည်။ အိမ်ရှေ့



ခန်းရှိ ကုလားထိုင်ပေါ်တွင် ဦးသိုက်ထွန်းမှာ သူ့နဖူးကို လက်နှင့်ဖိရင်းမှ ညည်းညူနေလေသည်။

သူ၏မျက်နှာပေါ်တွင် ချွေးများစို့နေလေသည်မို့ သူဇာလွှင်က ချွေးများသုတ်ပေးလိုက်ပြီး . . .

"လေးလေး ဘာဖြစ်တာလဲဟင်"

"မူး . . မူးတယ် သမီး၊ ခေါင်းအားနည်းနေတယ် ထင်တယ်"

"ဒါဆို မဖြစ်ဘူး လွှင် . . ဆရာဝန်ခေါ်ပြကြည့်ရအောင်"

"အင်း . . လွှင်သွားဖုန်းဆက်လိုက်ပါ့မယ်"

သူဇာလွှင် ဖုန်းရှိရာသို့ ကပျာကယာပြေးသွားပြီး ဆရာဝန်ခေါ်လိုက်သည်။

"ဘယ်လိုလဲ လွှင် . . ဒေါက်တာရှိရဲ့လား"

"ရှိတယ် အစ်ကို ခဏနေ ရောက်လာလိမ့်မယ်"

"အား . . ကျွတ် ကျွတ် . . မူးလိုက်တာကွယ်"

နှစ်ဦးသား ဦးသိုက်ထွန်းအား ပြုစုပေးနေကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"အစ်ကို သက်သာတယ် မဟုတ်လား"

မြကြာဖြူအမေးကြောင့် သူခေါင်းညိတ်ပြလိုက်သည်။

"အစ်ကို ဆန်ပြုတ်သောက်လိုက်ဦးနော် . . တော်ကြာနေ ဆရာဦးတုတ်ပေါ် ရောက်လာလိမ့်မယ်"

"ညီမ အဘကော ဘယ်သွားလဲ"

"အဘ ဒီမှာနေ့ လယ်ထဲဆင်းသွားတယ် အစ်ကို၊ စပါးတွေ မှည့်နေပြီဆိုတော့ ရိတ်ရတာနီးပြီလေ"

"အော်"

"ဒါနဲ့ အစ်ကို့အတိတ်က အကြောင်းတွေ သိရပြီလား"



"အင်း"

"ဆိုပါဦး အစ်ကို . . အစ်ကို ဘာဖြစ်ခဲ့တာလဲ"

"ဟင်း"

သူ သက်ပြင်းချလိုက်ပြီးနောက် မြကြာဖြူအား စိုက်ကြည့်ရင်းမှ . . .

"အစ်ကို့နာမည်က ဟိန်းထက်အောင် လို့ခေါ်တယ် ကြာဖြူ . . အစ်ကိုက မန္တလေးကနေ ရန်ကုန်ကိုပြန်လာတာပါ၊ လမ်းခရီးကျမှ လူလေးယောက် ရောက်လာပြီး အစ်ကို့ကို ရထားပေါ်ကနေ တွန်းချပစ်ခဲ့တာ"

"အို . . မသေကောင်း မပျောက်ကောင်း"

"ရန်ငြိုးလည်း မရှိဘဲနဲ့ တမင်လုပ်ကြံကြတာပဲ ကြာဖြူ"

မြကြာဖြူ သူ့ကိုကြည့်ရင်း စိုးရိမ်သော မျက်နှာထားမှာ မျက်ရည်ဥတို့ ဝေသီနေကြသည်ကို သူ သတိပြုမိသည်။

"အစ်ကို"

"ဗျာ"

"အစ်ကို အဲဒီလူတွေကို သိသလားဟင်"

"ဟင့်အင်း . . မသိပါဘူး . . ညီမရယ် . . အစ်ကို အေးအေးဆေးဆေးနေတတ်တဲ့ အနုပညာသမားတစ်ယောက်ပါ ညီမရယ် . . ဘာပြဿနာမှလည်း မရှိခဲ့ပါဘူးကွာ၊ ဘာဖြစ်လို့ ဒီခုလို

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံရတာလဲဆိုတာ စဥ်းစားလို့ မရနိုင်လောက်အောင်ပါပဲကွာ"

"တင်း"

မြကြာဖြူ သက်ပြင်းကိုချလိုက်ပြီး . . .

"ကဲ . . ဆန်ပြုတ်သောက်လိုက်ဦးနော်၊ တော်ကြာ အေး သွားလိမ့်မယ် အစ်ကို"

သူ ဆန်ပြုတ်ကို ဆက်သောက်နေလေသည်။

"ဒါနဲ့ အစ်ကို"

"ဘာလဲ ကြာဖြူ"

"အစ်ကိုက ဘာလုပ်သလဲတင်"

"ပန်းချီဆွဲတယ် ကြာဖြူရဲ့"

"ဟာ . . ဒါဆို ကောင်းတာပေါ့ ကြာဖြူကို ပန်းချီတစ်ပုံလောက် ဆွဲပေးပါလားနော်"

"ရပါတယ် ညီမရဲ့ . . အစ်ကို နေကောင်းရင် ဆေးပစ္စည်းတွေ မြို့ပေါ်သွားဝယ်ပြီး ညီမပုံတူဆွဲပေးမယ်နော်"

မြကြာဖြူ ကျေနပ်စွာခေါင်းညိတ်ပြသည်ကို ကြည့်ရင်း သူ့ရင်မှာ ကြည်နူးမိရလေသည်က အမှန်ပင်။

"အဘ မြို့ပေါ်တက်ရင် အစ်ကိုလိုတဲ့ဆေးတွေ မှာလိုက်ပေါ့"

"အဘက ဘယ်တော့ မြို့သွားမှာလဲ ကြာဖြူ"



ကြာဖြူက စဥ်းစားလိုက်ပြီး . . .

"ဒီရက်အတွင်းသွားမှာ အစ်ကိုရဲ့ . . စပါးရောင်းစုံစမ်းရင်း မြေဩဇာတွေ ဝယ်ဖို့သွားရမှာ"

"ဒါဆို အဆင်ပြေတာပေါ့၊ အစ်ကို လိုအပ်တဲ့ဆေးတွေကို စာရေးပြီး အဘနဲ့မှာလိုက်ရမယ်"

"အဲဒါ ကောင်းတယ် အစ်ကို"

"ဟော့ . . ဘာတွေကောင်းနေတာလဲဟ"

အပေါက်ဝမှ အသံကြောင့် ကြာဖြူရော သူပါ အပေါက်ဆီသို့ ငေးကြည့်မိလိုက်ကြလေသည်။

"ဟာ . . ဦးလေးတုတ်ပေါ်ပါလား"

"လာလေ အထဲဝင်ပါ ဦးလေးတုတ်ပေါ်ရဲ့"

"အေး . . နင်တို့ ဘာတွေများ ပြောနေကြတာလဲ"

"အော် . . ဒီက အစ်ကိုက ပန်းချီဆရာတဲ့၊ ဒါကြောင့် အဘမြို့တက်ရင် ဆေးဝယ်ခိုင်းပြီး ညီမပုံတူဆွဲခိုင်းမလို့ အဘရဲ့"

"အမယ်လေး . . လူနာကဖြင့် မသက်သာသေးဘူးကွယ်"

"သက်သာမှ ပြောတာပါ အဘရဲ့"

"ကဲ . . ဆေးဆက်ပြီး ကုရအောင်နော်"

သူ ခေါင်းညိတ်ရင်း အိပ်ရာပေါ်လှဲချလိုက်သည်။

ဤနေရာသည် သူ့အတွက် အငြိမ်းချမ်းဆုံး နိဗ္ဗာန်ပင် . .

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် သူ့အတွက် အနွေးထွေးဆုံး ရိပ်မြုံပင်ဖြစ်သည်ဟု တွေးမိလိုက်သည်။

*

"ဟော့ကောင် . . မောင်မိုး"

"ဘာလဲဟ . . စိုးပိုင်ရ"

"ဟိုမှာတွေ့လား . . တို့တွန်းချခဲ့တာ အဲဒီကောင်ပဲ"

"အေးကွ . . ဟိန်းထက်အောင်တဲ့ . . ပန်းချီဆရာဆိုပါလားကွ"

"ဒါဆို တို့လူမှားပြီး တွန်းချလိုက်မိတာ သေချာပြီပေါ့ကွာ"

"အေး . . ဟုတ်တယ်ကွ . . ဇော်ဝေနဲ့မှားပြီး တို့တွန်းချလိုက်တာပဲကွ၊ ဒီတော့ ဘာဆက်လုပ်ကြမလဲ"

မောင်မိုး၏အမေးကြောင့် စိုးပိုင်က . . .

"ဆရာကြီးဆီ အကြောင်းကြားလိုက်တာ ကောင်းမယ်၊ ပြီးမှ သူညွှန်ကြားသလို ဆက်လုပ်တာပေါ့"

"နေဦးကွ . . ဒီကောင် ဒဏ်ရာက သက်သာနေပြီနော်"

"အေးလေ . . အဲဒါ ဘာဖြစ်လဲ"

"အော် . . ဆရာကြီးမေးရင် အတိအကျပြောနိုင်အောင်



လေ့လာနေတာကွ . . ဒီတစ်ခါလွဲခဲ့ရင် ဆရာကြီးက တို့ကို အသေသတ်ပစ်လိမ့်မယ်"

မောင်မိုးစကားကြောင့် မောင်ရဲက ပခုံးနှစ်ဘက်တွန့်ပြလိုက်ပြီး . . .

"အရက်မသောက်ရမှာဘဲ စိုးတယ်ကွာ"

ပြီးနောက် လေးဦးသား ဆက်လက်အကဲခတ်နေကြသည်။ အားလုံးပင် လှည့်ထွက်လာခဲ့ကြလေသည်။ ဤသည့်အဖြစ်ကိုတော့ ဆေးဆရာကြီးနှင့် ဟိန်းထက်အောင်တို့ မသိလိုက်ကြပါပေ။

*

"မေးလေး နည်းနည်းမော့ . . ဟုတ်ပြီ . . အဲ များသွားပြီ"

မြကြာဖြူ ဟိန်းထက်အောင်၏ စေခိုင်းသမျှကို လိုက်လုပ်ပေးနေရလေသည်။

"အစ်ကို ကြာဖြူတော့ မောလာပြီနော်"

"အမယ်လေး . . ရွှေစိတ်တော် မဆိုးပါနဲ့ မမရယ်၊ ခဏလေး . . ဟုတ်ပြီ အဲဒီပုံစံအတိုင်းနေ . . ကဲ ဆွဲမယ်နော် . . မလှုပ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟိန်းထက်အောင် ကင်းဘတ်ပေါ်၌ စုတ်တံနှင့်စတင် အလုပ်ရှုပ်နေလေပြီ။ ထနောင်းပင်ကြီးအောက်၌ ရေအိုးခါးစောင်းတင်၍ ရပ်နေသော မြကြာဖြူ၏အမူအရာက ရွှေနှင့်သွန်းလောင်းထားသော နတ်မိမယ်လေးအသွင် ရှိလှပေသည်။

မို့မောက်သောရင်နှင့် သေးကျဉ်သောခါး . . .

ဝိုင်းစက်သော မျက်လုံး၊ ဖြောင့်စင်းသော နှာတံ၊ စွင့်ကားသောတင် . . အရာရာသည် အချိုးအဆစ်ကျနစွာ ထုလုပ်ထားသော ပန်းပုရုပ်လေးတစ်ရုပ်နှယ်။

ဟိန်းထက်အောင် ပန်းချီဆွဲရင်းမှ မသိမသာ ခိုးကြည့်မိလေသည်။ စိတ်ထဲမှလည်း ကျိတ်၍ကြည်နူးနေလေသည်။

"အစ်ကို ညောင်းလှပြီရှင့်"

"ပြီးတော့မှာပါ ခဏလေးနော်"

ဟိန်းထက်အောင် သွက်လက်စွာ ရေးဆွဲနေရလေသည်။

တစ်စစနှင့် စုတ်ချက်ကောက်ကြောင်းများသည် ပီပြင်လာလေသည်။ ပထမဦးစွာ လှပ၍ ချစ်စဖွယ်ကောင်းသော မျက်နှာလေးက အထင်းသားပေါ်လာသည်။

ပြီးနောက် လှပဖွံ့ဖြိုးသော ခန္ဓာကိုယ် . . .

နောက် ခါးလေးပေါ်တင်ထားသော ရေအိုး . . .

အရာရာပြည့်စုံသွားပြီဖြစ်၍ ဟိန်းထက်အောင် သေချာ



အကဲခတ်နေလေသည်။ မြကြာဖြူကိုကြည့်လိုက် ပန်းချီကိုကြည့်၍ ပြင်လိုက်နှင့် နာရီဝက်ခန့်အကြာ၌ ပြီးစီးသွားသော ပန်းချီကားမှာ မြကြာဖြူနှင့် ထပ်ထေရာတည်း တူညီနေလေတော့သည်။

"ကဲ . . ပြီးပြီ ကြာဖြူ"

မြကြာဖြူ ရေအိုးလေးကို အမြန်ချ၍ သူမ၏ပန်းချီပုံကို အပြေးပင် ကြည့်မိလေသည်။ သူမ ပန်းချီကားကို အသေအချာ စူးစိုက်ကြည့်ပြီးနောက် ဝမ်းသာအားရ ဖြစ်သွားရကာ . . .

"ဟာ . . အစ်ကိုကလည်း တော်တာပဲ၊ ကြာဖြူနဲ့ တစ်ကယ်ကို တူတာ အစ်ကိုရဲ့ . . အစ်ကိုက တစ်ကယ့်ပန်းချီကျော်ပဲ"

"သိပ်မမြှောက်ပါနဲ့ ကြာဖြူရယ် . . ဒီလောက်ထိ မဟုတ်ပါဘူးကွာ"

"တစ်ကယ်ပြောတာ အစ်ကိုရဲ့ . . ကြာဖြူတော့ အစ်ကို့လက်ရာကို ကြိုက်သွားပြီ"

"အမှန်ပြောတာနော်"

မြကြာဖြူ ခေါင်းညိတ်ပြီး ဖြေလေသည်။ ဟိန်းထက်အောင် အတန်ကြာ မြကြာဖြူကို စိုက်ကြည့်နေလေသည်။ ပြီးမှ သက်ပြင်းမောတစ်ချက်ကို ချလိုက်လေသည်။

"ဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူးကွာ"

"ဟာ . . ဘာမှမဖြစ်ဘူးသာဆိုတယ် အစ်ကို့ကိုကြည့်ရတာ တစ်မျိုးပဲ"

"ဟုတ်တယ် ကြာဖြူ အစ်ကို . . "

ဟိန်းထက်အောင် ဆက်မပြောနိုင်ချေ။

"အစ်ကို ဘာဖြစ်လို့လဲဟင်"

မြကြာဖြူအမေးကြောင့် ဟိန်းထက်အောင် ခေါင်းကိုလှုပ်ခါရင်း . . .

"ကြာဖြူ"

တိုးတိုးလေးခေါ်သံကြောင့် မြကြာဖြူ ဟိန်းထက်အောင်အား ကြည့်လိုက်စဉ် . . .

"အစ်ကို ကြာဖြူကို ပြောချင်တယ်၊ စိတ်မဆိုးရဘူးနော်"

မြကြာဖြူ ခေါင်းကိုညင်သာစွာ ညိတ်ပြလေသည်။

"အစ်ကိုလေ . . ကြာဖြူကို မြင်မြင်ချင်း ချစ်မိတယ်ကွယ် ဒါကြောင့် အစ်ကို့ကို ကြာဖြူ စိတ်မဆိုးပါနဲ့လား"

မြကြာဖြူ ဘာမျှပြန်မပြောဘဲ နေသဖြင့် ဟိန်းထက်အောင်က မြကြာဖြူ၏ပခုံးလေးနှစ်ဖက်အား လက်ဖြင့် ဖွဖွဆုပ်ကိုင်လိုက်ကာ . . .



"ကြာဖြူ အစ်ကိုပြောတာ ကြားတယ် မဟုတ်လား"

"ကြားပါတယ် အစ်ကို"

"ဒါဆို ဖြေပါလား ကြာဖြူရယ်"

"ကြာဖြူ ဘာဖြေရမှာလဲ အစ်ကိုရယ်"

"အစ်ကို့ကို ကြာဖြူ ချစ်နိုင်မယ် . . မချစ်နိုင်ဘူး ဆိုတာတိုပေါ့"

"တင့်အင်း . . ကြာဖြူရှက်တယ် အစ်ကို"

"ဒီလိုဆိုလည်း ခေါင်းညိတ်ပြပေါ့ကွာ"

"သွား . . အစ်ကိုက သိပ်တတ်တာပဲ"

ဟိန်းထက်အောင်၏ ရင်ဘတ်အား လက်နှင့်အသာထု၍ ကြာဖြူ ပြေးထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ကလင် . . ကလင် . . ကလင်"

ဖုန်းမြည်သံကြောင့် ဦးသိုက်ထွန်း ထိုင်နေရာမှ ထလိုက်သည်။ ထိုအခိုက်မှာပင် သူဇာလွင်လည်း တယ်လီဖုန်းရှိရာသို့ လျှောက်လာသည်ကို ဦးသိုက်ထွန်း လှမ်းတွေ့လိုက်ရသဖြင့် . . .

"ဟော့ . . သမီး နေနေ . . လေးလေးပဲ ကိုင်လိုက်တော့မယ်"

ဦးသိုက်ထွန်း လှမ်းပြောလိုက်ပြီးနောက် တယ်လီဖုန်းခွက်ကို ကိုင်လိုက်လေသည်။

"ဟဲလို . . ပြောပါ"



"ဆရာကြီးလား"

"အေး . . ဘယ်သူလဲ၊ မောင်မိုးလား"

"ဟုတ်ပါတယ် ဆရာကြီး . . အခြေအနေတင်ပြချင်လို့ပါ"

ဦးသိုက်ထွန်း ဘေးဘီကိုအကဲခတ်လိုက်သည်။ သူ၏ဘေးရှိ ထိုင်ခုံတစ်ခုပေါ်တွင် သူဇာလွင်ထိုင်နေသည်ကို တွေ့ရသဖြင့် အကဲခတ်ကာ နေလေသည်။

အတန်ကြာမှ သူဇာလွင်မှာ အခန်းဝမှထွက်လာသော ဇော်ဝေကိုမြင်လိုက်ရသဖြင့် ထိုင်နေရာမှ ထသွားလေသည်ကို ဦးသိုက်ထွန်း တွေ့ရလေသည်။ ထိုအခါမှ ဦးသိုက်ထွန်းက

"ကဲ . . မောင်မိုး ပြောစရာရှိတာ မြန်မြန်ပြောစမ်း"

ဦးသိုက်ထွန်း အခွင့်အရေးရတုန်း ပြန်ပြောလိုက်ခြင်းပင်။ ဤသည်ကို နားလည်သော မောင်မိုးက အခြေအနေကို စတင်ရှင်းပြလေတော့သည်။

"ဆရာကြီး ကျွန်တော်တို့ ရထားပေါ်က တွန်းချခဲ့တဲ့လူကို ကညွတ်ကွင်းနားက ရွာလေးတစ်ရွာမှာ တွေ့ရပြီ"

"ဟေ . . ဟုတ်လားကွ"

ဦးသိုက်ထွန်း မဆိုင်းမတွပင် ပြန်မေးလိုက်လေသည်။

"ဟုတ်တယ် . . ဆရာကြီး။ ကျွန်တော်တို့ကိုယ်တိုင် အခု

www.burmeseclassic.com

www.burmeseclassic.com



ပဲ တွေ့ခဲ့ရတာပါ ခင်ဗျာ"

"အေး . . ဆိုစမ်းပါဦး"

"ဒီလိုပါ ဒီလူဟာ အဲဒီရွာနားက ရထားလမ်းဘေး လယ်ကွင်းမှာ ဒဏ်ရာရပြီးလဲနေလို့ ဦးဖိုးလူဆိုတဲ့ လူကြီးတစ်ယောက်က တွေ့သွားပြီး ဆေးကုပေးထားတယ် ဆရာကြီး"

"အေး . . .ဆက်ပြော"

"ဒီလူဟာ အခုတော့ ဦးဖိုးလူအိမ်မှာ ဆေးဆက်ကုနေတုန်းပဲ ဆရာကြီး၊ သူ့နာမည်က ဟိန်းထက်အောင်တဲ့ . . အလုပ်က ပန်းချီဆရာပါ၊ မန္တလေးကနေ ရန်ကုန်ပြန်လာတုန်း ရထားပေါ်မှာ ကျွန်တော်တို့နဲ့တွေ့ပြီး လူမှားတွန်းချခံလိုက်ရတာ"

"အော် . . ဒီလိုကိုး"

"ဟုတ်တယ် . . ဆရာကြီး၊ လူကတော့ ဆရာကြီးပေးလိုက်တဲ့ ဓာတ်ပုံထဲက ဇော်ဝေနဲ့တစ်ထေရာတည်း ထပ်တူနေတော့ ကျွန်တော်တို့လည်း လူမှားပြီး တွန်းချခဲ့မိတာပါပဲ"

"အခုတော့ သူ့အခြေအနေက . . ."

"ပထမတော့ သူအတိတ်မေ့သလို ဖြစ်နေသေးတယ်၊ အခုနောက်ပိုင်း သက်သာလာတဲ့ ရက်တွေကျတော့မှ သူဟာ အဖြစ်မှန်ကို တွေးမိလာတယ်၊ နောက်ပြီး သူ့မှာ ဘာရန်ငြိုးရန်စမှ မရှိဘဲ အခုလိုခံလိုက်ရတာကို သူဝေခွဲမရ ဖြစ်နေပုံပဲ"



"အော် . . ဒါဆို အဲဒီအကြောင်းတွေ ဦးဖိုးလူသိသွားပြီပေါ့"

"ဟုတ်တယ် . . ဆရာ အားလုံး ဟိန်းထက်အောင်အကြောင်း သိကြပါတယ်"

"ဟူး . . ဒုက္ခပါပဲကွာ"

"မစိုးရိမ်ပါနဲ့ ဆရာ . . အခြေအနေကောင်းပါတယ်၊ အခုလည်း ဒီကောင်ဟာ ဦးဖိုးလူသမီး မြကြာဖြူဆိုတဲ့ ကောင်မလေးနဲ့ မေတ္တာမျှနေပုံပဲ ဆရာကြီး"

"အေးကွာ . . ဘာဆက်လုပ်ရမယ်မှန်းတောင် မသိတော့ဘူး"

နှစ်ဖက်လုံး တိတ်ဆိတ်သွားကြလေသည်။ ဦးသိုက်ထွန်းလည်း နဖူးမှ ချွေးစေးများကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်ပြီးနောက် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေလေသည်။

သူစဉ်းစားနေသည်ကား အဘယ်အကြောင်းကိုနည်း . . .

အခြားဖြင့် မဟုတ်ပါချေ။ သူစဉ်းစားတွေးတောနေသည်က ဇော်ဝေနှင့် ဟိန်းထက်အောင်တို့အကြောင်းပင် ဖြစ်ပေတော့သည်။

"ဟူး . . တယ်လည်း မလွယ်တဲ့ကိစ္စပေပဲလေ"

ဦးသိုက်ထွန်း သက်ပြင်းတစ်ချက်ချရင်းမှ . . .

www.burmeseclassic.com

www.burmeseclassic.com



''ဟော့ . . မောင်မိုး''

''ပြောပါ ဆရာကြီး''

''အေးကွာ . . ဒီကိစ္စကို ငါစဉ်းစားနေတာပါပဲကွာ''

''ဟုတ်ကဲ့ ပြောပါ ဆရာ''

ထိုစဉ်မှာပင် သူဇာလွင်နှင့် ဇော်ဝေ သူ့အနားရောက်လာသဖြင့် ဦးသိုက်ထွန်း ကပျာကယာပင် ဖုန်းခွက်ကိုလက်နှင့်အုပ်ထားလိုက်မိလေသည်။

''လေးလေး''

''ဟေ . . ပြောလေ သမီး၊ ဘာပြောစရာ ရှိလို့လဲကွယ့်''

''ဘယ်သူနဲ့ စကားပြောနေတာလဲ ဟင်''

သူဇာလွင်၏အမေးကြောင့် ဦးသိုက်ထွန်း ရင်ထိတ်သွားလေသည်။ ပြီးမှ ဟန်မပျက်ပင် ပြန်ဖြေလိုက်လေသည်။

''ဟို . . မနေ့က နေမကောင်းတာ သမီး သိတယ် မဟုတ်လား''

''သိသာပဲ လေးလေးရဲ့ . . အခုမှ လေးလေး သက်သာလာတာပဲလေ''

''အေး . . အဲဒီကိစ္စကိုသိတဲ့ လေးလေးသူငယ်ချင်းတစ်ယောက်က အခြေအနေ လှမ်းမေးနေတာ သမီးရဲ့''

''အော် . . ဒါနဲ့ လေးလေး သမီးတို့နှစ်ယောက် ကိစ္စရှိ



လို့ အပြင်သွားလိုက်ဦးမယ်နော်''

''အေးအေး . . ဒါနဲ့ မင်္ဂလာဆောင်အတွက်ပဲလားကွယ့်''

ဦးသိုက်ထွန်း ပြန်မေးလိုက်သဖြင့် သူဇာလွင်က ပြုံးလိုက်ပြီး . . .

''ဟုတ်တယ် လေးလေး . . မင်္ဂလာပွဲမှာ ညှိခံဖို့ တီးဝိုင်းကိစ္စ သွားစုံစမ်းမလို့ပါ''

''ဘယ်တီးဝိုင်းနဲ့ ညှိခံမလဲ သမီး''

''မသိသေးဘူး လေးလေး . . အခုသွားစုံစမ်းမှ သိရမှာတဲ . . သွားဦးမယ် လေးလေး''

''အေးကွယ် . . အေးအေး အဆင်ပြေကြပါစေ''

ဦးသိုက်ထွန်း ဣန္ဒြေမပျက်၊ ဆုများပင် ပေးလိုက်သေး။ သူဇာလွင်နှင့် ဇော်ဝေမှာ သူ့အားပြုံးပြရင်းမှ အပြင်သို့ ထွက်သွားကြလေသည်။

''ဝူး . . ဝူး . . ဝူး''

မော်တော်ကား ခြံဝင်းမှ ထွက်ခွာသွားမှပင် ဦးသိုက်ထွန်းက . . .

''ဟော့ . . မောင်မိုး''

''ဗျာ . . ဆရာကြီး အခြေအနေ မကောင်းဘူးလားဟင်''

မောင်မိုး၏အမေးကြောင့် ဦးသိုက်ထွန်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ . . အဲဒါကြောင့် ဒီကိစ္စတွေ မြန်မြန်ပြီးစေချင်ပြီကွာ . . ငါလည်း တစ်နေ့မှ စိတ်အေးလက်အေး မနေရပါဘူးကွာ"

ဦးသိုက်ထွန်း ညည်းညူသလို ပြောလေသည့်မို့ မောင်မိုးက . . .

"ဒါဆိုလည်း အမြန်ပြီးအောင် စီစဉ်ပါလား ဆရာကြီးရာ"

"အေးပါကွ . . သိပ်လောလို့လည်း မဖြစ်ဘူးကွ၊ မပိရိရင် တို့ခံရမှာနော်"

"ဒါလည်း ဟုတ်ပါတယ် ဆရာကြီး"

ထိုအခိုက် ဦးသိုက်ထွန်း ရုတ်တရက်အကြံရသွားကာဖြင့် လက်ဖျောက်တစ်ချက်တီးလိုက်ပြီးလျှင် . . .

"ဟေ့ မောင်မိုး . . မင်းထောက်ကြံ့က တို့ခြံကြီးကို သိတယ် မဟုတ်လား"

"သိပါတယ် ဆရာကြီး . . ဘာဖြစ်လို့လဲ"

"မင်းပြောတဲ့ ဟိန်းထက်အောင်ဆိုတဲ့ကောင်ကို အဲဒီခြံကြီးထဲကို ပါအောင်ခေါ်ခဲ့ကြကွာ"

"အစီအစဉ်ရှိတယ်ပေါ့ . . ဟုတ်လား ဆရာကြီး"

"အေး . . ဘယ်လိုလဲ . . ဖြစ်နိုင်မလား"

"စိတ်ချ . . မရ ရတဲ့နည်းနဲ့ ခေါ်ခဲ့မယ်"



"ကောင်းပြီ . . ဒါပဲကွာ၊ လုပ်စရာရှိတာ မြန်မြန်လုပ်ခဲ့ပြီးလာခဲ့ကြတော့"

ပြောပြီး ဦးသိုက်ထွန်း ဖုန်းချလိုက်လေသည်။

*

"ဟူး . . မလွယ်ပါလား လွင်"

"ဘာလဲဟင် အစ်ကိုရဲ့"

ဇော်ဝေ ခေါင်းကိုတွင်တွင်ခါရမ်းလိုက်ပြီးမှ . . .

"မင်္ဂလာဆောင်တစ်ခုဖြစ်ဖို့ မလွယ်ဘူးလို့ ပြောတာပါ"

"အင်း . . ဟုတ်ပါရဲ့နော် . . အလုပ်တွေက တစ်ခုပြီး တစ်ခုဆက်ဆက်သလို ပြေးရလွှားရနဲ့"

"အဲဒါပြောတာပေါ့ လွင်ရဲ့ . . ဒီကြားထဲမှာ အဆင်ပြေတာတွေရှိသလို အဆင်မပြေတာတွေလည်း ရှိသေးတော့ ပိုပြီးမောရတယ် . . စိတ်မော လူမောဆိုတာ ဒါပဲလို့ ထင်ပါရဲ့ကွာ"

"ဟုတ်တယ် အစ်ကို . . အခုလည်း ကြည့်လေ တီးဝိုင်းနှစ်ခုလည်း ရောက်ခဲ့ပြီးပြီ၊ အရင်ဝိုင်းက ကိုယ့်ထက်ဦးတဲ့လူရှိနေတော့ မအားဘူးတဲ့ . . အခုဝိုင်းကျတော့လည်း ဈေးက သိပ်များနေတယ်ဆိုတော့"

"အေး . . ဘာမှ စဉ်းစားမနေနဲ့ လွင် . . ဘာတီးဝိုင်းမှ

www.burmeseclassic.com

www.burmeseclassic.com



မငှားဘဲ ကက်ဆက်ဖွင့်ပြီးတော့သာ မင်္ဂလာဆောင်လိုက်ချင်တော့တယ်"

ဇော်ဝေ၏စိတ်ပျက်စွာ ပြောစကားကြောင့် သူဇာလွင်မှာ ပြုံးလိုက်ကာ . . .

"ဒီလိုတော့ ဘယ်ဖြစ်မလဲ အစ်ကိုရဲ့ အင်းလျားဟိုတယ်မှာ ဆောင်တဲ့ မင်္ဂလာပွဲဆိုတော့ တီးဝိုင်းမပါလို့ မဖြစ်ဘူး အစ်ကိုရဲ့"

"အင်း"

ဇော်ဝေနှုတ်မှ ပြန်ဖြေရင်း တိတ်တိတ်နေလိုက်လေသည်။ အတန်ကြာမှ သူဇာလွင်က . . .

"အစ်ကို"

"ဟင် . . ဘာလဲလွင်"

"စိတ်မပျက်ပါနဲ့ အစ်ကိုရယ် . . ရန်ကုန်မှာ ဒီဝိုင်းတွေပဲ နာမည်ကြီးတာ မဟုတ်ပါဘူး။ ဒီ့ပြင် ဝိုင်းတွေရှိပါသေးတယ် ဆက်စုံစမ်းကြဦးစို့"

"အင်းပါ . . ကဲ သွားကြရအောင်"

ဇော်ဝေ ကားငယ်လေးကို မောင်းထွက်ခဲ့လေသည်။ တစ်နေ့ကုန်လျှောက်ရှာခဲ့ပြီးမှ တီးဝိုင်းအတွက် အဆင်ပြေလာခဲ့ရလေသည်။



"တော်ပါသေးရဲ့ အဆင်ပြေလာခဲ့လို့ အဆင်များ မပြေခဲ့ရင်တော့ တစ်နေ့တာပင်ပန်းခဲ့သမျှ အလကားဖြစ်မှာ သေချာတယ်နော် အစ်ကို"

"အေး . . တော်သေးတာပေါ့ အဆင်ပြေခဲ့လို့"

နှစ်ယောက်သား ပြောရင်းမှ ကားပေါ်မှဆင်းလာခဲ့လေသည်။ အိမ်ရှေ့ဧည့်ခန်းမအတွင်း၌ ဦးသိုက်ထွန်းမှာ တရားစာအုပ်ကို တန်ပါပါထိုင်ဖတ်နေလေသည်ကို တွေ့သဖြင့် သူဇာလွင်က ပြုံးလိုက်ပြီး . . .

"လေးလေး . . ဘာတွေများ ဖတ်နေတာလဲ"

"အော် . . သမီးတို့ ပြန်လာကြပြီကိုး . . အဆင်များ ပြေခဲ့ကြရဲ့လားကွယ်"

ဦးသိုက်ထွန်း၏ ချိုသာသော လေသံကြောင့် ဇော်ဝေက

"ပြေခဲ့ပါတယ် ဦးလေး . . တစ်နေ့ကုန် တော်တော်လေး ပင်ပန်းသွားတာပဲဗျာ . . တင်း . . ဟင်း"

"အဆင်ပြေခဲ့တာပဲ ကံကောင်းတယ်မှတ် အစ်ကို"

"အေးပါကွယ် . . ကဲ ဦးလေး ကျွန်တော် ခဏအနားယူလိုက်ပါဦးမယ်"

"ကောင်းပါပြီကွယ်"

ဇော်ဝေနှင့် သူဇာလွင် နှစ်ဦးသား ဦးသိုက်ထွန်းအနားမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားကြလေသည်။

"အစ်ကို"

"ဘာလဲ လွင်ရဲ့"

"ရေမချိုးခင် အအေးလေးသောက်လိုက်ပါဦး"

ဇော်ဝေ သူဇာလွင်လာပေးသော သံပုရာရည်ခွက်ကို လှမ်းယူလိုက်ပြီး . . .

"မနက်ဖြန် ဘာကိစ္စရှိသေးလဲ လွင်ရဲ့"

သူဇာ့လွင်က သေချာစွာစဉ်းစားလိုက်ပြီး . . .

"အင်း . . ပန်းအလှပြင်သမားရယ်၊ မိတ်ကပ်ဆံပင် အလှပြင်ဆရာရယ် . . ဗွီဒီယိုကင်မရာမင်းရယ်၊ ဓာတ်ပုံဆရာရယ်"

"အမယ်လေး . . တော်ပါတော့ တော်ပါတော့"

ဇော်ဝေ အလန့်တကြားပင် တားလိုက်သဖြင့် သူဇာလွင်က

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

"ဘာဖြစ်ရမလဲ . . တစ်ခုပြီးရင် နောက်တစ်ခု ထပ်ပေါ် လာလိုက် နောက်တစ်ခု ထပ်လုပ်လိုက်နဲ့ အမျှင်ပြတ်တယ်မှ မရှိ ဘဲ . . သေရောပေါ့ကွာ"

ဇော်ဝေ၏ညည်းတွားသံကြောင့် သူဇာလွင်က မျက်စောင်း လေးထိုးလိုက်ကာ . . .

"ရက်လိုသေးပေမယ့် မအေးနဲ့ အစ်ကို လုပ်စရာရှိတာ



တွေကို မြန်မြန်ပြတ်အောင် လုပ်ထားမှ တော်ကာကျမှာရှင့်"

"အေးပါကွာ . . ငါသိပါတယ် . . ကဲရော့ရော့ ရေချိုး လိုက်ဦးမယ်"

ဇော်ဝေ လက်ထဲမှဖန်ခွက်ကို သူဇာလွင့်အား လှမ်းပေး လိုက်ပြီးလျှင် ရေချိုးခန်းရှိရာသို့ ထွက်လာခဲ့လေတော့သည်။

ညဥ့်အမှောင်ထုအတွင်းမှ မော်တော်ကားသံများ မြည်ဟီး နေလေသည်။

ဦးသိုက်ထွန်း တိုင်ကပ်နာရီကိုကြည့်လိုက်၊ လမ်းလျှောက် လိုက်နှင့် မအိပ်နိုင်သေး။ မကြာမီမှာပင် တိုင်ကပ်နာရီမှ တေးဂီတ သံစဉ်လေးပေါ်လာပြီးလျှင် အချိန်ညွှန်းနာရီသံ ထွက်ပေါ်လာလေ သည်။

ညဆယ့်တစ်နာရီတိတိ ရှိလေပြီ။

ဦးသိုက်ထွန်း တံခါးဝသို့ မကြာခဏလှမ်းကြည့်ရင်း အိပ်ရှေ့ခန်းထဲ၌ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလေသည်။ သူ၏လက်ထဲတွင် ပုတီးတစ်ကုံးကို ကိုင်ထားပြီး လက်နောက်ပစ် အနေအထားနှင့် လမ်းလျှောက်ရင်းမှ ပုတီးစိပ်နေလေတော့သည်။

"ဝူး . . တီး . . တိ . . တိ"

www.burmeseclassic.com

www.burmeseclassic.com



ခြံအတွင်းမောင်းဝင်လာသော ကားသံကြောင့် အိမ်ဖော် မလေးမတူးမှာ အပြေးအလွှားပင် အိမ်တံခါးပြေးဖွင့်နေလေသည်။

"ဟဲ့ . . မတူး လေးလေး အိပ်နေပြီလားဟင်"

"မအိပ်သေးဘူး မမ . . အိမ်ရှေ့ခန်းထဲမှာ ပုတီးစိပ်ပြီး မမတို့ကို စောင့်နေလေရဲ့"

"တယ် . . လေးလေးကလည်း ဆယ်နှစ်နာရီကျော်ပဲ ထိုးပြီးပြီ၊ မအိပ်သေးဘူးလား . . တော်ကြာ နေမကောင်းပြန်ဖြစ် နေဦးမယ်"

သူဇာလွင် ပြောလိုက်ပြီး အိမ်အတွင်းဝင်ခဲ့လေသည်။ ဇော်ဝေမှာ အပေါ်ဝတ်အနွေးထည်အကျီကို လက်မှကိုင်ရင်း သူဇာ လွင်၏နောက်မှ အိမ်ထဲသို့ဝင်လာခဲ့လေသည်။

ဦးသိုက်ထွန်းသည် သူဇာလွင်နှင့် ဇော်ဝေအားလှမ်းကြည့် လိုက်ပြီး . . .

"မောင်လှချည်လားကွယ့်"

"ဟုတ်ကဲ့ . . ဦးလေး၊ တစ်ခုပြီးတစ်ခု လိုက်လုပ်နေရ တာနဲ့ မောင်သွားတာပါပဲလေ"

"ဟုတ်တယ် လေးလေးရဲ့ . . ဓာတ်ပုံဆရာရယ်၊ ဗွီဒီယို ရိုက်ဖို့အတွက်ရယ်၊ ပန်းအလှပြင်သမားနဲ့ မိတ်ကပ်ဆရာရယ် အားလုံးကို လိုက်ပြီးစီစဉ်နေရလို့ မောင်သွားတာ"



"ကဲ . . ညစာစားကြဖို့ ပြင်လေ"

"သမီးတို့ အပြင်ကပဲ စားလာခဲ့ပါတယ်၊ လေးလေးကော ညစာ စားပြီးပြီလားဟင်"

"ပြီးပါပြီ သမီးရယ်"

"ဒါနဲ့ လေးလေး . . မင်္ဂလာပွဲအတွက် ဘိသိက်ဆရာ ကော ငှားလို့ပြီးပြီလာ အဆင်ပြေရဲ့လားဟင်"

"အေးကွယ် . . လေးလေးလည်း တတ်နိုင်သမျှ ကောင်း အောင်တော့ စီစဉ်ထားတာပဲ"

"ဒါဆို အဆင်ပြေတာပေါ့နော် . . ဟုတ်လား လေးလေး"

သူဇာလွင်၏စကားကြောင့် ဦးသိုက်ထွန်း ပြုံးလိုက်ပြီးလျှင်

"အဆင်ပြေပါတယ်ကွယ် . . ကဲ ညဉ့်နက်ပြီ အိပ်ကြတော့ လေးလေးလည်း ပုတီးတစ်ပတ်ပြည့်ရင် အိပ်တော့မယ်ကွယ်"

"ဟုတ်ကဲ့ပါ လေးလေး"

သူဇာလွင်နှင့် ဇော်ဝေတို့ အသီးသီးထွက်ခွာသွားကြမှ ဦးသိုက်ထွန်း မီးမှိတ်ကာ အိပ်ရာဝင်ခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ညနေခင်းဆည်းဆာချိန်က သာယာလှပနေလေသည်။

အနောက်ဘက် ပဲခူးရိုးမတောင်ကြီးက မှိုင်းပျပျ . . .

ရိုးမတောင်ကြီးကို ငေးမောကြည့်ပါရင် ဝင်လုဆဲနေမင်းကြီးက တောင်စောင်းပေါ် မေးတင်နေသည်ကို မြင်တွေ့ကြရပေလိမ့်မည်။ ကားလမ်းနှင့် အတန်ငယ်ကွာဝေးသဖြင့် ကားသံများက သဲ့သဲ့မျှသာ ကြားနေရလေသည်။

ငှက်ကလေးများသည် တစ်စာစာ အော်မြည်သံနှင့် ကလေးငယ်များ၏ ပြေးလွှားဆော့ကစားနေသံများကို ကြားနေရလေသည်။ ရွာ၏အနောက်ဘက်ဆီမှ နေရောင်ခြည်များက သရက်တောအုပ်



ပေါ်မှ ကျော်ဖြတ်ကာ ရွာ၏အရှေ့ဘက်လယ်ကွင်းစပ်ပေါ် ထိုးဖြာကျဆင်းနေလေသည်။

လယ်ကွင်းစပ် သရက်ပင်အိုကြီးပေါ်မှ ရှက်ခြောက်အချို့သူ့ကိုယ်ပေါ်သို့ တစ်ခါတစ်ရံ ကြွေကျလာတတ်သေးသည်။

သူနှင့် မြကြာဖြူတို့ အဝေးရှိ ကျိုက်ထီးရိုးတောင်လော ရှမ်းရိုးမတောင်လော ဝေခွဲမရသည့် တောင်တန်းမှိုင်းပျပျတို့ကို ငေးမောကြည့်ရှုနေကြလေသည်။

ရွာရှိလူများအားလုံး၌ အချို့က ထိုတောင်အား ရှမ်းရိုးမတောင်ဟုလည်းကောင်း၊ အချို့က ကျိုက်ထီးရိုးတောင်ဟုလည်းကောင်း အမျိုးမျိုးထင်ကြေးပေးပြောဆိုတတ်ကြသော တောင်တန်းများက ဝေဝါးစွာလှမ်းမြင်နေကြရသည်။

နှစ်ဦးသား အတွေးကိုယ်စီနှင့် ငြိမ်သက်နေမိကြသည်။

စပါးခင်းထဲသို့ဆင်းလိုက် ကောင်းကင်ပေါ်သို့ ပျံတက်လိုက်နှင့် အလုပ်ရှုပ်နေကြသည့် စာကလေးများကလည်း တကျီကျီ တကျာကျာအော်မြည်နေကြသေးသည်။ အရာရာသည် လွမ်းမောဖွယ်ရာအတိပင်။

"အစ်ကို"

"ဘာလဲ ကြာဖြူ"

"အစ်ကို ကြာဖြူကို တစ်ကယ်ချစ်တာလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



မြကြာဖြူစကားကြောင့် ဟိန်းထက်အောင် လှမ်းကြည့်လိုက်ပြီး . . .

"ဘာဖြစ်လို့မေးရတာလဲ ညီမရယ်"

မြကြာဖြူ ဟိန်းထက်အောင်အား မကြည့်ဘဲ ခေါင်းကိုငုံ့ရင်းမှ . . .

"အစ်ကိုဟာ မြို့ကြီးသားပါ၊ အစ်ကို ညီမဟာ တောကတောင်သူလယ်လုပ်သား သမီးမို့ ကိုယ့်ကိုကိုယ် . . ."

မြကြာဖြူ ဆက်မပြောနိုင်၊ ဟိန်းထက်အောင်က . . .

"ဘာလဲ ညီမ . . အစ်ကိုက ညီမကို ချစ်ဟန်ဆောင်ပြီး ရှောင်ထွက်သွားမှာတွေးပြီး စိတ်မကောင်းဖြစ်နေတာလား၊ နောက်ပြီး အဆင့်အတန်းမတူဘူးလို့များ ညီမ တွက်ထားလေရော့သလားကွယ်"

ဟိန်းထက်အောင် အပြောကြောင့် မြကြာဖြူခေါင်းညိတ်ပြရင်းမှ . . .

"ဟုတ်တယ် . . အစ်ကို၊ ကြာဖြူလေ အစ်ကို့ကို ချစ်ပါတယ် . . ဒါပေမယ့် မယုံတာတော့ မဟုတ်ပါဘူး၊ စိတ်ထဲမှာလေ တစ်ခုခုကို အားငယ်နေသလိုပဲ အစ်ကို"

"အစ်ကို သိပါတယ် ညီမ"

"ဟင် . . အစ်ကိုသိတယ် ဟုတ်လား"



"ဟုတ်တယ် . . ညီမ၊ ညီမအမူအရာကိုကြည့်ပြီး အစ်ကို အကဲခတ်မိပါတယ်ကွာ . . ညီမလေး ကြာဖြူ"

"ရှင် . . ပြောလေ အစ်ကို"

"အစ်ကိုဟာ တစ်သက်မှာ တစ်ယောက်ပဲချစ်တဲ့သူပါ၊ အစ်ကိုဟာ ယနေ့အချိန်ထိ ဘဝကြင်ဖော်ကို မရှာခဲ့မိပေမယ့် အခုတော့ ကြာဖြူနဲ့တွေ့မှ အချစ်ဆိုတဲ့အရာကို နားလည်ခံစားတတ်လာခဲ့တဲ့လူပါ ညီမရယ်၊ အစ်ကိုဟာ ပေါ့ပေါ့တန်တန်တွေးပြီး ညီမကို ချစ်ခဲ့တာ မဟုတ်သလို ပေါ့ပေါ့တန်တန် လမ်းခွဲသွားမှာလည်း မဟုတ်ဘူးဆိုတာ ယုံကြည်လိုက်ပါ ညီမရယ်"

ဟိန်းထက်အောင် စကားကြောင့် ကြာဖြူက ပျာပျာသလဲနှင့် . . .

"ညီမပြောခဲ့တဲ့ စကားတွေဟာ အစ်ကို့ကို ထိနိုက်သလိုဖြစ်သွားခဲ့ရင် ခွင့်လွှတ်ပါနော် အစ်ကို"

"ညီမလေး မမှားပါဘူး မိန်းကလေးတိုင်းဟာ ဒီလိုပဲ တွေးတတ်ကြတာပါ ညီမရယ် . . ကဲ အခုတော့ အစ်ကို့ကို ယုံပြီလား ဟင်"

"ယုံပါပြီ အစ်ကိုရယ် . . ညီမလေး အစ်ကို့ကို လေးလည်းလေးစားတယ်၊ အစ်ကိုတစ်ယောက်လို လေးစားပြီး ဘဝရဲ့အဖော်မွန်တစ်ယောက်လိုလည်း ချစ်ပါတယ် အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းမှ သူ့ရင်ခွင်တွင်းသို့ နိုဝင်လာသော မြကြာဖြူ၏ခန္ဓာကိုယ်လေးအား ဟိန်းထက်အောင် ဆီးပွေ့ပြီးလျှင် . . .

"ညီမလေး ကြာဖြူ"

"ရှင် . . အစ်ကိုပြောလေ"

"နောက်ဆိုရင် စိတ်မကောင်းစရာတွေပြီး ဝမ်းနည်းမနေပါနဲ့လားကွယ်"

"ကောင်းပါပြီ အစ်ကို"

ပြီးနောက် နှစ်ဦးသား ငြိမ်သက်နေကြပြန်လေသည်။ အတန်ကြာငြိမ်သက်နေကြရာမှ . . .

"အစ်ကို ဘာတွေတွေးနေတာလဲဟင်"

မြကြာဖြူက ငြိမ်သက်မှုကို ဖြိုခွဲလိုက်လေသည်။

"အော် . . ကြာဖြူရယ် တို့ဘဝတစ်စိတ်တစ်ဒေသကို အတွေးရောက်သွားလို့ပါကွယ်"

"အစ်ကိုကလည်း ဒီရွာမှာနေရတာ ပျော်ပုံမရဘူး ထင်တယ်"

"မဟုတ်တာပဲကွယ် . . အစ်ကို ကြာဖြူတို့နဲ့ နေရတာ ပျော်ပါတယ်"

"ဒါဆိုရင် ဘာလို့တွေဝေနေရတာလဲ အစ်ကိုရယ်၊ ပျော်ပျော်ရွှင်ရွှင်နေပါလား အစ်ကိုရယ်"



မြကြာဖြူ၏ ဝမ်းနည်းဖွယ်ရာလေသံနှင့် ဆိုလာသော စကားကြောင့် ဟိန်းထက်အောင် ပြုံးလိုက်ပြီးလျှင်

"ညီမနဲ့နေရရင်လေ . . ဒီရွာတင်မကဘူး . . ဟိုးအဝေးကြီးမှာမြင်နေရတဲ့ တောင်တန်းကြီးပေါ်မှာ နှစ်ယောက်တည်းနေမယ်ဆိုရင်တောင် အစ်ကိုက ပျော်နေမှာပါဗျာ . . သိရဲ့လား"

"သွားပါ . . အပိုတွေ ပြောမနေနဲ့"

မြကြာဖြူ၏မျက်စောင်းလေးက သူ့ဆီ တန်းတန်းမတ်မတ် ကျရောက်လာလေသည်မို့ . . .

"တစ်ကယ်ပြောတာပါ ညီမရဲ့ . . မယုံရင် သွားကြည့်ကြရအောင်လား"

သူ့စကားကြောင့် မြကြာဖြူက မပြုံးမရယ်မျက်နှာအမူအရာနှင့် . . .

"အစ်ကိုကလည်း ပြောရော့မယ်"

"ညီမပဲ အစ်ကို့စကားကို မယုံဘူးဆို"

"ယုံပါတယ်"

ဟိန်းထက်အောင် မြကြာဖြူအား စူးစူးရဲရဲစိုက်ကြည့်လိုက်လေသည်။ မြကြာဖြူက မဖြူမညိုအသားပေါ်၌ သနပ်ခါးရေကျဲလေး လူးထားသဖြင့် တစ်မျိုးချစ်စရာကောင်းနေလေသည်။ ရှုပြီးသော ခန္ဓာကိုယ်က စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနိမ့်မမြင့်အရပ်၊ ဖွံ့ဖြိုးစအရွယ်၏ နိမ့်မြင့်မို့မောက်အချိုး အစားကြောင့် ဟိန်းထက်အောင် ရင်တလှပ်လှပ်ပင် ခုန်နေရလေ ရဲ့ . .

"တင်း"

သူ သက်ပြင်းကိုချလိုက်လေသည်။

"အစ်ကို ဘာတွေတွေးပြီး ရင်မောနေရပြန်ပြီလဲဟင်"

"အော် ... ညီလေးအကြောင်းကိုပါ"

ဟိန်းထက်အောင် မြကြာဖြူအားကြည့်ရင်း ပြောလိုက်မိသည်။

"ဘာအကြောင်းတွေလဲ အစ်ကိုရယ် . . ကြာဖြူသိချင် လိုက်တာ၊ ဘာကြောင့် အစ်ကိုဟာ ရထားပေါ်ကနေ တွန်းချတာ ကိုခံရတာလဲဆိုတာ ကြာဖြူ မကြာခဏတွေးမိပေမယ့် အဖြေက တိတိကျကျ မရှိဘူး အစ်ကိုရယ်"

မြကြာဖြူအမူအရာက သူ့အတွက် ရတက်မအေးအသွင် ကို ဆောင်နေကြောင်း ဟိန်းထက်အောင် အကဲခတ်မိသည်မို့ မြကြာဖြူအပေါ် ပို၍ပင် သံယောဇဉ်တွယ်မိရလေသည်။

ထို့အတူ ဖွင့်ဟပြောရင်လည်း စဉ်းစားမိလေသည်မို့ . . .

"ညီမသိချင်ရင် အစ်ကိုပြောပြပါ့မယ်ကွာ"

မြကြာဖြူ တည်ငြိမ်အေးချမ်းစွာ ဂရုတစိုက်နားထောင်နေ



လေသည်။ စားကျက်လွှတ်ထားသော နွားများပင် ရွာဆီသို့ပြန်လာ ကြလေပြီပင် . . .

"အစ်ကိုတို့မှာ ညီအစ်ကိုနှစ်ယောက် ရှိခဲ့တယ် မြကြာ ဖြူ . . အမြွှာညီအစ်ကိုပေါ့ကွယ်၊ တစ်ယောက်နဲ့တစ်ယောက် ငါးမိနစ်ပဲခြားတယ်ကွ"

"ဒါဆို အသက်သိပ်မကွာလှဘူးပေါ့ နော်"

"ဟုတ်တယ် ကြာဖြူ . . အစ်ကိုက အကြီး၊ နောက်တစ် ဦးက ညီပေါ့ကွာ . . အစ်ကို့နာမည်က ဟိန်းထက်အောင်၊ သူ့နာ မည်က ဇော်ဝေတဲ့"

"အခု သူကတော့ ဘယ်မှာလဲဟင်"

"ဒီလိုကွာ . . အစ်ကို့ဖေဖေက မန္တလေးမြို့မှာတော့ နာမည်အကြီးဆုံး အထည်ကုန်သည်တစ်ဦးပေါ့ . . ဦးအောင်ကျော် နဲ့ ဒေါ်မြမြတင်လို့ ခေါ်တယ်"

"အော်"

"အဖေ့ရဲ့ကြိုးစားမှုကြောင့် စီးပွားရေးကလည်း တော် တော်တိုးတက်ခဲ့တယ် ညီ[redacted]လေးမှာပဲ ပွဲရုံကြီးနှစ်ခုရှိတယ်၊ ဒါ့အပြင် နောက်စီးပွားရေးလုပ်ငန်းတွေလည်း ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တော်တော်ချမ်းသာတာပဲနော်"

"ဟုတ်တယ် ကြာဖြူ . . စီးပွားရေးကတော့ ချမ်းသာတောင့်တင်းပါတယ်၊ ဒါပေမယ့် စိတ်ပိုင်းဆိုင်ရာ မပြေလည်မှုလေးတွေကပဲ အဲဒီစီးပွားရေးဆိုတဲ့ အသိုက်အဝန်းကြီးတစ်ခုကို မုန်တိုင်းဝင်မွှေ သွားခဲ့ရတယ် ကြာဖြူ"

"ဟင်း . . အစ်ကိုတို့ဘဝကလည်း တစ်မျိုးပဲနော်"

"ဟုတ်တယ် ကြာဖြူ"

မြကြာဖြူက ဝမ်းနည်းသော အမူအရာနှင့် စိတ်မကောင်းစွာပြောလိုက်လေသည်။

"အစ်ကိုတို့ဘဝက ကံဆိုးပါတယ်ကွာ"

"ဘာဖြစ်လို့လဲ အစ်ကို"

"အတိတ်ဘဝက အစ်ကိုတို့ သူများအသိုက်အမြုံကို ဖျက်ဆီးခဲ့လို့လားတော့ မပြောတတ်ဘူး ညီမရယ် . . အစ်ကိုတို့ဘဝ ချောမွေ့အဆင်ပြေမလို့နဲ့ ခရီးကြမ်းကို လျှောက်လှမ်းခဲ့ရတယ်ကွာ"

"အော် . . အစ်ကိုရယ်"

မြကြာဖြူ အမှန်ပင် စိတ်မကောင်းလှချေ။ မြကြာဖြူ၏ မျက်ဝန်းမှ ရစ်ဝဲဝေသီနေသည့် မျက်ရည်ကြည်လေးများက သူမ၏ဝမ်းနည်းသော အထိမ်းအမှတ် သက်သေများပင်။



"ညီမ ကြာဖြူ"

"ရှင် . . အစ်ကို"

"အစ်ကိုတို့အကြောင်းတွေ ညီမသိရင် စိတ်မကောင်းဖြစ်နေလိမ့်မယ်ကွယ်"

မြကြာဖြူက ကြွေကွဲဖွယ်ရာစကားဆိုလာသော ဟိန်းထက်အောင်အား ကြည့်လိုက်ပြီး . . .

"အစ်ကို ခံစားနေရတဲ့ဝေဒနာကို ညီမကို ပြောပြလိုက်ရင် အစ်ကို ဝေဒနာတစ်ဝက် သက်သာသွားလိမ့်မယ်ထင်လို့ပါ အစ်ကို"

"ဟုတ်ပါတယ် . . ညီမရယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လို့လဲ အစ်ကို၊ ညီမ အတင်းအကျပ် မသိချင်ပါဘူးနော် . . အစ်ကို စိတ်ထိခိုက်နေရတာ မကြည့်ရက်လို့ပါ"

"အေးပါကွာ . . အစ်ကိုပြောပြပါ့မယ် အဖြစ်က ဒီလိုပါ"

ဟိန်းထက်အောင် သူ့ဘဝဇာတ်ကြောင်းကို မြကြာဖြူအား ဖွင့်ပြောမိသည်။

⁂

"ဟယ် . . မွေးပြီပေါ့ . . သာလေးတော့ ချစ်စရာလေး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဆွဲသည် အဘွားကြီး၏အော်သံနှင့် မရှေးမနှောင်းမှာပင် . . .

"ဟော . . မွေးပြန်ပြီ တစ်ယောက် အမြွှာပဲတော့၊ ယောကျ်ားလေးပဲတော် ရုပ်ချင်းကတော့ ဆင်တူတွေပဲ"

အားလုံးသောလူများ အမြွှာညီအစ်ကိုယောကျ်ားလေးနှစ်ဦး၏အသွင်အပြင်ကိုကြည့်၍ အားလုံးဝေခွဲမရ ဖြစ်နေလေသည်။

"ဘယ်ဟာ အကြီး . . ဘယ်ဟာ အငယ်လဲ"

"သူက အကြီး၊ သူက အငယ် ငါးမိနစ်ပဲခြားတယ်"

"သူဌေးကြီး ဦးအောင်ကျော်ကတော့ သားနှစ်ယောက် အဖေ တစ်ပြိုင်တည်းဖြစ်သွားပြီဗျို့"

"အတား . .တား . . ဟား"

ဦးအောင်ကျော်မှာ သားနှစ်ယောက်ကိုကြည့်၍ ပီတိဖြစ်နေလေသည်။

"အစ်ကိုကြီး"

"အော် . . မြပါလား၊ ဘာလဲကွယ် . . အစ်ကိုကြီး ဘာလုပ်ပေးရမလဲ"

"မြလေ . . အမဲသားစားချင်တယ်"

"အမယ် . . မြကလည်း ဒါများ၊ မိးတွင်းထဲကထွက်မှ စားပါလားကွာ"



"ဘာလဲ အစ်ကိုကြီးက မြကိုမချစ်ဘူးပေါ့"

"မဟုတ်ဘူးလေ . . တော်ကြာသွေးပြောင်းပြီး"

"တော်တော့"

ဦးအောင်ကျော်စကားပင် မဆုံးသေး၊ ဒေါ်မြမြတင် ဆန္ဒပြလေပြီ။

"အော် . . မြကလည်း စိတ်ချည်းပဲကွာ၊ အစ်ကိုကြီးက အကောင်းပြောတာပါကွယ်"

"ဟင့်အင်း . . မရဘူး အခု သွားဝယ်ပေး"

ဦးအောင်ကျော် မည်သို့မျှ မတတ်သည့်အဆုံးမှာ ဈေးသို့ပြေး၍ အမဲသားဝယ်ခဲ့ရလေသည်။ ဤသို့နှင့် သားနှစ်ယောက် အရွယ်ရောက်လာချေသည်။

သားနှစ်ဦး သုံးနှစ်သားအရွယ်မှစ၍ ဦးအောင်ကျော်၏ စီးပွားရေးမှာ အလွန်ပင် တိုးတက်လာခဲ့လေသည်။ ဦးအောင်ကျော်ကလည်း ရိုးသားစွာလုပ်ကိုင်မှုကြောင့် ဖောက်သည်များစွာ ရရှိခဲ့သည့်အတွက် စီးပွားရေးမှာ ပို၍ကောင်းမွန်လာခဲ့သည်။

"မြ . . အစ်ကိုကြီး ကြိုးစားသမျှဟာ မြနဲ့သားနှစ်ယောက်အတွက်ပါပဲကွယ်"

"အမယ်လေး . . အစ်ကိုကြီး ပင်ပန်းပါတယ် နားပါဦးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်မြရဲ့ . . တော်ကြာ သားတွေကို ရှင်ပြုရဦးမှာ မဟုတ်လား မြရဲ့ . . ခုကတည်းက ကြိုးစားထားမှ"

"အမယ်လေး . . ပြောမရလည်း ကြိုက်သလိုလုပ်ပါကွယ် မြကတော့ အစ်ကိုကြီး ပင်ပန်းမှာစိုးလို့"

"အစ်ကိုကြီး သိပါတယ် မြရဲ့ တဲ . . တဲ"

"သိရင်ပြီးတာပဲ . . နောက်မှ ပင်ပန်းတယ်ဆိုပြီး လာ မညည်းနဲ့နော်"

"မညည်းပါဘူးကွယ် . . တဲ တဲ"

နှစ်ဦးသားကြည့်ရင်း ရယ်မောမိကြသည်။

❋

ကံကြမ္မာအလှည့်အပြောင်းက မြန်ဆန်လွန်းလှသည်။

တစ်နေ့ . . .

"အစ်ကိုကြီး"

"ဘာလဲမြ"

"ရှင် အခုတစ်လော ဘာတွေဖြစ်နေတာလဲဟင်"

"အစ်ကို . . ဘာဖြစ်လို့လဲ မြရယ်"

"ရှင် ဘာမှ မလိမ့်တစ်ပတ် လုပ်မနေပါနဲ့"

အတင်းအကျပ်စွပ်စွဲစကား ပြောနေသော ဇနီးသည်စကား



ကြောင့် ဦးအောင်ကျော် မျက်မှောင်ကြုတ်၍စဉ်းစားလိုက်သည်။ သို့သော် ဘာမျှမသိရပေ။

"ဘာလဲ မြရဲ့ . . ဘာတွေပြောနေတာလဲဟင်"

"ရှင် တစ်ကယ် မသိဘူးလား"

"အေးပါကွာ . . တစ်ကယ်မသိလို့ပါ"

ဒေါ်မြမြတင်က မျက်နှာကိုတည်လိုက်ပြီး ခါးထောက်ကာ ဦးအောင်ကျော်ကို ကြည့်လိုက်ပြီး . . .

"ရှင်နဲ့ ထားခင်တို့အနေအထား ဘယ်အထိ ရောက်နေပြီလဲ"

"ဘာ . . ဘာပြောတယ် မြ"

ဦးအောင်ကျော် အလွန်အံ့ဩသွားရလေသည်။ ထားခင်သည် အလုပ်ကြိုးစားသောကြောင့် သူ့ပွဲရုံတွင် စားရေးအလုပ်ခန့်ထားခြင်းအတွက် ဒေါ်မြမြတင် မကျေနပ်သည်လော . . .

"ရှင်နဲ့ထားခင် ဘာတွေဖြစ်နေကြတာလဲ မြသိချင်တယ်"

"မြရယ် . . မဟုတ်တာတွေ မပြောပါနဲ့ကွာ"

"အို . . ဘာမဟုတ်တာလဲ၊ လူသိရှင်ကြားပဲ ဖြစ်တော့မယ်"

"တော်ကွာ . . မင်းဘယ်လိုထင်ထင် ရိုးသားတဲ့မိန်းမလေးကို မဟုတ်မဟတ်စကားတွေနဲ့ မနှိပ်ချနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အော် . . ရှင်က ရှင့်ကောင်မ ထိတော့ နာတယ်ပေါ့"

ဦးအောင်ကျော် အလွန်ဒေါသထွက်သွားရလေသည်။

မဟုတ်မမှန်ကိစ္စတစ်ခုကို အစွဲပြု၍ အိမ်ထောင်ရေး ဂယက်ထစပြုလေပြီ။ တစ်ကယ်ဆိုပါလျှင်လည်း သူ့အနေနှင့် ရိုးရိုးသားသားနှင့် ပညာကိုကြိုးစားသော မထားခင်ကို သနားမိ၍ အလုပ်ပေးခဲ့မိသည်။

အရောင်းအဝယ်လုပ်သောကြောင့် လူပေါင်းစုံနှင့် ဆက်ဆံနေရသူတစ်ဦးမို့ လည်းကောင်း . . .

မထားခင်နှင့် အလုပ်ကိစ္စတွေ ဖိကျလာလျှင် တစ်နေကုန် စာရင်းရှင်းနေရသည်ဖြစ်၍လည်းကောင်း ဒေါ်မြမြတင် အထင်လွဲသည်ကို အပြစ်တော့ဖြင့် မဆိုနိုင်ပါချေ။

"ကဲ . . ကိုအောင်ကျော် ရှင်ငြင်းဦးမလား"

"ဟ . . ဟုတ်မှ မဟုတ်တာ၊ ငါက ဘာငြင်းရမှာလဲကွ"

"ရှင့်ဟာသာရှင် ညာချင်ညာ၊ ကျုပ်ကိုတော့ လာမညာနဲ့"

"ဟာကွာ . . ဘယ်လိုမှ ပြောလို့မရတော့ဘူးလားကွာ"

ဒေါ်မြမြတင် မကြားယောင်ဆောင်နေလေသည်။

"ဟော့ . . မြ မင်း ဒီသတင်းတွေ ဘယ်ကကြားခဲ့တာလဲကွာ"

"ဘယ်ကကြားရမလဲ ပုပ်ရင်ပေါ်၊ ဟုတ်ရင်ကျော် လူ



သတင်းလူ့ချင်းတော့ ဆောင်တာပဲပေါ့ရှင်"

"ဟူး . . မလွယ်ပါလား"

ဦးအောင်ကျော် ရေချိုးပြီး အိမ်မှထွက်လာခဲ့လေသည်။ တစ်ပတ်ခန့်အတွင်း အိမ်မပြန်ဘဲ အလုပ်ကို မထားခင်နှင့် လွှဲအပ်ထားခဲ့ကာ သူက ပြင်ဦးလွင်တွင်ရှိသော မိတ်ဆွေတစ်ဦးထံ၌ သွားရောက်နေခဲ့လေသည်။

ဇနီးသည် စိတ်ပြေပျောက်လောက်ပြီဟု ယူဆမိ၍ ပြန်လာခဲ့စဉ်တွင်မှ အခြေအနေမှာ ပို၍ဆိုးရွားလာချေတော့သည်။

"အော် . . ရှင်ပြန်လာသေးတယ်နော်"

အိမ်ရောက်ရောက်ချင်း ဆီးပြောလာသော ဇနီးသည်စကားကြောင့် . . .

"ဟဲ့ . . မြ အစ်ကိုကြီးက ကိုယ့်အိမ်ကို ပြန်မလာလို့ ဘယ်မှာသွားနေရမှာလဲကွ"

"နေချင်ရာနေ ပွေချင်ရာပွေပြီး အခုမှ အိမ်လာမကပ်နဲ့"

"တင်း . . ဒုက္ခပါပဲလား မြရယ်"

ဦးအောင်ကျော် အိမ်ရှေ့ဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်လေသည်၊ ပြီးမှ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်သည်။ ထိုစဉ် . . .

"ဟာ . . ဖေကြီး ပြန်လာပြီတော့"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွ . . ပေကြီး ပြန်လာပြီကွ"

သားနှစ်ယောက် ခြိုင်တူအိမ်ပေါ် ပြေးတက်လာကြပြီး လွယ်ထားသော လွယ်အိတ်များကို စားပွဲပေါ်ပစ်ချပြီး သူ့ထံပြေးလာကြလေသည်။

"ပေကြီး . . ဘယ်သွားနေလဲဟင်"

သားကြီးဖြစ်သူ ဟိန်းထက်အောင်က မေးလိုက်စဉ် သားငယ်ဖြစ်သူက ဇော်ဝေကလည်း . . .

"ပေကြီး သားတို့ ပေကြီးကိုမျှော်နေတာ"

"အေးမျှော်ကြ . . မျှော်ကြ နင်တို့ကသာ အမေကိုမျှော်နေကြတာ . . နင်တို့အမေက မယားငယ်အသစ်လေးနဲ့ ပျော်နေတာဟဲ့"

"ဟာ . . မြရာ ကလေးတွေ အထင်လွဲကုန်ပါ့မယ်"

"ပေကြီး မယားငယ်ဆိုတာ ဘာလဲ"

အငယ်ကောင်မေးလေသည်မို့ ဒေါ်မြမြတင်မှာ မတတ်သာတော့ဘဲ . . .

"နှင့်အပေ နောက်မိန်းမရနေပြီ၊ အဲဒီမိန်းမနဲ့ မွေးတဲ့ကလေးတွေက နင်တို့ကို အပေါ်စီးကနေ တက်စီးပြီး အနိုင်ကျင့်မှာ"

"ဟုတ်လား . . ပေကြီး"



"မဟုတ်ပါဘူး သားငယ်ရာ . . မင်းအမေ နောက်နေတာပါ"

ဦးအောင်ကျော်က အလိုက်အထိုက် ပြန်ဖြေလိုက်လေသည်။

"ဟင့်အင်း . . သားကတော့ ယုံပါဘူး၊ ပေကြီး သားကိုညာတာ"

ပြောပြီး သူ့မိခင်ထံပြေးပြီး ဖက်တွယ်ထားလေသည်။ ဤသည်ကိုမြင်ရသော သားကြီးဟိန်းထက်အောင်မှာမူ . . .

"ပေကြီး သားကတော့ ပေကြီးကိုပဲ ချစ်တာ၊ ပေကြီး နောက်မိန်းမ မယူရဘူးနော်"

"အေးပါ . . သားရယ်၊ ပေပေ ဘယ်တော့မှ မယူပါဘူး"

သားကြီးဟိန်းထက်အောင်အား ဦးအောင်ကျော် ထွေးပွေ့ထားလိုက်မိသည်။

"ကဲ . . သားတို့ ကျောင်းကပြန်လာတာ ဆာနေကြပြီပေါ့ . . လာ ထမင်းစားကြရအောင်နော်"

ဦးအောင်ကျော် သားနှစ်ယောက်ကို ထမင်းကျွေးရန် ခေါ်သော်လည်း သားငယ်ကမူ မိခင်ထံမှ မခွာပါပေ။

www.burmeseclassic.com

www.burmeseclassic.com



"တော့ . . မြ စောစောစီးစီး အထုပ်အပိုးတွေ ပြင်လို့ လား"

နံနက်စောစော အထုပ်အပိုးများအတွင်း အဝတ်အစား များထည့်နေသော ဖနီးသည်အား လှမ်းပြောမိသည်။

"ရှင်နဲ့ကျွန်မ ဒီနေ့ကစပြီး ပြတ်စဲပြီလေ . . ကျွန်မ အမေ တို့အိမ်ကို ပြန်တော့မယ်"

"ဟာ . . မလုပ်ပါနဲ့ကွာ၊ တစ်ကယ်လည်း ဘာမှမဟုတ် ပါဘူးကွာ"

"ရှင်မပြောနဲ့ . . ကျုပ်စိတ်ဆင်းရဲတော့ မခံဘူး . . မိဘ အိမ်မှာပဲ နေမယ်"

ပြောပြီး သားနှစ်ယောက်အား ခေါ်လိုက်လေသည်။

"ကဲ . . သားတို့ မေမေနဲ့လိုက်မလား၊ မင်းအဖေနဲ့ နေ ခဲ့ကြမလား"

သားနှစ်ယောက်စလုံး မိခင်ကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်ပြီး တွေဝေနေကြလေသည်။

"သားကတော့ မေမေနဲ့လိုက်မယ် . . ဖေကြီးကိုမုန်း တယ်"

သားငယ် ဇော်ဝေက သူ့အားစိမ်းစိမ်းကားကားကြီး စိုက် ကြည့်ပြီး ပြောလေတော့သည်။ သားကြီးဟိန်းထက်အောင်မှာမူ



"သားကတော့ ဖေကြီးနဲ့ပဲ နေခဲ့မယ် . . မေမေနဲ့ ညီလေး သွားရင် ဖေကြီးပျင်းကျန်နေခဲ့မှာ သနားပါတယ်"

"တင်း"

ဦးအောင်ကျော် သားကြီးအားကြည့်ရင်း ရင်ထဲ၌နင့်ခနဲ နေအောင် ခံစားသွားရလေသည်။ ထို့ကြောင့် ဖနီးသည်အား လှမ်း ကြည့်လိုက်ပြီး . . .

"မြရယ် . . ကလေးတွေ ကျောင်းပိတ်သေးတာမှ မဟုတ် ဘဲ . . ကျောင်းပိတ်တော့မှပဲ သွားကြပါလားကွာ"

"မလိုပါဘူး . . သစ္စာမရှိတဲ့ ရှင်နဲ့ တစ်ရက်မပြောနဲ့ တစ်နာရီတစ်စက္ကန့်တောင် မနေချင်ဘူး"

"ကြားထဲက ကလေးတွေအတွက်ကော မစဉ်းစားတော့ ဘူးလား"

"ဒါက သူတို့သဘောပါ . . အဖေခင်တဲ့သူ နေခဲ့၊ မအေ ခင်ရင် မအေနောက်လိုက်ခဲ့ကြပေါ့"

"မင်း မသွားရဘူး မြ"

"သွားတော့ ဘာဖြစ်လဲရှင့်"

ဦးအောင်ကျော် တံခါးဝမှ ထွက်ပာန်ပြင်နေသော ဖနီးသည် ရှေ့မှ ပိတ်ရပ်ရင်း . . .

"မသွားရဘူးကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဟယ်"

"ဖျန်း"

ဒေါ်မြမြတင် ဦးအောင်ကျော်၏ပါးကို ရိုက်ပြီး သားငယ်ကို ဆွဲကာ အိမ်ပေါ်မှဆင်းခဲ့လေသည်။

"ဖေကြီး . . မေကြီးတို့သွားပြီနော်"

"အေးပါ . . သာရယ် မေကြီးစိတ်ဆိုးပြေရင် ပြန်လာမှာပါ"

မိခင်နှင့် ညီကိုကြည့်ရင်း တိန်းထက်အောင် မျက်ရည်စတွေ ကျဆင်းနေချေပြီမို့ ဦးအောင်ကျော်က . . .

"သားလည်း လိုက်ရင်လိုက်သွားလေ . . ပျင်းနေမှာစိုးလို့"

"တင့်အင်း . . သားမရှိရင် ဖေကြီးလည်း ပျင်းနေမှာပေါ့ မလိုက်ဘူး"

"အော် . . သားရယ်"

ဦးအောင်ကျော် သားကြီး တိန်းထက်အောင်အား ပွေ့ဖက်လိုက်လေသည်။

ဦးအောင်ကျော် လူကြီးများနှင့် တိုင်ပင်ကာ ဒေါ်မြမြတင်



ကိုပြန်ခေါ်သည်။ သို့သော် မာနကြီးသော ဒေါ်မြမြတင်မှာ မည်သို့မျှ မပြောင်းလဲ၊ တင်းခံနေလေသည်။

"ဖေကြီး . . မေကြီးပြန်မလာသေးဘူးလားဟင်"

"လာမှာပါ . . သားကြီးရယ်"

"သားလေ . . မေကြီးနဲ့ ညီလေးကို လွမ်းတယ်"

"အေးပါ . . သားလေးရယ်၊ ဖေကြီးလေ မေကြီးတို့ကို သွားခေါ်ထားပါတယ် . . လာတော့မှာပါကွယ်"

"တစ်ကယ်နော်"

"တစ်ကယ်ပါ သားရယ်"

သားကြီးအား သူ ညာပြောလိုက်ရပေမယ့် စိတ်ထဲ၌ မကောင်း။ နောက်ဆုံး၌ ညှိနှိုင်း၍မရသော အခြေအနေမို့ ဦးအောင်ကျော် တရင်းရှင်းရပေတော့သည်။

ထို့နောက် လူကြီးစုံရာရှေ့မှောက်တွင် ဤလက်ရှိအိမ်ကြီးနှင့် ပွဲရုံတစ်ရုံကို ဇနီးသည်အားလွှဲပြောင်းပေးခဲ့ပြီး ကျန်ပွဲရုံတစ်ရုံနှင့် ရန်ကုန်ဗဟန်းရှိအိမ်ကို သူယူခဲ့လေသည်။

"ကဲ . . အားလုံး သဘောတူညီ လက်မှတ်ရေးထိုးကြပါ"

ရှေ့နေကြီး ဦးမောင်မောင်သက်၏ စကားကြောင့် စာချုပ်များကိုယူ၍ လက်မှတ်ထိုးပေးလိုက်ပါသည်။

"ကဲ . . ဒီနေ့မှစပြီး ဦးအောင်ကျော်နဲ့ ဒေါ်မြမြတင်တို့

www.burmeseclassic.com



တာ နှစ်ဦးသဘောတူ ပြတ်စဲပြီးဖြစ်၍ အကြင်လင်မယားအဖြစ်မှ ပြတ်စဲပြီးပြီနဲ့ တစ်ဦးနဲ့တစ်ဦး ဘယ်လိုမှ မပတ်သက် မသက်ဆိုင်တော့ပါဘူးနော်”

“ဟုတ်ကဲ့ပါ ခင်ဗျာ”

“ဟုတ်ကဲ့ပါရှင်”

“ကဲ .. နှစ်ယောက်လုံး ဘာများပြောစရာရှိပါသေးလဲ”

“မရှိပါဘူး ခင်ဗျာ”

“မရှိပါဘူး ရှင်”

“ကောင်းပြီ .. အခုအချိန်ကစပြီး ကွာရှင်းပြတ်စဲခြင်း တရားဝင်ပြီးစီးသွားပါပြီ”

ဗဟိုဥပဒေရှေ့နေကြီး ဦးမောင်မောင်၏ စကားအဆုံး၌

“မေကြီး သားနဲ့ဖေကြီးကို ထားခဲ့မှာလားဟင်”

သားကြီး ဟိန်းထက်အောင်၏ သနားစဖွယ်စကားကြောင့် ဒေါ်မြမြတင် မျက်ရည်ရစ်ဝဲကာဖြင့် . . .

“သားက မေမေနဲ့ မလိုက်ဘူးလားကွယ်”

“ဟင့်အင်း .. ဖေကြီးကျန်ခဲ့မှာစိုးတယ် .. သားနေရစ်ခဲ့မယ် မေကြီး”

သားကြီးက မျက်ရည်တွေနှင့် စကားဆိုလိုက်သည်။

“ကိုကြီး .. ညီလေးတို့နဲ့ လိုက်ခဲ့ပါလားဟင် နော်”



“ညီလေးရယ် .. ကိုကြီး လိုက်ခဲ့ရင် ဖေကြီးကျန်ခဲ့မှာပေါ့ကွာ”

“ဟာ .. ကိုကြီးကလည်း ညီလေးတို့နဲ့သာ လိုက်ခဲ့ပါ ကိုကြီး ဖေကြီးနဲ့ နေခဲ့ရင် ဟိုမိန်းမကြီးက ကိုကြီးကို ရိုက်လိမ့်မယ်”

သားငယ်ဇော်ဝေ၏စကားကြောင့် ဦးအောင်ကျော်တွေဝေသွားရသည်။ စိတ်ထိခိုက်ခဲ့ရလေသည်။

“ကဲ .. ကိုကြီး လိုက်ခဲ့မလား”

“ဟင့်အင်း .. ညီလေးတို့ပဲ သွားကြပါကွာ”

“ကဲ .. သွားမယ်၊ သားကြီး အချိန်မရွေး မေမေတို့ဆီ လာလို့ရတယ်နော်”

“ဟုတ်ကဲ့ပါ မေမေ”

သားကြီး မျက်ရည်တွေနှင့် ကျန်ရစ်ခဲ့သည်ကို မကြည့်ရက်သည်မို့ . . .

“သားလိုက်သွားပါလားကွယ်”

“မလိုက်ပါဘူး .. ဖေကြီး သား ဖေကြီးနဲ့ပဲ ပျော်အောင်နေပါ့မယ်”

“ကိုကြီး .. ညီလေး သွားမယ်နော်”

“အေးပါကွယ် .. ညီလေးရယ်၊ အစ်ကိုကြီးကို စိတ်မဆိုး

www.burmeseclassic.com

www.burmeseclassic.com



နဲ့နော် . . ကိုကြီး ဖေကြီးကို သနားလို့ပါကွာ"

"အေး . . ညီလေး စိတ်မဆိုးပါဘူး။ အစ်ကိုကြီး ဖေကြီးကို စောင့်ရှောက်ပေါ့ကွာ"

အသက်ငယ်ပေမယ့် သိတတ်သော သားနှစ်ဦးအား ကြည့်ရင်း ဦးအောင်ကျော် ရင်ကွဲမတတ် ခံစားရလေသည်။

"ဖေဖေတို့ဘဝက အဖြစ်ဆိုးတယ် သားရယ်၊ ဘယ်ဘဝကများ ရေစက်ကြောင့်ပါလိမ့် . . တို့ဘဝကများ သူများအသိုက်အမြုံတွေ ဖျက်ဆီးခဲ့လို့များလားကွယ်"

"ဖေကြီး ငိုနေတယ် ဟုတ်လား"

"မငိုပါဘူး သားကြီးရယ် . . သားတို့ကိုကြည့်ပြီး ဖေကြီး စိတ်မကောင်းလွန်းလို့ပါကွယ်"

ပြောပြီး ဦးအောင်ကျော် ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။ သားကြီး ဟိန်းထက်အောင်သည်ကား အဝေးသို့ရောက်သွားပြီဖြစ်သည့် မိခင်နှင့် ညီဖြစ်သူအား မျက်စိတစ်ဆုံး လိုက်ကြည့်ရင်း မျက်ရည်အဝိုင်းသား . , .

"အော် . . မနက်ဖြန် သည်အိမ်ကြီးပေါ်မှ ပြောင်းရွှေ့ပေးကြရဦးမှာ"

ပြင်ဆင်စရာရှိတာတွေကို ဦးအောင်ကျော် ပြင်ဆင်နေမိလေသည်။ သားကြီးက သူ့အားကူညီပေးနေလေသည်။



ဦးအောင်ကျော် သားဖြစ်သူ ဟိန်းထက်အောင်နှင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့သည်မှာ ကြာခဲ့လေပြီ။

"သား . . ဘာတွေလုပ်နေတာလဲကွ"

"သား . . ပန်းချီဆွဲနေတာပါ ဖေဖေ"

သားဖြစ်သူ၏ ပန်းချီအား သူလှမ်းကြည့်လိုက်စဉ် ရင်နှင့်မတွေ ဆက်တိုက်ထွက်ပေါ်လာသည်။ အကြောင်းမူကား သားဆွဲထားသည့် ပန်းချီကားမှာ အခြားမဟုတ်ချေ။ သူ၏မိခင်နှင့် ညီဖြစ်သူတို့၏ ပုံများပင် ဖြစ်နေ၍ပင်။

"ဟင် . . သားက မင်းမေမေနဲ့ ညီလေးပုံကို ဆွဲထားတာလဲ"

"ဟုတ်တယ် . . ဖေဖေ သား ဖေဖေ့ကို ပြမလို့"

"ဒါနဲ့သား ဒီပုံတွေကို ဘယ်ကရလို့ ဆွဲထားတာလဲကွယ့်"

"ဒီလိုပါ ဖေဖေ . . ဖေဖေအပြင်သွားတုန်း သားလည်းမေမေနဲ့ညီလေးကို သတိရလွန်းလို့ ဖေဖေ့ဒိုင်ယာရီစာအုပ်ထဲက ညီလေးနဲ့ မေမေ့ဓာတ်ပုံကိုကြည့်ပြီး ဆွဲထားတာပါ ဖေဖေ သား အပြစ်ရှိရင် ဆုံးမပါ"

သူ့စိတ်မကောင်း ဖြစ်ရပြန်ပြီ။ သားကြီး သူ့ညီလေးနှင့် မိခင်ကို လွမ်းနေကြောင်း သူရိပ်မိသည်မှာ ကြာလေပြီ။

သူဘာတတ်နိုင်မည်နည်း။ ထို့ကြောင့် စကားလွှဲပစ်လိုက်ပါ

www.burmeseclassic.com

ရသည်။

"သား . . ပန်းချီပစ္စည်းတွေ တော်တော်စုံရဲ့လား"

"ရှိပါတယ် ဖေဖေ . . ကျောင်းမုန့်ဖိုးထဲက စုပြီးဝယ်ထားတာ"

"အော်"

"ဖေဖေ"

"ဘာလဲ သား"

"သား တစ်ခုပြောချင်လို့ပါ"

"ပြောလေ . . သားရဲ့ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောပါကွာ"

"သားလေ . . အခုနှစ်ကိုးတန်း စာမေးပွဲပြီးရင် ပန်းချီကျောင်း သုံးနှစ်တက်ပါရစေ ဖေဖေ"

"ဟေ . . ကျောင်းဆက်မတက်တော့ဘူးလားကွယ့်"

"ဟုတ်ကဲ့ . . ဖေဖေ သား ပန်းချီပန်းပုကျောင်းပဲ တက်ချင်ပါတယ်"

ဦးအောင်ကျော် တွေဝေသွားရလေသည်။

ဇနီးသည်နှင့်ပါသွားသော သားငယ်မှာ ယခုဆို ကိုးတန်းကျောင်းသား ဖြစ်နေလောက်မည်၊ ညီအစ်ကိုနှစ်ဦးလုံး ကျောင်းအတူထားဖြစ်ခဲ့သည်ပဲ . . .



ယ်က မည်သို့နေမည် မသိ၊ သားကြီးကတော့ အနု ညာဖတ် ျပြီကော . . .

" . . သား ဝါသနာပါလွန်းရင်လည်း တက်ပေါ့ကွယ် ိုအပ်တာ ဖေ ဖေ့ကိုပြောပါ"

သား မဆင်းရဲစေရန် ပြောလိုက်ရမေယ့် သူဖြစ်စေ င်သည်က ပညာ ဝတ်ကြီးတစ်ယောက် ဖြစ်စေရေးပင်။

"ကျေးဇူးတင်ပါတယ် ဖေဖေ . . သားကို ပန်းချီကျောင်း တက်ခွင့်ပြုရင်ပဲ သားကျေနပ်ပါပြီ ဖေဖေရယ်"

"ကဲ . . ဖေဖေ အပြင်သွားဦးမယ် သား"

သားခေါင်းညိတ်ပြစဉ် သူ သားအနားမှ ခွာခဲ့လေတော့ ည်။ သားအတွက် သူ့ရင်ထဲမှာတော့ မချိတင်ကဲ ခံစားနေရလေ ည်။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"အင်း . . အစ်ကို့ဘဝက အဖြစ်ဆိုးခဲ့ရတယ်နော်"

"ဟုတ်တယ် . . ညီမလေးရယ် . . အစ်ကိုဟာ အနုပညာသမားအဖြစ် ခံယူပြီး အတိတ်ကို တတ်ကျွမ်းတဲ့ ပန်းချီနဲ့ပုံဖော်ဖို့ကြိုးစားနေခဲ့ရသူပါကွယ်"

"အခု အစ်ကို ပန်းချီကျောင်းက ဆင်းခဲ့ပြီးပြီပေါ့"

"ဟုတ်တယ် . . ကြာဖြူ အစ်ကို ပန်းချီသုံးနှစ်သင်တန်းပြီးခဲ့ပြီးပါပြီ"

"အစ်ကို ဒါကြောင့် တစ်ခုခုကိုတွေးပြီး စိတ်မကောင်းဖြစ်နေရတာပေါ့နော်"



"ဒါတင် ဘယ်ကမလဲ ညီမရယ် . . အခု အစ်ကို ဒုက္ခရောက်ခဲ့ရတဲ့အဖြစ်ကလည်း စိုးရိမ်စရာပဲ"

"ရထားပေါ်က တွန်းချခံခဲ့ရတဲ့အဖြစ်ကို ပြောတာလားတင် အစ်ကို"

"အင်းပေါ့ . . ဘာဖြစ်လို့လဲဆိုရင် အစ်ကို့မှာ ဘာပြဿနာမှ မရှိဘဲ လုပ်ကြံခံခဲ့ရတယ်ဆိုတော့ လူမှားတာပဲ ဖြစ်ရမယ်"

"အင်း"

"အဲဒီလူဟာ အစ်ကိုနဲ့ရုပ်ချင်းဆင်လို့ပဲ ဖြစ်ရမယ်လို့ အစ်ကိုတွေးမိတယ်"

"ဖြစ်နိုင်တယ် အစ်ကို"

"အဲဒီလို လူမှားတာဟာ တစ်ခြားတော့ မဖြစ်နိုင်ဘူး ညီလေးများ ဖြစ်နေမလားပဲ၊ အစ်ကို့ကို ညီလေးဇော်ဝေမှတ်ပြီး လုပ်ကြံတာ မဖြစ်နိုင်ဘူးလားနော်"

"ဖြစ်နိုင်စရာလို့ ယူဆရင် ရတာပေါ့ အစ်ကို"

"အေး . . အဲ့ဒါကိုတွေးပြီး အစ်ကို စိတ်မကောင်းဖြစ်နေရတာပါကွာ"

"အော် . . အစ်ကိုရယ်"

မြကြာဖြူ တိန်းထက်အောင်အား စာနာသနားသွားရလေသည်။ မြကြာဖြူ တိန်းထက်အောင်၏ဇာတ်ကြောင်းများကို ကြား

www.burmeseclassic.com

www.burmeseclassic.com



မိတော့ အလွန်ပင် ခံစားရလေသည်။

ထို့ကြောင့်လည်း သံယောဇဉ်နှောင်ကြိုးက ပို၍ခိုင်မြဲလာခဲ့သည်။

"အစ်ကိုထင်တယ် . . ညီမ၊ ညီလေးတစ်ယောက် ရန်ကုန်မှာ ဒုက္ခရောက်နေရပြီ ထင်တယ်"

"အစ်ကိုပြောတော့ အစ်ကို့အဖေနဲ့ညီက မန္တလေးမှာ နေတာဆို"

"ဟုတ်ပါတယ် ဒါပေမယ့် ညီလေး ရန်ကုန်မှာရှိနေပြီလို့ သိရတယ် . . ဒီလိုသိခဲ့ရတာဟာလည်း အစ်ကို ရန်ကုန်မှာ လူချင်း မကြာခဏ မှားတာခံရလို့ သိခဲ့ရတာမပါပဲကွာ"

"အော် . . . ဒီလိုကိုး"

"အစ်ကို့စိတ်ထဲမှာလေ တစ်ခုခုကို ကြိုသိနေသလိုမျိုးပဲထင်တယ် . . အန္တရာယ်တစ်ခုကို ကြုံတော့မလားပဲ ထင်နေမိတယ်"

"ဟာ . . အစ်ကိုကလည်း မပြောကောင်း မဆိုကောင်း"

မြကြာဖြူ သူ့ရင်ဘတ်လေးကို လက်နှင့်ဖိလိုက်ပြီး ပြောရှာသည်။

"ကြာဖြူ . . ညီမလေး"

"ရှင် . . အစ်ကို"



"အစ်ကိုလေ . . ညီလေးဇော်ဝေနဲ့ မကြာခဏ လူမှားခံရတာ မနည်းတော့ဘူး"

"အင်း"

"အစ်ကို တစ်ကယ် စိုးရိမ်နေမိတာ အမှန်ပါကွာ"

"ညီမလည်း ထပ်တူခံစားရတာပေါ့ အစ်ကို"

တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်ကြသည်။

*

"ဟေ့လူ . . ကိုဇော်ဝေ တစ်ယောက်ထဲ ဘယ်လဲဗျ"

နောက်မှ လှမ်းခေါ်လိုက်သောအသံကို ကြားပေမယ့် သူလှည့်မကြည့်ဖြစ်။ နောက်မှပြေးလာသော ခြေသံနှင့်အတူ တစ်စုံတစ်ယောက်က သူ့ပခုံးအား လာရောက်ပုတ်လိုက်ပြီး . . .

"ဟေ့ . . ကိုဇော်ဝေ ခင်ဗျားကို ခေါ်နေတာ မကြားဘူးလားဗျ"

ပြောလာသော ထိုလူ၏စကားကြောင့် သူရုတ်တရက် ကြောင်သွားပြီးမှ . . .

"မိတ်ဆွေ လူမှားနေပြီထင်တယ်ဗျာ"

" . . ခင်ဗျား ဇော်ဝေ မဟုတ်ဘူး"

ကြောင်အမ်းအမ်း အမူအရာနှင့် ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တုတ်ပါတယ် . . ကျွန်တော် ဇော်ဝေ မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော့်နာမည် ဟိန်းထက်အောင်ပါ"

"ခင်ဗျား ညနေတာတော့ မဟုတ်ပါဘူးနော်"

"အော် . . ခက်ပြီပဲဗျာ . . ဘာကြောင့် ကျုပ်က ညာရမှာလဲဗျ"

ထိုလူ ခေါင်းကိုကုတ်လိုက်ပြီး . . .

"အေးဗျာ . . ဒီလိုဆိုလည်း ပြီးတာပဲ၊ ခင်ဗျားက ကျွန်တော့်သူငယ်ချင်း ကိုဇော်ဝေနဲ့ တစ်ပုံစံတည်း တူနေလို့ လူမှားသွားမိတာပါ . . ခွင့်လွှတ်ပါနော်"

"ရပါတယ်ဗျာ . . မတော်တဆ ဖြစ်ရတာပဲဗျာ"

"တုတ်ကဲ့ . . ကျွန်တော့်ကို ခွင့်ပြုပါဦး"

ထိုလူ မယုံတစ်ဝက် ယုံတစ်ဝက် ဝေခွဲမရသည့်ပုံစံနှင့် ထွက်သွားသည်။ ဟိန်းထက်အောင် သက်ပြင်းကိုချရင်း လမ်းဆက်လျှောက်လာခဲ့သည်။

သူ့စိတ်ထဲမှာတော့ ဝေခွဲမရသည့် ပုစ္ဆာလေးကို အဖြေရှာနေဆဲ။

*

ဒီနေ့ သူ့မွေးနေ့ဖြစ်၍ ရွှေတိဂုံဘုရားသို့ စောစောရောက်



ဖြစ်သည်။ မွေးနေ့တိုင်း နံနက်ငါးနာရီ အိပ်ရာမှထကာ ဗဟန်းအိမ်မှနေ၍ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ဆီသို့ သူလျှောက်သွားပြီး ဘုရားရင်ပြင်တော်ပေါ်တက်ကာ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း အမှုတို့ကို သူပြုနေကြဖြစ်သည်။

ထို့ကြောင့် သူဘုရားရင်ပြင်ပေါ်သို့ ရောက်ခဲ့ရသည်။ မြတ်စွာဘုရားအား ရေချမ်းကပ်၊ ပုတီးစိပ်ပြီးနောက် နာရီဝက်ခန့် တရားထိုင်ဖြစ်သည်။

တရားထိုင်ပြီးနောက် ညောင်ပင်၌ထောက်ထားသော တံမြက်စည်းတစ်ချောင်းကိုတွေ့၍ လှမ်းယူလိုက်ပြီး ရင်ပြင်ပေါ်ရှိ အမှိုက်များကို လှည်းကျင်းနေမိသည်။

"ဒေါင် . . ဒေါင် . . ဒေါင်"

ခေါင်းလောင်းထိုးသံက ဆွတ်ပျံ့ကြည်နူးဖွယ် လွင့်ပျံ့လာလေသည်။ သူ့လက်မှ နာရီကိုကြည့်လိုက်မိသည်။

"အော် . . ရှစ်နာရီတောင် ရှိပြီပဲ၊ ဖေဖေ မျှော်နေတော့မယ် ပြန်ဦးမှပဲ"

တံမြက်စည်းကိုချပြီး ဘုရားကိုဝတ်ပြုလိုက်သည်။ ပြီးနောက် လက်ယာရစ်တစ်ပတ်ပတ်ကာ အရှေ့ဘက်မုခ်မှ ပြန်ဆင်းလာခဲ့သည်။ သူ့ရင်မှာ မွေးနေ့တိုင်း လုပ်နေကျ ဝတ္တရားတစ်ခုကို လုပ်ဆောင်ခဲ့ပြီးဖြစ်၍ ကြည်နူးဝမ်းသာနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း စောင်းတန်းအတိုင်း ဆင်းလာခဲ့သည်။

"ဟော့ . . အစ်ကို"

နောက်မှ မိန်းကလေးတစ်ဦး၏အသံနှင့်အတူ ကားစင်းသံက ရပ်တန့်သွားလေသည်။

"ကျွ်"

မော်တော်ကားအရိတ်ကို အုပ်လိုက်ပြီး မိန်းကလေးတပြတင်းဝမှ ခေါင်းပြူကြည့်ကာ . . .

"လွင်ကတော့ ကျောင်းမှာရှာလိုက်ရတာ နှံ့ရောပဲ၊ အစ်ကိုက ဘုရားမှာရောက်နေတာကိုး"

"ဟင်"

သူတွေဝေသွားရသည်။ ဤမိန်းကလေးကို သူမမြင်ဘူးချေ။

"အစ်ကို ဘာငေးနေတာလဲ . . လွင်လိုက်ရှာနေတာရှင်းလာ . . ကားပေါ်တက်"

"နေဦး . . မင်းလူမှားနေပြီ ထင်တယ်"

"ရှင်"

"ဟုတ်တယ် . . မင်းလူမှားနေပြီ၊ ငါ မင်းကို လုံးဝ မသိပါလား"

"ရှင် . . ကိုဇော်ဝေ မဟုတ်ဘူးလား၊ ဒါဖြင့် အစ်ကိုက



ဘယ်သူလဲ"

"ကိုယ်က ဟိန်းထက်အောင်ပါ၊ ညီမပြောတဲ့ ဇော်ဝေ မဟုတ်ပါဘူး"

"ကျွန်မ လူမှားတာဖြစ်မှာပေါ့၊ အစ်ကို စိတ်မဆိုးနဲ့နော်"

"အစ်ကို စိတ်မဆိုးပါဘူးကွာ . . ဒါပေမယ့် ကြောင်အမ်းအမ်းတော့ ဖြစ်သွားရတာ အမှန်ပဲ"

"အစ်ကို ညီမကို သွားခွင့်ပြုပါဦး"

"အေး . . ကောင်းပါပြီ ညီမ"

မော်တော်ကားလေးက ညင်သာစွာ မောင်းထွက်သွားလေတော့သည်။

"ဝူး . . ဝူး . . ဝူး"

*

"အစ်ကို . . ဘာတွေစဉ်းစားနေပြန်ပြီလဲ"

မြကြာဖြူစကားသံကြားရမှ သူ့အတွေးတွေ ပြတ်တောက်သွားရသည်။

"အော် . . ဟို ဟို"

"ဘာဟို . . ဟိုလဲ အစ်ကိုရဲ့"

"ဟိုဟာလေ . . ရန်ကုန်မှာ ညီလေးဇော်ဝေနဲ့ မြကြာခဏ

www.burmeseclassic.com



လူမှားခံရတာတွေကို စဉ်းစားမိပြီး တွေးနေတာ"

"အမယ်လေး ရှင် . . ဘာများလဲလို့ ကြာဖြူဖြင့် စိုးရိမ်သွားရတာ တစ်ကယ်ပဲ"

"အဟား . . ဟား ကြာဖြူက အစ်ကို့အတွက် စိုးရိမ်တတ်နေပြီပေါ့ ဟုတ်လား"

"ဒါပေါ့ အစ်ကို့ကို တစ်ခုခုဖြစ်မှာ ကြာဖြူစိုးရိမ်တာပေါ့"

"ဘာဖြစ်လို့"

"သွား သိသားနဲ့ မေးနေရသေးတယ်"

"တစ်ကယ် မသိလို့ပါကွာ . . ပြောလေ"

"မသိဘူး . . လာ အစ်ကို မှောင်နေပြီ ပြန်ကြစို့နော်၊ အိမ်မှာ အဘမျှော်နေလောက်ပြီ"

"အင်း"

နှစ်ဦးသား တင်းကျပ်စွာ လက်ချင်းချိတ်ကာ လယ်ကန်သင်းအတိုင်း ပြန်လျှောက်လာခဲ့ကြသည်။

အိပ်တန်းပျံငှက်ကလေးတစ်အုပ် သူတို့ခေါင်းပေါ်မှ ကျော်ဖြတ်သွားကြသည်။ ညနေဆည်းဆာက လောကကြီးအား နှုတ်ဆက်နေဆဲ။

## အခန်း(၁၂)

"လေးလေး . . လေးလေး"

သူဇာလွင်ခေါ်ရင်း အပြေးကလေး တက်လာမိသည်။

ခုတင်ပေါ်ဝယ် ဦးသိုက်ထွန်း လဲလျောင်းနေသည်။ သူဇာလွင်၏အော်သံကြောင့် ဦးသိုက်ထွန်း လဲလျောင်းနေရာမှ ထထိုင်လိုက်ပြီးနောက် . . .

"ဟဲ့ . . ဘာဖြစ်တာလဲ သမီးရဲ့"

"အစ်ကိုဇော်ဝေ . . အစ်ကိုဇော်ဝေ"

သူဇာလွင် သူ့ရင်ဘတ်သူ လက်နှင့်ဖိရင်း ပြောနေသဖြင့်

"ဟဲ့ . . မောင်ဇော်ဝေ ဘာဖြစ်လို့လဲ သမီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေ . . သမီးကို ကြက်သွန်ကူနွာပေးရင်း ဓား ရှသွားတယ် လေးလေး"

"ဟေ . . စော်တော်များသွားသလား"

"အင်း . . သွေးတွေ အရမ်းထွက်နေတယ် လေးလေး"

"အမယ်လေး . . ဒုက္ခပါပဲ၊ သမီးလေး ဆရာဝန်ကို ဖုန်း ဆက်ခေါ်လိုက် . . လေးလေး သူ့ဆီသွားဦးမယ်"

"ဟုတ်ကဲ့"

ဦးသိုက်ထွန်း ကပျာကယာ အမူအရာနှင့် အိမ်ပေါ်မှပြေး ဆင်းသွားသည်။ အောက်ထပ်အရောက် မီးဖိုချောင်ဆီသို့ အပြေး သွားပြီး . . .

"တဲ့ . . မတူး မောင်ဇော်ဝေ ဓားရှလို့ဆို"

"ဟုတ်တယ် . . အန်ကယ် တော်တော်များတယ်"

"အေး . . အခု သူဘယ်မှာလဲ မတူး"

"အိမ်ရှေ့ထွက်သွားတာပဲ"

ဦးသိုက်ထွန်း အိမ်ရှေ့ပြန်ထွက်လာစဉ် ဇော်ဝေနှင့် ပက် ပင်းတိုးလေသည်။

"တော်တော်များသွားလား မောင်ဇော်ဝေ"

"ဟုတ်ကဲ့ . . အရှိန်နဲ့ဆိုတော့ နည်းနည်းများသွားပါ တယ် ဦးလေး"



ထိုစဉ်မှာပင် ဆရာဝန်ရောက်ရှိလာလေသည်။

"အစ်ကို့ဒဏ်ရာ ပြပေးလိုက်လေ"

ဆရာဝန်သည် ဇော်ဝေ၏လက်မှဒဏ်ရာကို စမ်းသပ်ရင်း

"သိပ်မစိုးရိမ်ရပါဘူး . . လောလောဆယ်တော့ လက်ကို လှုပ်လှုပ်ရှားရှား မလုပ်နဲ့ဦး"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"အစ်ကိုရယ် . . လက်ထိပ်ပွဲရက်နီးကာမှ ဒဏ်ရာက ရပြန်ပြီ"

"အော် . . လွင်ရယ်၊ တမင်တကာ ဖြစ်တာမှ မဟုတ်ဘဲ"

"ကဲ မသူဇာလွင် . . ဘာမှ စိုးရိမ်မနေပါနဲ့၊ နောက်လေး ငါးရက်ဆို ဒဏ်ရာကပျောက်သွားမှာပါ"

"ဟုတ်ကဲ့"

"အခု ကျွန်တော် ကိုဇော်ဝေ့ကို မေးခိုင်ကာကွယ်ဆေး ထိုးပေးခဲ့မယ်၊ နောက်ပြီး စားဆေးပေးခဲ့မယ် . . ဒဏ်ရာကို ထည့် ဖို့ ဆေးလည်းပေးခဲ့မယ်နော်"

"ဟုတ်ကဲ့ . . ဒေါက်တာ"

ထို့နောက် လိုအပ်သည်များကို လုပ်ပေးခဲ့ပြီးနောက် ဆရာဝန်ပြန်ထွက်သွားလေသည်။

"အစ်ကို အနားယူလိုက်ဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် . . မောင်ဇော်ဝေ ဆရာဝန်ပြောသလို လှုပ်လှုပ်ရှားရှား မလုပ်နဲ့နော်"

ဇော်ဝေ ခေါင်းညိတ်ပြပြီး ထွက်လာခဲ့သည်။

⁂

"ကလင် . . ကလင် . . ကလင်"

"ဟဲလို . . အမိန့်ရှိပါ"

"ဆရာကြီးလား"

တစ်ဖက်မှ စကားကြောင့် ဦးသိုက်ထွန်း အားရဝမ်းသာနှင့် . . .

"အေး . . မောင်မိုးလား"

"ဟုတ်ပါတယ် ဆရာကြီး"

"အမယ်လေးကွာ . . ငါမင်းတို့နဲ့ ဆက်သွယ်ချင်တာ ဘယ်လိုမှ အဆက်အသွယ်မရလို့ စိတ်ညစ်နေတာနဲ့ အတော်ပဲကွာ"

ဟုတ်ကဲ့ . . ပြောပါဆရာ"

"အခြေအနေ ဘယ်လိုလဲကွ"

"ဒီကောင့်ကို ခေါ်လာခဲ့ဖို့ကတော့ လွယ်ကူပါတယ်"

"အေး . . ဒါဆိုလည်း ခေါ်ခဲ့တော့လေကွာ"



"ဒါပေမယ့် အဲဒီကောင်နဲ့တွေ့ရဖို့ မလွယ်သေးဘူး ဆရာ"

"ဟော . . ဒါဖြင့် ဘယ်ရောက်ကြာဦးမှာလဲကွ"

"သိပ်တော့ မကြာလှပါဘူး၊ တစ်ပတ်လောက်တော့ စောင့်ရပါဦးမယ်"

"အေး . . ဒါဆိုလည်း မြန်မြန်လုပ်ကွာ၊ ဒီမှာ မင်္ဂလာဆောင်ရက်က သိပ်နီးကပ်နေပြီကွ"

"ဟုတ်ကဲ့ . . ကျွန်တော်တို့ အခု စရိတ်ပြတ်နေပြီ ဆရာ"

"ဟာ . . ငါပေးလိုက်တဲ့ ငါးထောင်ကုန်ပြီလားကွ"

"ဟုတ်ကဲ့ . . စားစရိတ်ရယ်၊ တည်းခိုစရိတ်ရယ်က ဆက်သာလှဘူး၊ ဆရာကြီး ကျွန်တော်တို့လည်း ချွေချွေတာတာ သုံးတာပါပဲ"

"အေးလေ . . ဒါဖြင့်လည်း တစ်ယောက်ယောက်လွှတ်ပြီး လာယူပေါ့"

"ဟုတ်ကဲ့ ဆရာကြီး"

"နေဦး . . မောင်မိုး ငါမှာဦးမယ်"

"ပြောပါ ဆရာကြီး"

"ဒီကိစ္စကို ဘေးလူတွေ မသိအောင်တော့ ပိပိရိရိလုပ်ဖို့ လိုချင်တယ်"

"စိတ်ချပါ ဆရာကြီး . . ကျွန်တော်တို့ ဘယ်သူ့မှ မရိပ်

www.burmeseclassic.com



မိရအောင် လုပ်နေပါတယ်"

"အေးအေး . . နောက်ပြီး စရိတ်စကကုန်ပြီး ခေါ်လို့မရဘဲ ဖြစ်နေဦးမယ်နော်"

"ဟုတ်ကဲ့ . . အနုနည်းမရရင်တော့ အကြမ်းနည်းကိုပဲ သုံးရမှာပေါ့"

"မလိုအပ်ဘဲလည်း မသုံးနဲ့နော် မောင်မိုး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး . . ဒါပဲ မောင်စိုးမိုင်ဖြစ်ဖြစ် မောင်ဝင်းမြင့်ဖြစ်ဖြစ် လွှတ်ပြီး ငါ့ဆီ စရိတ်လာယူ"

"ဟုတ်ကဲ့"

"အေး . . မောင်ရဲကိုတော့ မလွှတ်လိုက်နဲ့၊ တော်ကြာ ငါပေးလိုက်တဲ့ ပိုက်ဆံတွေကို လမ်းမှာ အရက်သောက်ပစ်လို့ ကုန်နေဦးမယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ကဲ . . ဆက်လုပ်ကွာ . . မောင်မိုး"

ဦးသိုက်ထွန်း ဖုန်းချလိုက်ပြီး ကုလားထိုင်ဆီသို့ ပြန်လျှောက်လာကာ တရားစာအုပ်ကို ဟန်ပါပါဆက်ဖက်နေလေတော့သည်။

## အခန်း(၁၃)

"အစ်ကို . . ထမင်းစားကြရအောင်"

ဖိန်းထက်အောင် ထင်းခွဲနေရာမှထကာ ထမင်းစားပွဲသို့ [illegible]ထိုင်လိုက်သည်။

"ညီမ . . အဘကော . . လယ်ထဲက ပြန်မတက်လာ[illegible]သေးဘူးလား"

"ဟင့်အင်း . . အဘ ညနေခင်းကျမှ ပြန်တက်လာမှာ[illegible]တဲ့ကိုရဲ့"

"အမယ်လေးဗျာ . . ဒါများ အစ်ကို နောက်မှစားမှာပေါ့[illegible]ကို အရင်သွားပို့လိုက်ရင် ပြီးရော"

www.burmeseclassic.com



"မဟုတ်ပါဘူး အစ်ကိုရဲ့ . . အဘက မွန်းတိမ်းပြီးမှ စားတတ်တာ အစ်ကိုသိသားနဲ့ မဟုတ်လား"

"အင်း . . သိတယ်လေ"

"ကဲပါ . . စကားပြောမနေနဲ့ဦး . . ထမင်းသာ ဝအောင်စား၊ အစ်ကိုကြိုက်တဲ့ ငါးသလဲထိုးအိုးကပ်ကြော်နဲ့ ငါးပိရည်၊ ချဉ်ပေါင်တင်း ထည့်စားနော် အစ်ကို"

"စားပါတယ် ညီမရဲ့ . . ညီမလက်ရာက အတော်စားလို့ကောင်းတာကွ"

"စားလို့ကောင်းလည်း ထည့်စား၊ အားနာစရာလူတွေမှ မဟုတ်တဲ့ဟာပဲ"

"ညီမကော တစ်ခါတည်းစားလိုက်လေ"

"တင့်အင်း ... ညီမ မဆာသေးလို့ပါ အစ်ကို၊ အခု အစ်ကိုစားတာကြည့်ပြီး အားကျနေတာ"

ထမင်း ပလုတ်ပလောင်းစားနေသော ဟိန်းထက်အောင်ကိုကြည့်ရင်း မြကြာဖြူ သဘောကျနေလေသည်။

"ညီမ တစ်ခါတည်း စားရအောင်ကွာ"

"ညီမ အစ်ကိုစားတာကိုကြည့်ပြီး ဗိုက်ပြည့်နေပါပြီ အစ်ကိုရဲ့"

ဟိန်းထက်အောင် ပါးစပ်ထဲသို့ထည့်နေအုံးဆဲဆဲ ထမင်း



လုပ်ကို ပြန်ချလိုက်သည်။

"ညီမ . . မစားရင် အစ်ကိုလည်း မစားတော့ဘူး"

ဟိန်းထက်အောင် ပြောရင်းမှ လက်ဆေးရန်ဟန်ပြင်လိုက်သည်နှင့် . . .

"ကဲ . . ကဲ စိတ်ကြီးတတ်လိုက်တာ ညီမပါ စားပါ့မယ်နော်၊ အစ်ကို မထနဲ့ဦး"

"အေး . . ဒီလိုမှပေါ့ကွာ၊ တစ်ခါတစ်လေလည်း နှစ်ယောက်သား လက်ဆုံစားချင်တာပေါ့"

"သွားပါ . . တော်တော်ဆိုးတဲ့ အစ်ကိုပဲ"

မြကြာဖြူ လက်ဆေးရင်း ထမင်းဝင်စားလေသည်။ ဟိန်းထက်အောင် သူမပန်းကန်ထဲသို့ ဟင်းများထည့်ပေးနေသည်မို့ ..

"အစ်ကို"

"ဘာလဲဟင်"

"အစ်ကိုက အိမ်ရှင်ကျနေတာပဲ"

"ဒါပေါ့ . . နောက်ဆိုရင် အိမ်ရှင်ဖြစ်တော့မှာပဲလေ"

"အတယ် . . စကားတတ်လိုက်တာ လွန်ရော"

"သာလိကာလူဝင်စားလေ"

နှစ်ဦးသား ပြိုင်တူရယ်မောလိုက်ကြသည်။

"ဟော့ . . လိုမလေး"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . အဘ ဘာလဲဟင်"

"မောင်ရင်လေးကော . . ဘယ်သွားသလဲ"

"မနက်ကပဲ ဦးတုတ်ကြီးတို့နဲ့ အိမ်မိုးသက်ကယ်ရှာ သွားခုတ်တယ် အဘ"

"တယ် . . ဒီကောင်မလေး ညှော်သည်ကို ခိုင်းစရာရှားလို့ ပါမြို့သွားတုန်း ဘာလို့ ညှော်သည့်ကို ခိုင်းရတာတုန်း"

"သမီး ခိုင်းတာ မဟုတ်ဘူး အဘ"

"ဘာလဲ ဦးတုတ်ကြီးတို့က အတင်းခေါ်လို့လား"

"မဟုတ်ပါဘူး . . အဘကလည်း အစ်ကိုက သက်ယယ် တောသွားပြီး သက်ယယ်ခုတ်ချင်တယ်ဆိုပြီး အတင်းပူဆာလို့ပါ"

"အမယ်လေးကွယ် . . ခမျာလေးနှယ် အေးအေးဆေးဆေး နေပါတော့လားကွာ"

"သမီးလည်း ပြောတာပဲ အဘရဲ့ . . အစ်ကိုက ခေါင်းကိုမာပါတယ်"

"အေးကွယ် . . ဒါနဲ့ ထမင်းထုပ်လေး ထည့်ပေးလိုက်သေးလား လိုမ"

"ထည့်ပေးပါတယ် အဘရယ်"

"အေးကွာ . . သူလေးလည်း တို့မိသားစုအပေါ် အတော်လေး ခင်မင်ရှာပါတယ်၊ ရှေးဘဝက ရေစက်ပဲထင်ပါရဲ့"



ဦးဖိုးလူ၏ညည်းသလိုလိုစကားကြောင့် မြကြာဖြူ မနေတတ်အောင် ဖြစ်သွားရသဖြင့် . . .

"အဘ . . သမီး ရေခပ်သွားဦးမယ်"

"အေးအေး . . အဘလည်း နားလိုက်ဦးမယ်"

မြကြာဖြူ ရေအိုးလေးကို ခါးစောင်းပိုက်ကာ ရေတွင်းရှိရာသို့ လာခဲ့လေသည်။ ညနေချမ်းချိန်မို့ တိမ်နီတွေက ဖြာဆင်းနေလေသည်။ "အသားမည်းတို့ အလုပေါ်ချိန်"ဟု တင်စားထိုက်လောက်ပေသည်။ ရွာထိပ်ရေတွင်းတွင် လူကအတော်စုံနေချေပြီ။

အရီးတုတ်သမီး'နှင်းအိ'၊ အဘထွန်းအေးသမီး'လှအိ'၊ အဘခက်၏ သမီး 'လှမေ'၊ အရီးလေး ဒေါ်မြသမီး'ခင်မွေး' . . လူကစုံနေလေချေသည်မို့ မြကြာဖြူ ခြေလှမ်းတို့ သွက်နေလေသည်။

တစ်ရွာတည်းနေ တစ်ရေတည်းသောက် ငယ်ပေါင်းကြီးဖော် သူငယ်ချင်းများဖြစ်၍ ခင်မင်မှုရှိနှင့်ပြီးသား။

ရွာထိပ်ရေတွင်းမှာ ရေခပ်ရင်း အများအားဖြင့် တိုအကြောင်း သည်အကြောင်း ပြောကြရသည်က ပျော်စရာ . . .

ရွာထိပ်ရေတွင်းမှာ သတင်းက စုံလှပေသည်။

တစ်နေ့တာ မဟုတ်၊ တစ်လတာ တစ်နှစ်တာ ဖြစ်ပျက်သမျှကို စားမြုံ့ပြန်ပြောကြရင်း စကားလက်ဆုံ ပြောကြတုန်ကြ။

www.burmeseclassic.com

www.burmeseclassic.com



အခုညနေလည်း ဆိုကြရပြန်ပြီမို့ သတင်းထူးများကြားရလေမလားဟူသည့် အတွေးကြောင့် မြကြာဖြူ ခြေလှမ်းသွက်သွက်လှမ်းနေလေသည်။

“လာတော့ . . ကောင်မ ဒီနေ့ နောက်ကျလှချည်လား”

လှအိက လှမ်းမေးသဖြင့် . . .

“အေးဟာ . . အဘမြို့သွားလို့ အိမ်စောင့်မရှိဘူးလေ၊ ဒါကြောင့် နောက်ကျနေတာဟာ”

“အမယ် . . ကိုရွှေညှော်သည်လေးနဲ့ အကြည်ဆိုက်နေတာများ မသိတာမှတ်လို့”

“ဟဲ့ ခင်မွှေး မဟုတ်တာ မပြောနဲ့ဟာ အစ်ကို မရှိဘူးဟ”

“ဘယ်သွားလို့ မရှိတာတုန်း ပြောစမ်းပါ ကြာဖြူရဲ့”

“ဦးလေးတုတ်ပေါ်တို့နဲ့ သက်ငယ်ကျင်းလိုက်သွားတယ်”

မြကြာဖြူအဖြေကြောင့် လှအိက . . .

“အမယ် . . ညည်းတို့က အားကိုးဖော်တောင် ရနေပြီကိုး”

ခင်မွှေးကလည်း တစ်မျှောင့် . . .

“အမယ် . . အဘဖိုးလူတို့များ အေးအေးဆေးဆေး တရားထိုင် ပုတီးစိပ်လုပ်ရတော့မယ် ထင်ရဲ့”

“ဘာဖြစ်နေလို့လဲ ခင်မွှေးရဲ့”



နှင်းအိအမေးကြောင့် လှအိက . . .

“ဘာဖြစ်ရမလဲတော့ . . ကိုရွှေမြို့ကြီးသားက အလုပ်တွေလုပ်နေပြီဆိုတော့ . . အဘဖိုးလူက တရားအလုပ်ပြောင်း လုပ်ရတော့မှာပေါ့”

“ဘာလဲ ပခုံးပြောင်းတာဝန်ထမ်းဆောင်မဲ့လူ ရှိနေပြီပေါ့”

“အေး”

လှမေကလည်း အားကျမခံ ဝင်ပြောသည်မို့ မြကြာဖြူ နှုတ်ခမ်းလေးစူပြီး မျက်မှောင်ကြုတ်လိုက်ကာ . . .

“နင်တို့ကလည်း မဟုတ်တာဆို သိပ်ပြောချင်တာပဲနော်”

“အမယ် . . ဘာမဟုတ်တာလဲ”

“ငါနဲ့ အစ်ကို ရိုးရိုးသားသားပါ လှအိရယ်”

“နင်ကများ တို့လို အပေါင်းအသင်းတွေကို လျှို့နေပြန်ပြီ ကြာဖြူရယ်”

“အေး . . လှမေပြောတာ ဟုတ်တယ်၊ ပြောစမ်း နင်တို့ ဘယ်အထိ ရောက်နေပြီလဲ”

“ဟယ် . . ကောင်မ မဟုတ်တာ မေးပြီ”

“ဟုတ်တယ် . . ကြာဖြူရဲ့ တို့ကိုပြောစမ်း . . ရွှေညှော်သည်ကိုလူချောက ဘာတွေပြောသလဲ ဆိုတာ”

“ဘာမှ မပြောဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . ညည်း လျှို့ဝှက်မထားနဲ့နော် ကြာဖြူ တစ်ရွာလုံးသတင်းလွှင့်လိုက်ရမလား"

"အမယ်လေး . . မဟုတ်တာနဲ့ ရပ်ကျော်ရွာကျော် မဖြစ်ပါရစေနဲ့နော်"

"အေး . . ဒါဆိုပြော"

ခက်ချေပြီ၊ မြကြာဖြူ စိတ်အကြီးအကျယ် ညစ်လေပြီ။ ထို့ကြောင့် ရေကို ကပျာကယာ ပုံးနှင့်ခပ်လိုက်ပြီး အိုးထဲသို့လောင်းထည့်လိုက်သည်။

"ဟာ . . ကောင်မ ကြည့်စမ်း . . အိုးတောင် မမြင်လောက်အောင်ဖြစ်ပြီဟော့ . . ညာနေတာ သေချာပြီ"

မှန်လည်း မှန်ချေသည်။ မြကြာဖြူ ရေပုံးမှရေများ အိုးထဲသို့မရောက်ဘဲ ချော်ထွက်သွားသည်။

"တော်ကြဟာ . . ငါနင်တို့ကို မခေါ်တော့ဘူး"

"အမယ် . . ကွမ်းတောင်ကိုင်လေး ရှက်သွားပြီဟော့"

မြကြာဖြူ ဘာမှမပြောဘဲ ရေအိုးကိုရွက်ကာ ထွက်လာခဲ့သည်။ နောက်မှကျန်ရစ်ခဲ့သည့် လူစုကတော့ တဝါးဝါးတဟားဟား သဘောကျကျန်ရစ်ခဲ့လေသည်။ မြကြာဖြူကတော့ ရှက်ရှက်နှင့်အသော့နှင့် ပြန်လာခဲ့လေသည်။

## အခန်း (၁၄)

ဦးသိုက်ထွန်း အိမ်ရှေ့ဧည့်ခန်းထဲ၌ထိုင်ကာ သတင်းစာဖတ်နေလေသည်။ ထို့အခိုက် လူဇာလွင် အိမ်ပေါ်မှဆင်းလာသည်ကိုတွေ့ရသဖြင့် . . .

"သမီး မောင်ဇော်ဝေ သက်သာရဲ့လား"

"သက်သာပါတယ် လေးလေး . . နည်းနည်းတော့ နာတယ်တဲ့"

"အေးပေါ့လေ . . ဒီလောက်တော့ ရှိမှာပေါ့"

ဦးသိုက်ထွန်း သတင်းစာကို ဖတ်နေသဖြင့် လူဇာလွင်က

"လေးလေး . . ဘိသိက်ဆရာဌေးတာ ရပြီလား"

www.burmeseclassic.com



"အေးကွယ့် . . ရဖြို သမီးရဲ့ လေးလေးရဲ့မိတ်ဆွေ ကူညီပေးလို့ အဆင်ပြေသွားတာ သမီးရေ . . ဘိသိက်ဆရာကလည်း ပွဲဆက်တွေများလို့ မရဘူးကွယ့် . . လေးလေးရဲ့မိတ်ဆွေနဲ့ကျတော့ မျက်နှာနာရမဲ့သူတွေမို့ ငှားလို့ရခဲ့တာ"

"တော်ပါသေးရဲ့ . . လေးလေးရယ်၊ အားလုံးစီစဉ်ပြီးကာမှပဲ စိတ်အေးရတော့တယ်"

"အေး . . သမီးလည်း တော်တော်ပင်ပန်းနေပြီကွယ်"

"ကဲ . . သမီး မီးပိုချောင် ဝင်လိုက်ဦးမယ် လေးလေး"

"အေးကွယ် . . အေးအေး"

ဦးသိုက်ထွန်း သွက်လက်ပေါ့ပါးစွာ လှမ်းသွားသော သူ့ဇာလွင်၏အမူအရာကိုကြည့်ရင်း သက်ပြင်းတစ်ချက်ကို ချလိုက်လေသည်။

"အင်း . . ဟိုကောင်တွေ အခြေအနေ ဘယ်လိုလဲ မသိဘူး"

ညည်းလိုက်ပြီးမှ . . .

"အဆင်ပြေဖို့ပဲ ဆုတောင်းရတော့မှာပဲ"

ပြီးနောက် သတင်းစာဆက်ဖတ် နေလေတော့သည်။

*



"အစ်ကို"

"ဘာလဲ လွင် ပြောလေ"

"ဟိုတစ်ယောက်လေ . . အစ်ကိုနဲ့တူတဲ့လူတစ်ယောက်ကို လွင်တွေ့တယ် သိလား"

"အင်း"

"လွင်ကလေ အစ်ကိုအောက်မေ့လို့ အတင်းလိုက်ခေါ်တာ သူကပြောမှ အစ်ကို မဟုတ်မှန်း သိရတာ"

"လွင်ကလည်း ဒီလောက်တောင် လူမှားရအောင် သူက အစ်ကိုနဲ့ တစ်ကယ်ပဲ တူလို့လား"

"သိပ်တူတာပေါ့ အစ်ကို . . စကားပြောတဲ့ပုံ၊ လမ်းလျှောက်တဲ့အမူအရာကော ရုပ်ရည်ချင်းကော အားလုံးထပ်တူပဲ အစ်ကိုရဲ့"

ဇော်ဝေ သက်ပြင်းတစ်ချက် ချလိုက်ပြီး . . .

"လောကမှာ လူတူမရှား နာမည်တူမရှားဆိုတာ ဒါပါပဲ ထင်ပါရဲ့"

"ဟုတ်တယ် . . အစ်ကို အားလုံးတူတယ်၊ နာမည်ကတော့ မတူဘူး . . နာမည်က ဟိန်းထက်အောင်တဲ့"

"ဘာ . . ဘယ်လို"

"အော် . . အစ်ကိုကလည်း သူ့နာမည်က ဟိန်းထက်

www.burmeseclassic.com

www.burmeseclassic.com



အောင်တဲ့"

ဇော်ဝေ အံ့ဩသော အမူအရာနှင့်. . .

"ဘယ်မှာ တွေ့ခဲ့တာလည်း လွင်"

"ရွှေတိဂုံဘုရားမှာ အစ်ကို . . အဲဒီနေ့က အစ်ကို့ကို လိုက်ရှာတုန်း သွားတွေ့တာပေါ့"

"ကြာပြီလား . . ဘယ်တုန်းကလဲ"

"နှစ်အတော်ကြာပြီ အစ်ကိုရဲ့ . . လွန်ခဲ့တဲ့ ငါးနှစ်လောက် ကပါ"

"ဟာကွာ . . တော်တော်ကြာပြီပဲ"

ဇော်ဝေ စိတ်ပျက်စွာ ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့"

ဇော်ဝေ ခေါင်းကိုခါရမ်းလိုက်သည်။ သူဇာလွင်က သူ့အား အကဲခတ်နေလေသည်။ အတန်ကြာအောင် အကဲခတ်နေလေပြီးမှ

"အစ်ကို ဘာဖြစ်သွားရတာလဲ ဟင်"

ဇော်ဝေ ပြန်မပြောသေးဘဲ တွေဝေနေလေသည်။

"အစ်ကို ပြောလေ . . ဘာဖြစ်နေတာလဲလို့ လွင်မေးနေတယ်"

"ဘာမှ မဖြစ်ပါဘူးကွာ"

"ဘာမှမဖြစ်ဘူးသာဆိုတယ် အစ်ကို့ပုံစံက တစ်ခုခုကို



တွေးဝေနေသလိုပဲကွာ . . လွင့်ကို ပြောပြပါလားဟင်"

"ဟင်း"

"အစ်ကို့မှာ အမြွှာအစ်ကိုတစ်ယောက် ရှိတယ်"

"သူဘယ်မှာလဲ အစ်ကို ပြောပါဦး"

ဇော်ဝေက အတိတ်ဇာတ်ကြောင်းများကို သူဇာလွင်အား ပြန်ပြောပြမိလေသည်။

"အော် . . အစ်ကို တွေဝေနေတာ ဒါကြောင့်ကိုး"

"ဟုတ်တယ် . . လွင်၊ အစ်ကို သူ့ကိုတွေ့ချင်နေတာ"

"ကဲပါ အစ်ကိုရယ် . . ကော်ဖီသောက်ရအောင် သွားကြစို့"

နှစ်ယောက်သား အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

*

"မောင်ဇော်ဝေ"

"ဗျာ .. ဦးလေး"

"ခဏလာပါဦးကွယ်"

"ဟုတ်ကဲ့ . . ပြောပါ ဦးလေး"

"အော် . . သမီးပြောပြလို့ မောင်ဇော်ဝေတို့ရဲ့ဇာတ်လမ်းလေး ကြားမိလို့ပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ဦးလေး"

"အေးကွယ် . . တစ်ကယ်တော့ မောင်ဇော်ဝေတို့အဖြစ်ကလည်း ကြေကွဲစရာကောင်းလိုက်တာကွယ်"

"အတိတ်က ဝဋ်ကြွေးလို့ပဲ ကျွန်တော် သဘောထားတယ်"

"အေးပေါ့ကွယ် . . ဖြစ်ပြီးမှတော့ ဘာမှတွေးပြီး ဆွေးမနေသင့်တော့ဘူး မောင်ဇော်ဝေ"

"ကျွန်တော်လည်း တရားနဲ့ဖြေပါတယ် ဦးလေး"

"ဒါပေါ့ကွယ် . . လောကကြီးမှာ ဖြစ်ချင်တာ မဖြစ်၊ မဖြစ်ချင်တာ ဖြစ်ကြရတာဟာ ဓမ္မတာပါပဲကွယ်၊ ကံစီမံရာ လိုက်နေကြရတဲ့ ပုထုဇဉ်တွေမို့ မောင်ဇော်ဝေ စိတ်မကောင်းဖြစ်ပြီးနေတာကို ဦးလေး မကြည့်ရက်လို့ ခေါ်ပြောတာပါပဲကွယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဦးသိုက်ထွန်း တရားသံဝေဂရထားသော သူတော်စင်တစ်ဦးနှယ် နှစ်သိမ့်အားပေးနေလေသည်။

"ဒါနဲ့ မောင်ဇော်ဝေအမေက ပွဲရုံလုပ်ငန်းကို ဆက်လုပ်တာပေါ့"

"ဟုတ်ကဲ့"

"မောင်ဇော်ဝေတို့အဖေကကော ဘာဆက်လုပ်နေသလဲ"



"အဲဒါတော့ ကျွန်တော် မသိဘူး ဦးလေး၊ ကွဲကွာသွားပြီးနောက်ပိုင်းမှာ ဘာတွေဖြစ်ကြတယ်ဆိုတာ သတင်းတောင် မရခဲ့ပါဘူး"

"အော် . . မောင်ဇော်ဝေအစ်ကိုကိုတော့ သမီးက လူချင်းမှားပြီး တွေ့ခဲ့သေးတယ်ဆိုပဲ"

"ဟုတ်ပါတယ် လွင် ပြောပြဖူးပါတယ်"

"မောင်ဇော်ဝေ ရန်ကုန်မှာ သမီးတွေ့ခဲ့ဖူးတဲ့လူကို ရှာကြည့်ပါလားကွယ်"

ဦးသိုက်ထွန်းက ဘာမှမသိသည့်ပုံနှယ် ပြောလေသည်။

"လွယ်မယ်တော့ မထင်ဘူး ဦးရယ် . . ရန်ကုန်မြို့က အကျယ်သား မဟုတ်လား"

"အချိန်ယူရှာရင်တော့ တွေ့မှာပါပဲကွယ်"

"ဟုတ်ပါတယ် ဦး . . အချိန်ယူဖို့ဆိုတာ အခုပဲ မင်္ဂလာအတွက် ပြေးရလွှားရနဲ့ နားမှမနားရသေးပဲ"

"အေး . . ဟုတ်တယ် ဦးလေးပြောတာက နောက်အေးအေးဆေးဆေး အနားရတော့မှ ပြောတာပါ"

"ဟုတ်ကဲ့ပါဦး . . ကျွန်တော် စဉ်းစားထားပါတယ်"

"အေးပါကွယ် . . ကဲကဲ မောင်ဇော်ဝေ လုပ်စရာရှိတာသွားလုပ်ပါလေ . . ဦးလေးက မောင်ဇော်ဝေကိုခေါ်ပြီး အားပေး

www.burmeseclassic.com



တာပါ"

"ကျေးဇူးတင်ပါတယ် ဦးလေး"

ဇော်ဝေ ထိုစ်ရာမှထွက်ခွာသွားသည်ကိုကြည့်ရင်း ဦးသိုက်ထွန်း သဘောကျစွာ ခေါင်းညိတ်နေတော့သည်။

*

"ဟော့ လွင် . . ကိုယ်တို့ ဘယ်တော့စားရမှာလဲကွ"

အိမ်တံခါးဝမှ လှမ်းမေးလိုက်သော အသံရှင်ကို လှမ်းကြည့်လိုက်ပြီး . . .

"ဟယ် . . ဝေဝေ လာ . . လာ မတွေ့တာ တော်တော်ကြာပြီပဲ ထိုင်"

"ထိုင်စမ်းပါဦး . . မင်္ဂလာဆောင်တော့မယ်ဆို"

"အေးလေ . . ဘယ်က သတင်းကြားတာလဲ ဝေဝေ"

"လမ်းမှာ မတူးနဲ့တွေ့လို့ ပြောလိုက်တာ"

"အော် . . မတူးရျေးသွားရင်း ပြောခဲ့တယ်ထင်တယ်"

"ဇအး . . ဟုတ်တယ်၊ ဒါနဲ့ဘယ်သူနဲ့လဲ . . တို့ကျောင်းတုန်းက လွင့်ဆီ ခဏခဏလာတဲ့ အာရ်အိုင်တီက ကိုဇော်ဝေလား"

"အေး"

"မြန်မြန်လုပ်နော် . . စားချင်နေပြီသိလား"



"အေးပါတယ် . . စားရတော့မှာပါကွ"

"ဒါနဲ့ ယူ့ဒါလင်ကော မန္တလေးမှာလား"

"မဟုတ်ဘူး . . ရန်ကုန်ရောက်နေတာကြာပြီ၊ အခေါ်ထပ်မှာ စားရှုထားလို့ အနားယူနေလေရဲ့"

"အေးဟယ် . . ဒါဆိုလည်း ယူ့အတွက် ဝမ်းသာပါတယ်တဲ . . ပြန်ဦးမယ်ကွာ"

"နေပါဦးတ . . တစ်ခုခု စားသွားပါဦး"

"နောက်မှ လာမယ်ဟာ . . အခု ရုံးတက်စရာရှိသေးတယ်တဲ သွားမယ်ကွာ"

"အေးဟယ် . . မင်္ဂလာပွဲကျရင် လာခဲ့ဦးနော်"

"စိတ်ချ လာခဲ့မယ်"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဟိန်းထက်အောင် အလုပ်များနေလေသည်။

ရိတ်ပြီးသား နွားစာများကို စဉ်းနေရင်း အတွေးများက ယောက်ယက်ခတ်နေလေသည်။ သို့သော် စက်ထဲ လက်ပါသွားမည်စိုး၍ သတိတော့ထားရလေသည်။

"ဟိတ် . . အစ်ကို ဘာတွေတွေးနေသလဲ"

နောက်မှ ရုတ်တရက်ပေါ်လာသော အသံကြောင့် လှည့်ကြည့်လိုက်ပြီး ... .

"ညီလေးအတွက် စဉ်းစားနေတာပါ"

"အမယ်လေး . . အစ်ကိုရယ် . . ဘာတွေများလဲလို့



တွေးပြီး စိတ်မကောင်းဖြစ်မနေပါနဲ့ကွယ်"

"ကြာဖြူ ဘယ်သွားမလို့လဲ . . အဝတ်အစားသစ်တွေနဲ့ပါလား"

"တိုဘက်ရွာ မင်္ဂလာဆောင်သွားမလို့"

"မင်္ဂလာဆောင်ကလည်း ညနေစောင်းမှ ဆောင်မှာလား"

"မဟုတ်ဘူးလေ အစ်ကို၊ ဒီည သွားအိပ်ပြီး ချက်ဖို့ပြုတ်ဖို့ လုပ်ရမယ်လေ . . မနက်ကျရင် အဆင်သင့်ဖြစ်အောင်ပါ"

"အော် . . တစ်ယောက်တည်း သွားမှာလား"

"တင့်အင်း . . အရီးမြတို့လည်း ပါကြမှာ၊ ဘာလဲ အစ်ကိုက စိတ်မချလို့လား"

"အင်း"

"ဘာဖြစ်လို့ စိတ်မချရတာလဲ"

"ချစ်လို့တော့ . . ချစ်လို့ဟာ . . နားလည်ပြီလား"

"အံမယ် . . ချွဲပြနေပြန်သေးတယ်"

"ကဲ . . သွားတော့ သွားတော့ . . ကျုပ်အလုပ်တွေမပြီးဘဲ နေဦးမယ်"

"အစ်ကို မနက်ကျရင် အဘနဲ့ မင်္ဂလာဆောင်လိုက်လာခဲ့နော်"

သူခေါင်းညိတ်ပြလိုက်သည်။ မကြာဖြူထွက်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် လုပ်လက်စအလုပ်တွေကို ဆက်လုပ်နေဖြစ်သည်။

အာကာ လယ်တောမှ မတက်လာသေး . . .

ညနေစောင်းက သာယာဖွယ်ပင် . . . စားကျက်လွှတ်ထားသော နွားများပင် ရွာတွင်းသို့ ပြန်လာကြလေပြီ။

"ချွတ် . . ချွတ် . . ချွတ်"

နောက်မှ ခြေသံတစ်ခုနှင့်အတူ သစ်ရွက်ခြောက်များပေါ် နင်းလျှောက်လာသံကို ကြားမိလိုက်သည်။

"ဒီမှာ . . မိတ်ဆွေ"

သူ လှည့်ကြည့်လိုက်သည်။ သည်လူတွေကို သူမမြင်ဖူး။ ပိုစိကြည့်ရသည်မှာလည်း သည်ရွာမှ ဟုတ်မည် မထင်။

"ဟုတ်ကဲ့ ပြောပါ"

"မိတ်ဆွေနာမည်က ဟိန်းထက်အောင် မဟုတ်လား"

အရပ်ပုပု အသားလတ်လတ် ဆံပင်ကောက်ကောက်နှင့် လူက မေးလိုက်သည်။

"ဟုတ်ပါတယ် ဘာကိစ္စရှိလို့လဲ"

"ကိစ္စကတော့ အရေးကြီးပါတယ်"

"ခင်ဗျားတို့က . . ."

"ကျုပ်တို့က ဆရာကြီးလွှတ်လိုက်လို့ လာရတာပါ။ ရန်ကုန်ကပါ . . ကျုပ်နာမည်က မောင်မိုး၊ သူတို့က မောင်ရဲ၊ မောင်



ခင်းမြင့်နဲ့ မောင်စိုးပိုင်တို့ပါပဲ"

မလှမ်းမကမ်းမှ ရပ်နေသူ သုံးဦးနှင့် မိတ်ဆက်ပေးသည်။

"ကိစ္စကို ပြောပါလေ"

"ဒီလိုပါ ခင်ဗျားမှာ ညီတစ်ယောက်ရှိတယ် မဟုတ်လား"

"ဟုတ်ပါတယ် . . ဘာဖြစ်လို့လဲ"

"ကိုဇော်ဝေ ထင်ပါတယ်"

"ဟုတ်တယ် . . ကျုပ်ညီနာမည် ဇော်ဝေပါ"

"အေးဗျာ . . ခင်ဗျားကို လိုက်ရှာနေကြတာ ကြာပြီဗျာ ခင်ဗျားညီ ရန်ကုန်မှာ ဒုက္ခရောက်နေရတယ်"

"ဗျာ"

"ဟုတ်ပါတယ် ကိုဇော်ဝေ ဒုက္ခရောက်နေရပါတယ်"

"ဘယ်လိုဖြစ်တာလဲဗျာ"

"ကိုဇော်ဝေက အကျဉ်းအကျပ်တစ်ခုကို ရောက်နေရပါတယ်၊ အဲဒီအတွက် ကျွန်တော်တို့ ခင်ဗျားကို လိုက်ရှာနေကြတာပဲဗျ"

ဇော်ဝေအတွက် ဟိန်းထက်အောင် စိတ်ပူသွားရသည်။ သူရထားပေါ်မှ တွန်းချခံရကတည်းက လူမှားသည်ဟု တွက်ဆထားပြီဖြစ်၍ ယခုလို သူ့ညီဇော်ဝေ ပြဿနာဖြစ်နေရသည်ဟုသော အခါ ပို၍စိတ်ပူသွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ဇော်ဝေနဲ့ ဘာများပတ်သက်နေပါသလဲ"

"ဒီလိုပါ . . ကျွန်တော်တို့က ဇော်ဝေနဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေပါ၊ ရန်ကုန်အာရ်အိုင်တီတုန်းက ကျောင်းနေဖက် သူငယ်ချင်းတွေပါ"

"အခု ကျွန်တော့်ညီက ဘယ်မှာလဲ"

"ရန်ကုန်မှာပါပဲ . . သူ့ကို လူတစ်စုက ဖမ်းထားကြတယ် ဗျာ . . အဲဒါ ခင်ဗျားနဲ့တွေ့ပြီး ရှင်းမှ ပြန်လွှတ်ပေးမယ်တဲ့"

"နေပါဦးဗျာ . . ဘာကိစ္စ သူ့ကို ဖမ်းထားရတာလဲ"

"အဲဒါတော့ မသိဘူးဗျ . . ကျွန်တော်တို့ကိုလည်း ဘာမှ မပြောဘူး၊ ခင်ဗျားလိုက်လာမှ ရှင်းမယ်ပြောတယ်ဗျာ"

"ဟာ . . ဒုက္ခပါပဲဗျာ"

ဟိန်းထက်အောင် ညည်းညူသလို ပြောလိုက်ပြီးမှ . . .

"ဒါနဲ့ ကျုပ်ဒီမှာ ရှိတယ်ဆိုတာ ဘယ်လိုလုပ်သိသလဲ"

မောင်မိုး တွေဝေသွားရသည်။ မည်သို့ဆက်၍ ပြေရမှန်း မသိအောင်ပင်။

"ပြောကြလေဗျာ"

ဟိန်းထက်အောင် ထပ်မေးမှ မောင်ရဲက . . .

"ကျွန်တော်တို့ကို ခွင့်လွှတ်ပါ . . ကျွန်တော်တို့လူမှား ပြီး ရထားပေါ်က ခင်ဗျားကိုတွန်းချမိတာ တောင်းပန်ပါရစေ"



"ဒါဆို ခင်ဗျားတို့က . . ."

"ဟုတ်ပါတယ် . . ကျွန်တော်တို့က ကိုဇော်ဝေ့ကို ဖမ်း ထားတဲ့သူတွေပါ"

"တောက် . . မိုက်ရိုင်းလိုက်လေဗျာ"

"စိတ်မရှိပါနဲ့ဗျာ . . ကျွန်တော်တို့က ဆရာကြီးရဲ့စေခိုင်း မှုကြောင့် လုပ်ရတာပါ၊ အခုလည်း ဆရာကြီးက ခင်ဗျားကို တွေ့ ဆိုပါတယ်"

"မလိုက်ရင်ကောဗျာ"

"ဒါဆိုရင်တော့ ကိုဇော်ဝေ့ကို ဆရာကြီး သတ်ပစ်မှာပဲ"

လိုက်သွားလျှင် ဇာတ်ရှုပ်ကြီးကို သိနိုင်လောက်မည်ဟု တွက်မိသည်။ လူများစွာနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ် ခုဖြစ်ပြီး အလွန်ပင် ဆိုးသွမ်းရက်စက်ကြမည်ဟုလည်း ခန့်မှန်း လိုက်မိသည်။

"အေးလေ . . ကျုပ်မှ ဘယ်သူနဲ့မှ ရန်ငြိုးမရှိဘဲ ရထား ပေါ်က တွန်းချပြီး လုပ်ကြံလိုက်တယ်ဆိုကတည်းက ပတ်သက် လာနိုင်မဲ့ အကြောင်းကိုတော့ ကျုပ်ခန့်မှန်းမိပါတယ်"

"ခွင့်လွှတ်ဖို့ ထပ်ပြောပါရစေ"

"နေပါဦး . . ခင်ဗျားတို့ ကျုပ် မန္တလေးက လာမယ်ဆို တာ ကြိုသိနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး . . ကျွန်တော်တို့သိတာက ကိုဇော်ဝေ မန္တလေးကနေ ရန်ကုန်ကိုလာမယ်ဆိုတာပဲ သိတာပါ"

"အော်"

မောင်မိုးက အခြေအနေကို ရှင်းပြလိုက်သည်။

"အဲဒီဆို ကျုပ် ဘယ်တော့လိုက်ခဲ့ရမှာလဲ"

"အခုပဲ လိုက်ခဲ့ရင် ပိုကောင်းပါတယ်"

"ဟာ . . မဖြစ်ဘူးဗျ၊ အဘတို့ကို ပြန်လာအောင် စောင့်ဦးမှပေါ့"

"ကောင်းပြီလေ . . ဘယ်လောက်အချိန်ပေးရမလဲ"

"နောက်သုံးရက်လောက်တော့ အချိန်ပေးပါ"

ဟိန်းထက်အောင် အသေအချာစဉ်းစားပြီးမှ ပြောလိုက်လေသည်။ မောင်မိုးက . . .

"ရတယ် . . သုံးရက်ထက်တော့ မပိုစေနဲ့နော်"

"စိတ်ချပါ . . ကျုပ် ကတိဖျက်တဲ့လူစား မဟုတ်ဘူး"

"ယုံပါတယ်ဗျာ . . ကဲ နောက်သုံးရက်ဆို လာခေါ်မယ်နော်"

"ကောင်းပြီ ကျုပ် အဆင်သင့်ပြင်ထားပါ့မယ်"

မောင်မိုးတို့လူစု ထွက်ခွာသွားသည်။

## အခန်း (၁၆)

"တင်း . . အစ်ကို လိုက်သွားမယ် ဟုတ်လား"

မြကြာဖြူ စိုးရိမ်သော လေသံဖြင့်မေးလိုက်သည်။

"ဟုတ်တယ် . . ညီလေး တစ်ခုခု မဖြစ်ခင် အစ်ကို လိုက်သွားရမှာပေါ့"

"ညီမ အစ်ကို့အတွက် သိပ်စိုးရိမ်မိတယ် အစ်ကို"

ဟိန်းထက်အောင် အတန်ကြာငြိမ်နေပြီးမှ . . .

"အစ်ကိုလည်း ညီမတို့ကို မခွဲချင်ပါဘူး၊ ဒါပေမယ့် အခြေအနေအရ မသွားလို့ မဖြစ်ဘူး ညီမ"

ဟိန်းထက်အောင် မြကြာဖြူပခုံးကို လက်နှစ်ဖက်နှင့် ဖွဖွ

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ရင်း ပြောလိုက်သည်။

"ဟင်း . . ဒုက္ခတွေ တစ်ခုပြီးတစ်ခု ဝင်လာတယ်နော် အစ်ကိုလည်း ဟိုဘဝတုန်းက ဘာတွေများ လုပ်ခဲ့လို့ပါလိမ့်"

မြကြာဖြူက တွေးတွေးဆဆ ပြောလိုက်သည်။

"ညီမ ကြာဖြူ"

"ရှင် . . ဘာလဲ အစ်ကို"

"အစ်ကိုလည်း ညီမကို ချစ်လွန်းလွန်းလို့ မခွဲချင်အောင် ပါပဲ၊ အစ်ကိုမရှိတဲ့နောက်ပိုင်းမှာ ညီမ အေးအေးဆေးဆေး နေပါ နော် . . အစ်ကို စိတ်ချပါရစေ"

"အို . . အစ်ကိုကလည်း ပြောကောင်း မဆိုကောင်း"

မြကြာဖြူ ပြောရင်း မျက်ရည်ဥတို့ ဝေလာလေသည်။

"ဟာ . . ညီမကလည်း ငိုနေပြန်ပြီကွာ"

ဟိန်းထက်အောင် မျက်ရည်စများကို သူ၏လက်ဖမိုးနှင့် သုတ်ပေးလိုက်သည်။

"အစ်ကို အဘကို ပြောပြလိုက်ဦးလေ"

"ဟုတ်တယ် . . ညီမ လာ . . အဘဆီလိုက်သွားကြရ အောင်"

သူ မြကြာဖြူကိုလက်ဆွဲ၍ ထူလိုက်ပြီး လယ်ထဲသို့ဆင်း လာခဲ့လေသည်။ နှစ်ဦးသား တင်းကျပ်စွာ တစ်ဦးလက်ကို တစ်ဦး



ဆုပ်ကိုင်ရင်းမှ လျှောက်လာခဲ့ကြပြီး မကြာမီပင် လယ်ကွင်းစပ်သို့ ရောက်ရှိလာလေသည်။

"ဟေး . . လိုမတို့ပါလား . . လာကြ . . လာကြ"

ဦးဖိုးလူက ဆီး၍ပြောလိုက်သဖြင့် နှစ်ဦးသား လယ်ကွင်း ထဲရှိ တဲငယ်လေးသို့ ဝင်လိုက်ကြသည်။

"လိုမလေး မျက်နှာမကောင်းပါလား . . ဘာဖြစ်လာကြ တာလဲ"

ဦးဖိုးလူက စိုးရိမ်တကြီးမေးလိုက်သဖြင့် ဟိန်းထက်အောင် က . . .

"အဘကို လာတိုင်ပင်တာပါ အဘ၊ ကိစ္စလေးတစ်ခုရှိလို့ ကျွန်တော် မနက်ဖြန်ကျရင် ရန်ကုန်ပြန်ရတော့မယ် အဘ"

"ဟေ"

ဦးဖိုးလူ အံ့အားသင့်သွားပြီး . . .

"ဘာကိစ္စလဲ မောင်ရဲ့ . . ပြောပါဦး"

ဟိန်းထက်အောင် အကြောင်းစုံကို ပြောပြလိုက်လျှင်

"အလိုကွယ် . . ဘုရား . . ဘုရား မသွားလို့မဖြစ်ရင် လည်း သတိထားပြီးသွားပေါ့ကွယ်"

"ဟုတ်ကဲ့ အဘ"

အတန်ကြာစကားပြောပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"အဘ မနက်ပြန်အတွက် လုပ်စရာလေးတွေ အချိန်ရှိတုန်း သွားလုပ်လိုက်ဦးမယ်"

ပြောပြီး လယ်ထဲမှ ပြန်တက်လာခဲ့သည်။

※

"အဘတို့ ကျေးဇူးကြီးပါတယ် . . ကျွန်တော် ကန်တော့ပါရစေ အဘ"

"သာဓုကွယ် . . . သာဓု . . သာဓု . . သွားလေရာ လာလေရာ ဘေးမသီရန်မခဘဲ အားလုံးအဆင်ပြေ ချောမွေ့ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အဘ"

"အစ်ကို ကိစ္စတွေပြီးရင် ရွာကိုပြန်လာခဲ့နော်"

"စိတ်ချပါ အစ်ကို ကိစ္စတွေ ပြီးပြီးချင်း အမြန်ဆုံး အရောက်ပြန်ခဲ့ပါမယ်"

"အဘတို့လည်း လူလေးကို မျှော်နေမှာပါကွယ်"

ဦးဖိုးလူ ဆွေးမြေ့စွာ ပြောစကားကြောင့် . . .

"အဘ . . ကျန်းမာရေးကို ဂရုစိုက်ပါနော်၊ ကျွန်တော် မကြာခင် ပြန်လာခဲ့ပါမယ်"

"အေးကွယ် . . အေးအေး"

"ကဲ . . အဘ အချိန်ရှိတုန်း သွားလိုက်ဦးမယ်"



"အေးအေး . . လိုမလေး ရွာထိပ် လိုက်ပို့ပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ အဘ"

နှစ်ဦးသား ရွာထိပ်ဆီသို့ ရောက်လာခဲ့ကြသည်။

"ညီမ . . ဆရာဦးတုတ်ပေါ်ကြီးကို ပြောလိုက်ပါ အစ်ကို နှုတ်ဆက်သွားတယ်လို့"

"ဟုတ်ကဲ့ပါ အစ်ကို ညီမ မျှော်နေမှာပါနော် . . အစ်ကို ပြောခဲ့တဲ့စကားတွေ သွားခဲ့လာခဲ့တဲ့နေရာလေးတွေကို တွေးမြင်မိတိုင်း လွမ်းနေရမှာပါ အစ်ကို"

"အစ်ကိုသိပါတယ် . . ကဲ အစ်ကိုသွားမယ် ညီမ"

မြကြာဖြူ ဆုပ်ကိုင်ထားသော လက်ကလေးကို အသာလွှတ်ပေးလိုက်သည်။ ကားလမ်းဘက်ဆီသို့ လျှောက်သွားသော ဟိန်းထက်အောင်ကို ကြည့်ရင်း မြကြာဖြူ မျက်ရည်စတွေ စီးကျလာလေသည်။

ပြီးတော့ စိတ်တွင်းမှ တီးတိုးရေရွတ်မိလေသည်။

"ညီမ . . မလွမ်းပါရစေနဲ့ အစ်ကိုရယ်"

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ထောက်ကြန့်ရှိ မြို့ကျယ်ကြီးတစ်ခု . . .

မြို့ဝရှိ ကြေးဝါဆိုင်းဘုတ်ကြီးနှင့်အတူ အုတ်တံတိုင်း ခတ်ထားသော မြို့စည်းရိုးကြီးက နှစ်ပေါင်းအတန်ကြာပြီဖြစ်ကြောင်း သက်သေပြုနေသယောင်။

ကြေးဝါဆိုင်းဘုတ်ကြီးသည်ပင် ရေညှိအထပ်ထပ် ကပ်ညှိနေကာ အုတ်တိုင်ကြီး၏ အောက်တွင် ကွယ်ပျောက်နေလေပြီ။ မြို့စည်း ရိုးပတ်လည်တွင်လည်း ချုံနွယ်များက ဝိုင်းရံလျက်ရှိနေလေသည်။

ထိုကြေးဝါဆိုင်းဘုတ်ကြီးအား အသေအချာ စူးစိုက်ကြည့်



ပါမူ စာတန်းကြီးတစ်ခုကို တွေ့မြင်ရမည် ဖြစ်ပေသည်။

"မြနန်းသိင်္ဂီ ရိပ်မြုံ"

ဆိုင်းဘုတ်ကြီး၏အမည်ကြောင့် အိမ်ကြီးသည် တစ်ချိန်က ထည်ဝါခန့်ညားသောအသွင်နှင့် မဟာဆန်သော လူတန်းစားများနေထိုင်ခဲ့ကြခြင်းဖြစ်ကြောင်း တွက်ဆနိုင်ပေသည်။

မြို့တွင်း၌လည်း ရာဘာပင်များ၊ သီဟိုဠ်ပင်များ၊ သရက်ပင်ကြီးများနှင့် မန်ကျည်းပင်ကြီးများ အစီအရီရှိနေလေသည်။ မြို့ထောင့်၌ ပိတောက်ပင်ကြီးတစ်ပင်နှင့် မရမ်းပင်ကြီးတစ်ပင်လည်း ရှိနေလေသည်။

သစ်ပင်ကြီးများမှာ ချုံနွယ်ပိတ်ပေါင်းများထဲမှ ထိုးထိုးထောင်ထောင် ထွက်ပြူနေသည်။ မြို့ကြီးမှာ နှစ်ပေါင်းများစွာပင် မပြုမပြင်ထားသည့် အနေအထားမို့ မြက်ရိုင်းပင်များကလည်း ကြီးစိုးနေပေသေးသည်။

အိမ်ကြီးမှာမူ ယခင် ရေနံချေးများ ဝနေသယောင်ရှိသော်လည်း ယခုအခါတွင် ညှိမဲခြောက်ကပ်လျက် အထီးကျန်ရှိနေသည်က မကောင်းဆိုးဝါးကြီးတစ်ကောင်နှယ် အကျည်းတန်လှချေသည်။ အိမ်ကြီး၏အပြင်အဆင်ကလည်း ရှေးခေတ်ပုံစံဖြစ်သော အပေါ်သစ်သားနံရံသစ်သားအကာနှင့် အောက်ထပ်မှာမူ အင်္ဂတေကိုင်ထားသော တိုက်ခံအိမ်အမျိုးအစား . . .

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၏အတွင်းဘက်မြင်ကွင်းကို ကြည့်ပါဦး . . .

ဖုံများအလိမ်းလိမ်း ကပ်နေသည့် အိမ်အသုံးအဆောင် ပရိဘောဂများနှင့် ကြွက်သိုက်များ၊ စာဖူးတောင်းများမှာ ရှုပ်ယှက်ခတ်နေလေသည်။ ကျွန်းဘီရိုကြီးရှိ မှန်များမှာလည်း ကြွက်ကိုက်ရာများ ဗရပွနှင့် ကြည့်ရက်မြင်ရက်စရာ မရှိအောင်ပင်။

အိမ်အတွင်း ဟိုမှသည် သည်မှဟို ပြေးလွှားနေသော ကြွက်ကြီးများနှင့် စာကလေးများ၊ လင်းနို့များကြောင့် အိမ်ကြီးမှာ ပီတိ တိရစ္ဆာန်ဥယျာဉ်ကြီးတစ်ခုနှယ်ပင်။

ဤအိမ်ကြီး၏အသွင်အပြင်ကြောင့် အိမ်အနီးအနားမှ ကလေးငယ်များသာ မဟုတ်ချေ၊ လူကြီးများပင် ချဉ်းကပ်၍ မဝံ့မရဲဖြစ်ကြရလေသည်။

အိမ်ကြီးမှာ တစ္ဆေများ၊ မကောင်းဆိုးဝါးများ ရှိနေသည်ဟု လူအများက သတ်မှတ်ထားသည့် ကန့်သတ်နယ်မြေတစ်ခု ဖြစ်နေလေသည်။

လူသူအဝင်အထွက် မရှိ၍ ပို၍ပို၍ပင် ဖြစ်ချင်တိုင်း ဖြစ်နေရသော အိမ်ကြီးမှာ သဘာဝဘေးဒဏ်နှိပ်စက်မှုကြောင့် ယိုင်နဲ့နေသော အဘိုးအိုတစ်ဦး မကျန်းမာသည့် ပုံစံနှယ်ဖြစ်နေရလေသည်။ ချိနဲ့နေသော အားအင်နှင့် သဘာဝဘေးဒဏ်အန္တရာယ်ကို ကြံ့ကြံ့ခံနေရဟန်လည်း ရှိနေချေသည်။



"မြနန်းသိင်္ဂီ ရိပ်မြုံ"

သို့သော်လည်း ယခုအခါတွင် လူတစ်စု ဤအိမ်ကြီးထဲသို့ ရောက်ရှိနေလေသည်။ ထိုလူတစ်စု သန့်ရှင်းမှုကြောင့် ဖုံအလိမ်းလိမ်းနှင့် ပရိဘောဂများမှာ သေသပ်စွာ ရှိနေသည်မှလွဲ၍ ကျန်အရာများမှာမူ နဂိုကအတိုင်းပင် နေရာမယွင်း ရှိနေမြဲ။

"ဟော့ကောင် မောင်မိုး"

"ဘာလဲကွ . . မောင်ရဲရ"

"ဒီထိုင်ခုံတွေပဲ ရှင်းထားမယ် . . ဒါတောင် ဆရာကြီး ထိုင်မှာမို့လို့ ရှင်းထားတာ . . ကျန်တာတွေကတော့ ရှင်းစရာ မလိုဘူးနော်"

"အေးပါ"

လူလေးဦး အိမ်ကြီးကို ရှင်းနေသော်လည်း တစ်ဦးသော သူမှာမူ အိမ်ကြီးအား အကဲခတ်၍နေလေသည်။

အတန်ကြာသည်အထိ ထိုလူသည် အိမ်ကြီးအား အကဲခတ်နေရာမှ သန့်ရှင်းရေးလုပ်နေသူများအား ရုတ်တရက်မေးလိုက်သည်။

"ဗျို့ . . ကိုမိုး ခင်ဗျားတို့ ဆရာကြီးက ဘယ်တော့လာမှာလဲဗျ"

"ဒီနေ့ လာမှာပါ စိတ်ချနေပါဗျ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဆိုသူက ပြန်ဖြေလိုက်သဖြင့် ထိုလူက ခေါင်းကို ညိတ်လိုက်ပြီး နံရံရှိကျားခေါင်းခွံများ၊ သမင်ချိုများနှင့် ဆတ်ချိုများကို စူးစိုက်ကြည့်နေပြန်သည်။

ထိုမှတစ်ဖန် နံရံဆေးရေးပန်းချီကားချပ်ကြီးဆီ အာရုံရောက်သွားရပြန်သည်။

ရှေးပန်းချီလက်ရာ နံရံပန်းချီကားကြီးမှာ အမဲလိုက်နေသော မုဆိုးတစ်စုနှင့် အပြေးအလွှားရှိနေသည့် သားကောင်များ၏ပုံများပင် ဖြစ်လေသည်။

ထိုလူသည် နံရံပန်းချီကားကြီးအား အသက်ပင် မရှူနိုင်လောက်အောင် ငေးမောကြည့်၍နေလေသည်။

"ကိုဟိန်းထက်အောင်က ပန်းချီဆရာဆိုတော့ ပန်းချီကားကြီးကို စိတ်ဝင်စားနေတယ် ထင်တယ်"

ကိုရဲဆိုသူ၏အမေးကြောင့် . . .

"ဟုတ်တယ်ဗျ . . ဒီပန်းချီကားဟာ ရှေးပန်းချီကျော်ကြီးတစ်ဦးရဲ့လက်ရာ ဖြစ်နေတော့ ကျွန်တော် လေ့လာနေတာပါ"

"ဟုတ်တယ်ဗျ . . ဒီပန်းချီကားကြီးဟာ နှစ်ပေါင်းတော်တော်ကြာပြီဗျ၊ ဆရာကြီးရဲ့အဘိုးအဘွားတွေ လက်ထက်က နေထိုင်ခဲ့တဲ့ အိမ်ကြီးပဲ"

"အော်"



ဟိန်းထက်အောင် ခေါင်းညိတ်ပြီး ဂရုတစိုက်နားထောင်နေလေသည်။ ပြီးမှ . . .

"နေပါဦး . . ခင်ဗျားတို့ဆရာကြီးဆိုတာ ဘယ်သူလဲ အသက်ကြီးပြီလား"

"လာတော့ ကိုဟိန်းထက်အောင် တွေ့ရမှာပါ၊ ဆရာကြီးအသက်ကတော့ ငါးဆယ်ခြောက်နှစ်လောက်တော့ ရှိရောပေါ့"

"သူ ပြန်ပေးအဖွဲ့ခေါင်းဆောင်ပေါ့ . . ဒီအပြင် သူ့ထက်ကြီးတဲ့လူကော ရှိသေးလား"

"ဟင့်အင်း . . သူက အဓိကခေါင်းဆောင်ပါ"

"ကျုပ်က သူနဲ့တွေ့ဖို့ လိုက်လာခဲ့ရတာဆိုတော့ အချိန်သိပ်မကြာစေချင်ဘူး . . အမြန်ဆုံးတွေ့ချင်တယ်"

"ဟုတ်ကဲ့ . . ဆရာကြီး မကြာခင်မှာ ဒီအိမ်ကြီးကို ရောက်လာတော့မှာပါ၊ ဒါကြောင့် သူလာရင် အဆင်သင့်ဖြစ်အောင် ဒီအိမ်ကြီးကို ပြင်ဆင်သန့်ရှင်းရေး လုပ်နေရတာပေါ့"

"ကျုပ် သိနေပါတယ်"

ဟိန်းထက်အောင် ခပ်တည်တည်ပင် ပြန်ဖြေလိုက်သည်။

"ကျွန်တော်တို့ လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်"

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



မောင်ရဲထွက်သွားပြီးနောက် ဟိန်းထက်အောင် အိတ်ထဲမှ စီးကရက်ကို ထုတ်လိုက်ပြီး မီးညှိလိုက်သည်။ ထို့နောက် စီးကရက်သောက်ရင်း အိမ်ကြီးအား ဆက်လက်လေ့လာနေလေသည်။

သူ့မျက်လုံးများက စားပွဲပေါ်ရှိ သစ်သားပန်းပုရုပ်လေးထံ ရောက်သွားပြန်သည်။ ကိန္နရီ ကိန္နရာမောင်နှံပန်းပုရုပ်လေးက လက်ရာမြောက်လှသည်။ ဟိန်းထက်အောင် ရှေးခေတ်ရုပ်လုံးထွင်းပညာကို လေ့လာဖူးသဖြင့် စိတ်ပါဝင်စားခဲ့သည်။

ထို့အပြင် အနုပညာသမားတစ်ဦးမို့ အနုပညာနှင့် သက်ဆိုင်သမျှကို သူစိတ်ဝင်စားသည်။ သူသည် ပန်းပုရုပ်လေးအား အသေအချာကိုင်တွယ်ပြီး အသေးစိတ်ကြည့်ရှုနေလေသည်။

အရုပ်လေးအား သူ၏လက်ကိုင်ပုဝါလေးနှင့် ဖုန်များကို သုတ်သင်ပေးလိုက်ပြီးမှ စားပွဲပေါ်ရှိ မူလနေရာသို့ ပြန်တင်ပေးထားလိုက်သည်။ အရုပ်အား နေရာတကျပြန်ချထားလိုက်ပြီးမှ ကုလားထိုင်ပေါ်သို့ ထိုင်လိုက်ပြီး စီးကရက်ကို ကိုင်သောက်နေလေတော့သည်။ ထိုမှတစ်ဖန် . . .

စီးကရက်မီးခိုးများက အခန်းတွင်း၌ ဝေ့ဝဲလျက်ရှိနေသည်ကို စိုက်ကြည့်နေပြန်သည်။ ထိုစဉ်မှာပင် ခြံဝသို့ လေးဘီးကားတစ်စီး ဆိုက်ရောက်လာလေသည်။



"တီတီ . . တီတီ"

မောင်မိုး ကပျာကယာ ပြေးထွက်သွားပြီးနောက် အိမ်ခြံတံခါးဖွင့်ပေးလိုက်သည်။

"နေပါစေ . . မောင်မိုး ကားခပေးပြီး ပြန်လွှတ်လိုက်မယ်ရော့ . . ကားခပေးလိုက်ကွာ"

ဆရာကြီးဆိုသူက မောင်မိုးလက်ထဲအား ငွေစက္ကူအချို့ကို ပေးလိုက်လေသည်။ မောင်မိုးက ကားသမားအား ပိုက်ဆံပေးပြီးနောက် ကားလေးပြန်ထွက်သွားသည်။

"မောင်မိုး"

"ဗျာ . . ဆရာကြီး"

"ဟိုကောင်ပါခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . အိမ်ထဲမှာ ဆရာကြီးကို စောင့်နေပါတယ် ဆရာကြီး"

"အေး . . ဟုတ်ပြီ၊ လာ အိမ်ကြီးထဲသွားကြရအောင်"

"ဟုတ်ကဲ့"

"ဒါနဲ့ အိမ်သန့်ရှင်းရေးရော ဘာလေးလုပ်ထားရဲ့လား"

"ဟုတ်ကဲ့ . . အတွင်းပိုင်းသန့်ရှင်းရေးတော့ လုပ်ထားပါတယ် ဆရာကြီး"

"အပြင်ဘက်ကော မလုပ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းပဲ ကောင်းတယ် ဆရာကြီး၊ သိပ်လူမြင်ခံလို့ မရဘူးနော်"

"အေး . . ဟုတ်သားပဲ ငါမေ့သွားလို့ပါကွာ . . . လာ သွားကြစို့"

နှစ်ယောက်သား အိမ်ကြီးဆီသို့ လာခဲ့ကြလေသည်။

*

"ကိုဟိန်းထက်အောင် . . ဒါ ဆရာကြီးလေ"

"အော် . . ဟုတ်လား"

ဟိန်းထက်အောင် ဆရာကြီးဆိုသူကို ကြည့်ပြီး ဝတ်ကျေ တန်းကျေပင် နှုတ်ဆက်လိုက်ရသည်။

"မောင်မိုး . . မင်းတို့ခေါ်လာတာ သူပေါ့"

"ဟုတ်ပါတယ် ဆရာကြီး . . ဘယ်လိုလဲ ဆရာကြီး ဇော်ဝေနဲ့ ရုပ်ချင်းတူတယ် မဟုတ်လား"

"အေး . . ဟုတ်တယ် ခွဲမရအောင်ကိုတူတာကွ"

"ဒါကြောင့်လည်း ကျွန်တော်တို့လူမှားပြီး ရထားပေါ်က တွန်းချကြတာပါ ဆရာကြီး"

"အင်း . . မင်းတို့လူမှားမယ်ဆိုလည်း မှားလောက်ပါ တယ်ကွာ၊ ဒါနဲ့ မောင်ရင်က ဘာအလုပ်အကိုင်များ လုပ်ပါသလဲ"



"ပန်းချီဆရာပါ . . ပန်းချီဆွဲတဲ့အလုပ်ပဲ လုပ်တယ်"

"ဟာ . . ဟန်ကျတာပေါ့၊ ဒီအိမ်ကြီးမှာရှိတဲ့ ပန်းချီကား တွေက တော်တော်ဟောင်းနေပြီဆိုတော့"

"ဘာလဲ ကျွန်တော် ဆွဲပေးရမှာလား"

"ဟုတ်တယ် . . မောင်ရင့်ပန်းချီပညာကိုလည်း သိခွင့်ရ တာပေါ့ . . ဟုတ်ဘူးလား"

"မလိုပါဘူး . . ဒီပန်းချီကားတွေက ရှေးလက်ရာတွေမို့ ဒီအတိုင်းထားတာက ပိုကောင်းပါတယ်"

"ဒီလိုဆိုလည်း ပြီးရောပေါ့ကွယ်"

ဦးသိုက်ထွန်း ပျက်သွားသော မျက်နှာကိုပြန်ပြင်ရင်း အလိုက်သင့်ပြောလိုက်ရသည်။ ဟိန်းထက်အောင်ပြောစကား ကြောင့် ဦးသိုက်ထွန်း မျက်နှာပျက်သွားရလေသည်မို့ ဦးသိုက်ထွန်း ရင်ထဲမှာတော့ မကျေနပ်ချေ။

"ကျုပ်ကို ခေါ်တဲ့ကိစ္စက ဘာသဘောလဲဗျာ"

ဟိန်းထက်အောင်၏ ခပ်ပြတ်ပြတ်စကားကြောင့် ဦးသိုက် ထွန်းက ပြုံးလိုက်ရင်းမှ . . .

"ပြောတာပေါ့ကွာ . . သိပ်လည်း မလောပါနဲ့ကွယ်"

ဟိန်းထက်အောင် ဦးသိုက်ထွန်းအား စိုက်ကြည့်လိုက်ပြီး

"မလောလို့မရဘူး . . ကျုပ်ညီကိစ္စကို ကျုပ်သိချင်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ် . . ဒါကြောင့်လည်း လိုက်လာခဲ့ရတာပဲ''

သူ့စကားကြောင့် ဦးသိုက်ထွန်း ခေါင်းညိတ်လိုက်ပြီးလျှင်

''ပြောတာပေါ့ကွယ် . . ကျုပ်က မောင်ရင့်ကို အေးအေး ဆေးဆေးပြောပြပြီး အကူအညီတောင်းချင်လို့ပါ''

''ဘာဗျ . . အကူအညီဟုတ်လား''

''ဟုတ်ပါတယ် . . မောင်ရင်၊ ကျုပ်မှာ အခက်အခဲတစ်ခုရှိနေလို့ ဒီအခက်အခဲကလည်း တော်တော်လေး အကျဉ်းအကျပ်ဖြစ်နေတယ် အဲဒါ . . ''

''ကျုပ်က ကူညီပေးရမယ်ဆိုပါတော့''

တိန်းထက်အောင် ကြားဖြတ်ပြောလိုက်လေသည်။

''ဟုတ် . . ဟုတ်ပါတယ် မောင်ရင်၊ အဲဒီကိစ္စအတွက် မောင်ရင့်ကို ခေါ်ခိုင်းရတာပါ၊ နောက်ပြီး ကျုပ်တပည့်တွေ လူမှားပြီး မောင်ရင့်ကို ရထားပေါ်ကနေ တွန်းချမိတဲ့အတွက်လည်း ခွင့်လွှတ်ဖို့တောင်းပန်မလို့ပါ''

''ဒါတွေ ထားလိုက်စမ်းပါ အလုပ်ကိစ္စသာ ပြောပါ''

''ပြောပါ့မယ် . . ဒီလိုပါပဲကွယ်၊ ကျုပ်မှာ အစ်ကိုတစ်ယောက်ရှိတယ် . . သူပိုင်ဆိုင်တဲ့ငွေသိန်းနှစ်ဆယ်နဲ့ အိမ်ကို သူမသေခင်မှာ ကျုပ်ကိုလွှဲအပ်သွားတယ်၊ ကျုပ်က အဲဒီပစ္စည်းတွေကို သူ့သမီးလေးအရွယ်ရောက်လို့ အိမ်ထောင်ပြုမှပေးရမယ် . .



ဒီအတွင်း ကျုပ်က စောင့်ရှောက်ထားရပါတယ်''

''ဒါတော့ ကျုပ်သိပါပြီ . . ဆက်ပြောပါ''

''အခုတော့ ကျုပ်တူမက မောင်ရင့်ညီဖြစ်တဲ့ ဇော်ဝေနဲ့ အိမ်ထောင်ပြုတော့မှာမို့ ကျုပ်က ဒီပစ္စည်းတွေကို လွှဲပေးရတော့မယ်''

''ကောင်းသားပဲ . . လွှဲပေးလိုက်ပြီးတာပဲဟာ . . ကျုပ်က ဘာများအကူအညီပေးစရာ လိုသေးလဲဗျ''

''မဟုတ်သေးဘူး မောင်ရင်''

''ဘာ . . မဟုတ်သေးတာလဲဗျ၊ ခင်ဗျားစကားကလည်း သပွက်အူလိုက်နေတယ်ဗျာ''

''ဒီ . . ဒီလိုပါ ကျုပ်အစ်ကိုကြီးပိုင် ဒီပစ္စည်းတွေကို ကျုပ် သူ့သမီးကို မပေးနိုင်ဘူး''

''အော် . . ဒီလိုကိုး''

''မပေးနိုင်ရင်လည်း မပေးနဲ့ပေါ့ဗျာ''

''အဲဒီလိုဆိုရင် ကျုပ်အဖမ်းခံရမှာပေါ့ . . ရှေ့နေရှေ့ရပ်တွေနဲ့ ကျုပ်ကို အစ်ကိုကြီးက လွှဲပေးသွားတာ မောင်ရဲ့''

''ဒါဆိုလည်း အဖမ်းခံရမှာ သိရက်နဲ့ဗျာ . . ဘာဖြစ်လို့ ကိုယ်မပိုင်တဲ့ပစ္စည်းတစ်ခုကို အလွဲသုံးစားလုပ်ချင်ရတာလဲ''

''အို . . ဒါက ကျုပ်ကိစ္စပါ . . ဒီကိစ္စအတွက် မောင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကာ အကူအညီပေးမယ် . . မပေးဘူးဆိုတာ ကျုပ်သိချင်တာပါ”

ဟိန်းထက်အောင် တစ်ချက်ရယ်လိုက်ပြီးမှ . . .

“နေပါဦး . . ကျုပ်က ဘာများအကူအညီပေးရမှာတုန်းဗျ”

“ကျုပ်ဆီမှာ ငွေသိန်းနှစ်ဆယ် အပြည့်မရှိတော့ဘူး၊ ကျုပ် သုံးတာနဲ့တင် ကုန်နေပြီလေ . . ဆယ်သိန်းနီးပါးပဲ ကျန်တော့တယ်”

“အင်း”

“ဒီအတွက် ကျုပ်ကို ကူညီပါ၊ မောင်ရင် ဇော်ဝေနဲ့ အမွှာညီအစ်ကိုဆိုတာ သိရတော့ ကျုပ်ဝမ်းသာမိတယ်လေ . . ဒါကြောင့် တကူးတက ခေါ်လွှတ်ပြီး ခေါ်ခိုင်းလိုက်ရတာ စိတ်မရှိပါနဲ့”

“ကိုင်း . . ဆိုပါဦး ကျုပ်က ဘယ်လိုဆက်ပြီး ခင်ဗျားရဲ့ ဇာတ်ရှုပ်ကြီးကို ဘယ်လိုလှုပ်ရှားပေးရမယ်ဆိုတာလေး ပြောပါဦး”

“မောင်ရင်က ကျုပ်တူမဆီသွားပြီး ဇော်ဝေအယောင် ဆောင်မယ် . . ပြီးတော့ ကျုပ်တူမနဲ့ မောင်ရင် ပြဿနာတစ်ခု ဖြစ်အောင်ဖန်တီးပြီး မင်္ဂလာပွဲကိုပျက်အောင် လုပ်ပေးပြီးတော့ တစ်နေရာကို မောင်ရင်က ရှောင်ထွက်သွားဖို့ပါ”

“အော် . . ကျုပ်က သူများချစ်ခြင်းကို ကြားကနေဝင်ခွဲ ပေးရမှာပေါ့ ဟုတ်လား”

“ဟုတ်ပါတယ် . . မင်္ဂလာပွဲဖျက်သိမ်းလိုက်မှ ကျုပ် ဒီငွေ



တွေ ဆက်ပြီးပိုင်ဆိုင်ရမှာပါ . . ဒီအတွက် မောင်ရင့်ကို ငွေသုံးသိန်း ပေးပါမယ်လေ”

“ဗျာ . . ငွေသုံးသိန်း ဟုတ်လား”

“ဟုတ်ပါတယ် . . ဘာလဲ နည်းသေးလို့လားကွယ့်”

ဟိန်းထက်အောင် ခေါင်းခါလိုက်ပြီး . . .

“နည်းလို့မဟုတ်ပါဘူး . . ကျုပ် မလုပ်ပေးချင်ဘူးဗျာ”

“ဘာဖြစ်လို့”

ဦးသိုက်ထွန်း ပျာပျာသလဲ မေးလိုက်သည်။

“ကျုပ်ဟာ မိကောင်းဖခင် သားသမီးမို့ မဟုတ်တရုတ် သူများအကျိုးစီးပွားပျက်မဲ့ အလုပ်တွေ လုပ်မပေးချင်ဘူးဗျာ”

ဟိန်းထက်အောင် ငြင်းနေမိလေသည်။

“စဉ်းစားပါ မောင်ရင် . . ဒီကိစ္စဟာ ဦးကိစ္စဆိုပေမယ့် မောင်ရင့်ညီနဲ့လည်း ပတ်သက်နေတယ်နော်”

ဦးသိုက်ထွန်း ပြောစကားကြောင့် ဟိန်းထက်အောင် သဘောပေါက်မိသည်။

ဤကိစ္စသည် သူ့ညီအတွက် အန္တရာယ်ရှိနိုင်သည်ဟု သူထင်သည်။ အကယ်၍ သူငြင်းလိုက်ပါက သူ့ညီမှာ အန္တရာယ် ကျရောက်သွားနိုင်သည်။

ထို့ကြောင့် အကြောင်းစုံကို ရေဆုံးရေဖျားသိရန် သူကတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရသည်။

"ကောင်းပြီလေ . . ကျုပ်လုပ်ပေးပါ့မယ်"

"ဟာ . . ကျေးဇူးတင်ပါတယ် မောင်ရင်၊ ရော့ . . ငွေတစ်သိန်းစရံယူထားပါနော် . . ပြီးရင် ကျုပ် ငွေနှစ်သိန်းထပ်ပေးပါ့မယ်"

"နေပါစေ . . ကျုပ်မယူသေးပါဘူး . . ကိစ္စအားလုံးပြီးရင်သာ ငွေသုံးသိန်းကို ခင်ဗျားကတိအတိုင်း ပေးဖို့ပြင်ထားပါ"

"စိတ်ချပါ မောင်ရင် . . ကျုပ် ကတိတည်စေရပါ့မယ်"

"ကျုပ် အဲဒီလိုစိတ်ဓာတ်မျိုးရှိတဲ့လူကို သဘောကျပါတယ် . . ဒါနဲ့ ကျုပ် ဘယ်တော့လုပ်ငန်းစရမလဲ"

"မနက်ဖြန်ညမှာ စလုပ်ရမယ်"

"ကောင်းပြီ . . ဦးသိုက်ထွန်း"

* * *

အခန်း (၁၈)

"လေးလေး တစ်နေ့လုံး ဘယ်ပျောက်သွားနေတာလဲ ဟင်"

အိမ်ရောက်ရောက်ချင်း ဆီးမေးလာသော သူဇာလွင့်စကားကြောင့် ဦးသိုက်ထွန်း တွေဝေသွားလေသည်။

သူ့ကိစ္စများ သိကုန်ပြီလားဟု သံသယပင်ဖြစ်မိရလေသည်။ ပြီးမှ . . .

"ဒီနေ့ အေးအေးဆေးဆေး ဘုရားသွားပြီး ပုတီးစိပ်တာသမီး" ပြောမိပြောရာ ပြောချလိုက်ရသည်။

"လေးလေး နေလည်းကောင်းတာ မဟုတ်ဘူး လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားမနေနဲ့ဦး"

သူဇာလွင် စိတ်မရှည်သလို ပြောနေသည်မို့ . . .

"အေးပါကွယ် . . လေးလေး ဒီနေ့ ဘုရားသွားပြီး ပုတီးစိပ်ချင်တဲ့ အာသီသက ပြင်းပြလွန်းလို့ ထွက်သွားတာပါ"

"ဟုတ်ပါတယ် . . သမီးက စိတ်မရှည်လို့ ပြောတာပါ လေးလေးရဲ့၊ လေးလေး ပုတီးစိပ်ဖို့ ဘုရားသွားတာကို သမီး အပြစ်ပြောတာ မဟုတ်ပါဘူး"

"အေးပါကွယ် . . လေးလေး နားလည်ပါတယ်၊ လေးလေး နောက်ဆို အဖော်မပါဘဲ မသွားတော့ပါဘူး"

"အော် . . ဒါနဲ့ လေးလေး"

"ဘာလဲ သမီး . . ပြောစရာရှိတာ ပြောလေကွယ်"

"နေ့လည်က ဦးလေးကြီးတစ်ယောက် အိမ်လာသွားတယ် လေးလေး မိတ်ဆွေဆိုလား"

"ဟေ . .ဟုတ်လား . . ဘယ်သူများပါလိမ့်ကွယ်"

"ဘိသိက်ဆရာလို့ ပြောတာပဲ၊ သမီးတို့ မင်္ဂလာပွဲအတွက်တဲ့ လေးလေးရဲ့"

"အော် . . သမီးတို့ပဲ လေးလေးကို ဘိသိက်ဆရာရှာခိုင်းထားတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် . . အခုလာတာက လေးလေးငှားထားတဲ့ ဘိသိက်ဆရာပါ"



"ဘာပြောသွားသေးလဲ သမီး"

"အင်း . . သမီးကိုတော့ ဘာမှထွေထွေထူးထူး မပြောသွားပါဘူး၊ လေးလေး မရှိဘူးဆိုတော့ ဘယ်သွားသလဲလို့ မေးတယ်"

"အင်း"

"ဒါနဲ့ သမီးက လေးလေး ဘာမှပြောမသွားလို့ ဘယ်သွားမှန်းလဲ မသိပါဘူးလို့ ပြောတော့ နောက်မှလာမယ်ဆိုပြီး ပြန်ထွက်သွားလေရဲ့"

"အယ် . . အားနာစရာပဲကွယ်၊ လေးလေးလည်း ဘုရားသွားချင်တဲ့ ဆန္ဒသိပ်လွန်ကဲနေတော့ ဘယ်သူ့ကိုမှ ပြောဖို့အချိန်မရလိုက် အဲ . . သတိမရလိုက်ဘူး"

"လေးလေး"

"ဘာလဲ သမီးရဲ့"

"သမီးတို့ အိမ်ထောင်ကျသွားရင် လေးလေး ဘာဆက်လုပ်မလဲဟင်"

"ဟေ . . လေးလေး ဘာဆက်လုပ်ရမှာလဲ သမီးရဲ့"

"မဟုတ်သေးပါဘူး . . လေးလေးက ဘယ်လိုနေပြီး ဘယ်လိုစားမယ်ဆိုတာ သိချင်လို့မေးတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အော် . . ဒါလား လေးလေးကတော့ သမီးတို့ကိုလွှဲပေးစရာရှိတာတွေ လွှဲပေးပြီးတာနဲ့ ငြိမ်းချမ်းတဲ့နေရာတစ်နေရာ သွားနေမှာပေါ့ကွယ် . . ဥပမာ ပြောရရင် စစ်ကိုင်းတောင်တို့ ဘာတို့ပေါ့ကွယ်"

ဦးသိုက်ထွန်း စကားကြောင့် သူဇာလွင် မျက်မှောင်ကြုတ်လိုက်ပြီးနောက် . . .

"ဟင် . . လေးလေးကလည်း အဓိပ္ပါယ်မရှိတာပဲဟာ"

"ဘာအဓိပ္ပါယ် မရှိတာလဲ သမီးရဲ့"

"လေးလေးပြောတဲ့ နေရာတွေက သက်ကြီးတဲ့အဘိုးကြီး အဘွားကြီးတွေက တရားအားထုတ်တဲ့ နေရာတွေပဲ လေးလေးရဲ့ အသားလေးက အသက်မှ မကြီးသေးတဲ့ဟာပဲ"

"အမယ်လေးကွယ် . . ဒီသမီးလေးက ကလေးကျနေတာပဲ၊ စကားကို ကတ်သီးကတ်သတ် ပြောနေပြန်ပြီကွယ်"

"မဟုတ်ဘူးလားလို့"

"ဟုတ်ပါတယ် . . သမီးရဲ့၊ လေးလေး အသက်လည်း ကြည့်ဦးလေ . . အသက်ပဲ ငါးဆယ်ကျော်နေပြီပဲ မဟုတ်လား နောက်ပြီး လေးလေးအနေနဲ့ တရားဘာဝနာလေး အေးအေးဆေးဆေး ရှာချင်နေတယ်ကွယ့်"

"ဟင် . . လေးလေး ရည်ရွယ်ချက်ကလည်း အောက်လိုက်



တာ"

"ဘာ . . ဘယ်လို သမီး"

"လေးလေး ရည်ရွယ်ချက်က လေးလေး ရယ် . . ဒီလိုလုပ်"

"အင်း . . ပြောပါဦး ဘယ်လိုလုပ်ရမလဲ ဆိုတာ"

သူဇာလွင်က ဦးသိုက်ထွန်းအား . . .

"သမီးနဲ့ အစ်ကိုက လက်ထပ်ပြီးရင် အစ်ကိုက မန္တလေးက သူ့အလုပ်ကို ပြန်သွားရမယ်၊ ဒီတော့ ဒီအိမ်မှာ သမီးပဲ ကျန်ရစ်မှာ . . အဲဒီတော့ လေးလေး ဒီအိမ်မှာပဲ ဆက်နေရမယ် ဘယ်မှ မသွားစေချင်ဘူး"

သူဇာလွင် စကားကြောင့် ဦးသိုက်ထွန်းက ခေါင်းကိုခါရမ်းလိုက်ပြီး . . .

"ဘယ်ဟုတ်မလဲကွ . . လူ့မှန်နေရာမှန်ဆိုတာ လိုအပ်တယ် သမီးရဲ့"

"သွားပါ . . လေးလေးက သမီးတို့နဲ့ မနေချင်လို့ မဟုတ်တာတွေ လျှောက်ပြောနေတာပဲ"

"တင်း"

ဦးသိုက်ထွန်း သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးမှ . . .

"မဟုတ်သေးဘူး သမီး စည်းဆိုတာရှိရင် အတိုင်းအတာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာရှိတယ်၊ အဲ နောက်ပြီးတော့ အခွင့်အရေးဆိုတာကိုရတိုင်း ယူပြီး နေမယ်ဆိုရင် အဲဒီလူဟာ အခွင့်အရေးသမားပဲ သမီး။ လေးလေးကတော့ အခွင့်အရေးသမား အဖြစ်မခံနိုင်ဘူး သမီးရဲ့ ဒီတော့ လေးလေး လွတ်လွတ်လပ်လပ် နေပါရစေကွယ်"

ဦးသိုက်ထွန်း စကားပြောပြီးမှ မောသွားဟန်နှင့် မျက်စိကိုမှိတ်လိုက်လေသည်။

"နေပါဦး . . လေးလေးရဲ့ ဘယ်သူတွေက လေးလေးကို အခွင့်အရေးသမားလို့ ပြောနေလို့လဲဟင်"

"ဘယ်သူတွေမှ မပြောပါဘူးကွယ် . . ဒါပေမယ့် ကိစ္စတစ်ခုအတွက် မဖြစ်ခင်က ကြိုတင်ပြီး တွက်ဆထားတာက ပိုကောင်းတယ် သမီး"

သူဇာလွင်က သက်ပြင်းကိုချလိုက်သည်။

"ဟင်း . . ခက်တာပဲ"

"မခက်ပါဘူး . . သမီးရဲ့ . . လွယ်လွယ်ကလေးပါကွယ် လေးလေးပြောတာတွေကို သမီး သေချာစဉ်းစားကြည့် . . မှန်လား မှားလားဆိုတာကို ဆန်းစစ်ကြည့်၊ အဖြေသိလာလိမ့်မယ် သမီး။ လေးလေး သမီးကို အခုပြောတဲ့စကားတွေဟာ လေးလေးဘက်ကနေကြည့်ပြီးပြောတာ မဟုတ်ဘူး၊ အားလုံးကိုမျှဝေပြီးမှ သေချာဆုံးဖြတ်ပြီး ပြောတာပါ . . သမီးရယ်၊ လေးလေးဟာ သမီးတို့



သမီးတို့အတွက် လူပိုတစ်ယောက် ဖြစ်လိမ့်မယ်နော် သမီး"

ဦးသိုက်ထွန်း ရှည်လျားစွာ ရှင်းပြနေလေသည်။

"လေးလေးပြောတာတွေကတော့ ဟုတ်ပါတယ် . . ဒါပေမယ့်လေ"

"ဒါပေမယ့် ဘာဖြစ်သေးလဲ သမီးရဲ့"

ဦးသိုက်ထွန်းက သူဇာလွင်၏စကားအား ဆက်မေးလိုက်သည်။

"သမီးတို့က လေးလေးကို လူပိုလို့မသတ်မှတ်ပါဘူး၊ သမီးအနေနဲ့ကလည်း အစ်ကိုမရှိခင်မှာ မိန်းကလေးတစ်ဦးတည်းမို့ နေရထိုင်ရတာ အခက်တွေ့မယ် . . နောက်ပြီး လေးလေးဟာ သမီးရဲ့အဖေရင်း မဟုတ်ပေမယ့် သမီးငယ်စဉ်ကတည်းက သမီးအရင်းတစ်ယောက်လို ပြုစုစောင့်ရှောက်လာခဲ့တာကြောင့် သံယောဇဉ်က လွယ်လွယ်နဲ့ဖြတ်လို့ မရဘူး . . လေးလေး သမီးကတော့ လေးလေးကို ဒီအိမ်မှာပဲ ဆက်နေစေချင်တယ် ဘယ်မှ မသွားစေချင်ဘူး လေးလေး"

"ဟင်း . . သမီးကလည်း အခုထိ ကလေးအတွေး တွေးနေတုန်းပါပဲလားကွယ်"

ဦးသိုက်ထွန်း စိတ်ပျက်သည့် အမူအရာနှင့် ပြောနေလေသည်။ နှစ်ဦးသား အတန်ကြာအောင် ငြိမ်သက်နေရာမှ သူဇာလွင်

www.burmeseclassic.com

www.burmeseclassic.com



က တိတ်ဆိတ်မှုကို ပြန်လည်ဖြိုခွင်းလိုက်ပြန်သည်။

"လေးလေး"

"ဟင်"

"သမီးပြောတာ ဘယ်လိုသဘောရသလဲ ဟင်"

"အင်း .. လေးလေး ဘာပြောရမယ်ဆိုတာကို မသိတော့ပါဘူးကွယ်"

ဦးသိုက်ထွန်း ဝေခွဲရခက်သည်ပုံနှင့် ပြန်ဖြေလိုက်သည်။

"အင်း .. လေးလေးကလည်း အတွေးတစ်မျိုး သမီးကလည်း ဖြစ်စေချင်တာတစ်မျိုး .. တစ်ခုနဲ့တစ်ခု မတူတော့ အခက်သားပဲ"

သူဇာလွင်က ညည်းညူသလိုပုံစံနှင့် ပြောနေလေသည်။

"ဘာလဲ သမီးက စိတ်ညစ်နေပြီလား"

"ဟုတ်တယ် .. လေးလေး သမီး တစ်ကယ်စိတ်ညစ်နေရတာ"

"ဘာမဟုတ်တဲ့ကိစ္စလေးအတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့ကွယ်"

ဦးသိုက်ထွန်း အတန်တန်ငြင်းနေလေသည်။ ထိုအခိုက် ဇော်ဝေ အပြင်မှ ပြန်ရောက်လာလေသည်။

"ညီမ .. ဦးလေးနဲ့ ဘာတွေငြင်းခုံနေကြတာလဲဟင်"



"အစ်ကိုရာ .. လေးလေးက လွင်တို့နဲ့ မနေဘဲ တစ်ခြားမှာသွားနေမယ်လို့ ပြောနေတယ် .. အစ်ကို ကြည့်ပြောပါဦး"

"ဟုတ်လား .. ဦးလေး လွင်ပြောတာတွေ ဟုတ်သလား"

ဇော်ဝေ ဦးသိုက်ထွန်းအား မေးလိုက်သည်။

"ဟုတ်တယ် .. မောင်ဇော်ဝေ ဦးလေး တစ်ခြားနေရာမှာနေပြီး အေးအေးဆေးဆေး တရားအလုပ်လေး လုပ်မယ်လို့ စိတ်ကူးထားတယ်ကွယ်"

"တာ .. မဟုတ်တာပဲ ဦးလေးရယ် .. ကျွန်တော်တို့နဲ့အတူတူနေပြီး တရားအားထုတ်လည်း ရတာပဲ မဟုတ်လား"

"ဟုတ်တယ် .. အစ်ကို လွင်လည်း အဲဒါကိုပဲ ပြောနေတာ လေးလေးက လက်မခံဘဲ ငြင်းနေတယ်"

သူဇာလွင်ကပါ ဝင်ပြောလေသည်။

"နေပါဦး .. ဦးလေးက ကျွန်တော်တို့နဲ့ ဘာလို့မနေချင်ရတာလဲ"

ဦးသိုက်ထွန်းက ...

"မနေသင့်လို့ပါကွယ် .. မသင့်တော်တဲ့အလုပ်တစ်ခုကို မလုပ်တာဟာ အကောင်းဆုံးပဲ မောင်ဇော်ဝေ"

သူ၏တွေးတွေးဆဆ စကားကြောင့် ဇော်ဝေက .

"ဘာတွေများ အမြင်မသင့်တာလဲဗျာ .. ဘာမှ မသင့်

www.burmeseclassic.com



တော်တာ မရှိပါဘူးလေ”

ဇော်ဝေက ပြောသဖြင့် . . .

“မောင်ဇော်ဝေတို့က သဘောတူလို့ နေခွင့်ရတယ်ပဲ ထားပါဦး . . ဘေးကလူတွေ ပတ်ဝန်းကျင်ကလူတွေက ဘာပြောကြမလဲ၊ အခွင့်အရေးသမားလို့ပဲ မြင်ကြမှာ ဓမ္မတာပဲ”

“ဘာလဲ လေးလေး သူတည်းတစ်ယောက်ကောင်းဖို့ရာမှု တစ်ယောက်သူမှာ ပျက်လင့်ခြင်းသာ ဓမ္မတာတည်းဆိုတဲ့ အနန္တသူရိယအမတ်ကြီးရဲ့ တဗျာလိုတွက်မိလို့များ ငြင်းနေတာလားတင်”

သူဇာလွင်၏အမေးကြောင့် ဇော်ဝေကလည်း . . .

“ကျွန်တော်တို့နဲ့ ခွဲပြီးတော့ ဘယ်မှာနေမလဲ ဦးလေး”

ဦးသိုက်ထွန်းက ဆေးတံကို ဆေးများဖြည့်လိုက်ပြီး မီးခြစ်ထုတ်ကာ ညှိလိုက်ပြီး . . .

“နေတာကတော့ စစ်ကိုင်းချောင်လို လူသူတိတ်ဆိတ်တဲ့ နေရာမှာသွားပြီး နေချင်တယ်ကွယ် . . ခုနက သမီးပြောသလို တစ်ယောက်ကောင်းဖို့ အနစ်နာခံရတယ်လို့ လေးလေး တွက်မထားပါဘူး သမီးရယ်”

ဦးသိုက်ထွန်းက စိတ်မကောင်းစွာ ပြောနေလေသည်။ သူ၏မျက်ဝန်းတွင်လည်း မျက်ရည်များ ဝေ့လည်နေသည်မို့ . . .



“တင် . . လေးလေး မျက်ရည်တွေကျနေပါလား”

သူဇာလွင်က ပြောရင်း မျက်ရည်များကို သုတ်ပေးနေသည်။

“ကဲ . . စိတ်မကောင်းစရာတွေ ဆက်ပြောမနေပါနဲ့တော့ လွင်ရာ . . အစ်ကိုတို့လည်း ဦးလေးကို စိတ်မရှိတာတော့ မဟုတ်ပါဘူး . . ဒါပေမယ့် ဦးလေးကို ဆိုးတိုင်ပင်ကောင်းတိုင်ပင် အတူတူနေပြီး စောင့်ရှောက်ပြုစုချင်ပေမယ့် ဦးလေးကိုယ်၌က လွတ်လွတ်လပ်လပ် နေချင်လေတော့ ဦးလေး စိတ်ကျေနပ်အောင် ခွင့်ပြုလိုက်ပါ လွင်ရယ်”

ဇော်ဝေက သူဇာလွင် သဘောပေါက်အောင် ထပ်ရှင်းပြလိုက်သည်။ သူဇာလွင်က အတန်ကြာငြိမ်သက်နေပြီးမှ . . .

“အင်း . . အဲဒါပဲ ကောင်းပါတယ်”

နှုတ်မှ တီးတိုးပြောလိုက်ပြီးမှ . . .

“ကဲ . . စကားရည်လုနေတာနဲ့ ထမင်းစားချိန်ကျော်နေပြီ လာ . . လာ ထမင်းစားကြရအောင် သွားကြစို့”

“လေးလေး မဆာသေးလို့ မစားသေးဘူးကွယ်”

“ဟာ . . ဦးလေးကလည်း ခုပဲ ဆယ့်နှစ်နာရီကျော်နေပြီ မဆာသေးဘူးလား”

“အေးကွယ် . . လေးလေး ဘုရားတက်ရင်း သိချက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားလာလို့"

"ကဲ . . နေပါစေ . . အစ်ကိုရယ် . . လေးလေး ဆာမှ စားပါစေလား . . အစ်ကိုနဲ့လွင်ပဲ စားလိုက်ကြရအောင်"

သူဇာလွင်တို့နှစ်ယောက်သား ထမင်းစားခန်းထဲ ဝင်သွားမှ ဦးသိုက်ထွန်း သူ့လုပ်ရပ်အတွက် အားရကျေနပ်စွာ ပြုံးလိုက်လေသည်။

⁂

"လွင်"

"ဘာလဲ အစ်ကို"

"ဦးလေးလည်း အသက်ကြီးပါပြီကွာ . . သူ့စိတ်ကျေနပ်အောင် ခွင့်ပြုပေးလိုက်ပါ၊ နောက်မှ လွင် သဘောမကျရင် ကြည့်ပြီးပြန်ခေါ်ပေါ့ကွယ်"

"ဟုတ်ပါတယ် အစ်ကိုရဲ့ လွင့်ကို ယယ်ယယ်လေးတည်းက နေပြီး ကနေ့အထိ စောင့်ရှောက်လာတဲ့ ကျေးဇူးကိုဆပ်ချင်လို့ မသွားစေချင်တာပါ အစ်ကို"

"အစ်ကို သိပါတယ်ကွာ"

"အစ်ကို . . အစ်ကို လက်ထပ်ပွဲပြီးတာနဲ့ မန္တလေးပြန်မှာလားဟင်"



ဇော်ဝေက သူဇာလွင်အား ပြုံးပြလိုက်ပြီး . . .

"တစ်ပတ်နှစ်ပတ်နေပြီးမှ ပြန်မှာပါ လွင်"

"မန္တလေးတနေ ရန်ကုန်ရောက်အောင် မြန်မြန်ပြောင်းနော် အစ်ကို"

"အေးပါ လွင်ရယ်"

"အစ်ကိုလည်း ခုတစ်လော တော်တော်ပင်ပန်းနေပြီ လက်မားရှုတဲ့အနာကကော သက်သာရဲ့လား"

"ပျောက်သွားပြီ လွင်"

"တော်သေးတာပေါ့ . . နောက်ဆို မီးပိုချောင်အလုပ်ကို အစ်ကိုဝင်မလုပ်ပါနဲ့ မတူးရှိပြီးသွားပဲဟာ"

"မဟုတ်ဘူးလေ လွင်ရယ် . . အလကားနေ အလကား ဝင်လုပ်တာပါ။ တော်ကြာ ညွှန့်သည်က ပေါ်ကြော့နေပြီး စားနေတယ်ထင်မှာ စိုးတယ်"

"အမယ် . . စကားက တတ်လိုက်တာ၊ အိမ်ရှင်ဖြစ်တော့မယ့်လူက သူ့ကိုယ်သူ ညွှန့်သည်တဲ့"

"ဟား . . ဟား . . ဟား"

နှစ်ဦးသား ရယ်မောမိကြလေသည်။

"အစ်ကို"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကြရင် ကောင်းမလားပဲ"

"ဆိုစမ်းပါဦး လွင်ရဲ့"

"အခုဆို လွင်တို့လည်း မင်္ဂလာဆောင်တော့မယ်"

"အင်းလေ"

"ဦးလေးလည်း အထီးကျန်မဖြစ်ရအောင် နောက်ထပ်မိန်းမတစ်ယောက် ရှာပြီး ပေးစားလိုက်ရရင် ကောင်းမလားလို့"

"ဟာ . . လွင်ကလည်း နောက်နေပြန်ပြီ၊ လွင့်လေးလေး အခုပဲ အသက်ခြောက်ဆယ်နား ကပ်နေပြီပဲ"

"အမယ် . . လေးလေးက ရုပ်နုပါတယ်နော် . . မသိရင် ကိုဇော်နဲ့ ညီအစ်ကိုလို့ပြောရင်တောင် ရတယ်"

ဇော်ဝေ ညီအစ်ကိုဆိုသည့်စကားကြောင့် သူ့အစ်ကိုအား သွား၍ သတိရမိသေးလေသည်။ ဇော်ဝေ အတန်ကြာငြိမ်နေသဖြင့်

"အစ်ကို လွင်ပြောတာကြားရဲ့လား"

"အင်း . . ကြားပါတယ်"

"ဘယ့်နှယ်လဲ သဘောတူရဲ့လား"

"အင်း . . နှစ်မင်္ဂလာပေါ့"

"ဟား . . ဟား . . ဟား . . ဟား"

နှစ်ဦးသား ရယ်သံလေးများက လွင့်ပျံ့သွားလေသည်။

အခန်း (၁၉)

တိတ်ဆိတ်သော မြို့ဝင်းကျယ်ကြီးတစ်ခု . . .

ပုစဥ်းရင်ကွဲအော်သံသည် ညအမှောင်ထုအတွင်းဝယ် ပေါ်ထွက်လာလေသည်။ ညအမှောင်ထုအတွင်းဝယ် တမှိတ်မှိတ် တလက်လက်ကြယ်လေးများက တောင်းကင်ပြင်ဝယ် နေရာယူထားကြလေသည်။

တိတ်ဆိတ်သော မြို့ကြီး၏အတွင်းမှ တောက်တဲ့အော်သံနှင့် ဥက်တောင်ပံခတ်သံများက တရစပ်ထွက်ပေါ်နေလေသည်။ မြို့ကြီးအတွင်းရှိ အိမ်ကြီးထဲမှ အသံခပ်အုပ်အုပ် ထွက်ပေါ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်စု အိမ်ကြီးထဲ၌ရှိနေကြောင်းကိုကား မည်သူမျှ မသိကြချေ။ ထိုအိမ်ကြီးအနီးအနားရှိ လူများသည် ဤအိမ်ကြီးအား နာနာဘာဝအိမ်ဟု ထင်မှတ်နေကြရလောက်အောင် ဖြစ်နေသဖြင့် ဤအချိန်မျိုး၌ မည်သူမျှ အိမ်နားကပ်ဝံ့မည် မဟုတ်ချေ။ ထိုအရာကို အခွင့်ကောင်းယူ၍ လူတစ်စု သောက်စားမူးယစ်နေလေသည်။

သူတို့ကား ပြန်ပေးသမားများဖြစ်သည့် မောင်မိုး၊ မောင်ရဲ၊ မောင်ဝင်းမြင့်နှင့် စိုးပိုင်တို့ပင် ဖြစ်လေသည်။

"ဟော့ကောင်တွေ သောက်ကြလေ . . တော်ကြာ မောင်ရဲလက်ချက်နဲ့ ပုလင်းတွေ ကုန်သလောက် ရှိနေလိမ့်မယ်"

မောင်မိုး၏စကားကြောင့် မောင်ရဲဆိုသူက . . .

"တော့ကောင် မောင်မိုး . . မင်းထင်သလောက်လည်း ငါမသောက်နိုင်ပါဘူးကွာ . . အပိုတွေ ပြောမနေပါနဲ့ကွာ"

"အဟား . . ဟား . . ဟား . . ငါက အပိုပြောတာ မဟုတ်ဘူး . . တစ်ကယ့်လက်တွေ့ကို ပြောနေတာ၊ မင်းက အသောက်ဆိုရင် ချန်ပီယံပဲ မဟုတ်လား"

"အဲဒါတော့ ဟုတ်တယ် ကိုရဲ . . ကိုမိုးပြောတာ ဟုတ်တယ် . . ခင်ဗျားဟာ တော်တော်သောက်နိုင်တဲ့လူပဲဗျ"

စိုးပိုင်ကလည်း ဝင်ရောက်ပြောလေသဖြင့် မောင်ရဲ အရေးနိမ့်နေသည်။



"နေကြပါဦးကွ . . စွတ်ပြောမနေနဲ့ . . ငါလည်း ပါးစပ်နဲ့ပဲ မင်းတို့မှာလည်း ပါးစပ်ရှိတာပဲ . . ငါ့လိုသောက်နိုင်အောင် ကြိုးစားပေါ့ကွာ"

မောင်ရဲက မခံမရပ်နိုင် ပြန်ပြောနေစဉ် . . .

"ကျွီ"

တံခါးဖွင့်သံနှင့်အတူ လူတစ်ဦးပေါ်လာလေသည်။

"ဟာ . . ကိုဟိန်းထက်အောင် ပါလား . . လာဗျာ အိမ်မပျော်ဘူးထင်တယ်"

ကိုမိုး၏စကားကြောင့် ဟိန်းထက်အောင်က . . .

"ဟုတ်တယ် ကိုမိုး . . ကျွန်တော် ဒီည အိမ်မပျော်ဘူးဗျာ . . လေးလည်း အံတော်အေးတာပဲဗျာ . . စိမ့်နေအောင်အေးတာဗျ"

ဟိန်းထက်အောင် အလိုက်သင့်ပြန်ဖြေလိုက်သည်။

"ဒါဆိုလည်း လာဗျာ . . ယမကာမှိဝဲလိုက်ရင် အချမ်းပြေပျောက်သွားပြီး အိပ်ချင်လာလိမ့်မယ်"

"ဟာ . . နေပါစေဗျာ၊ ကျွန်တော် မသောက်တတ်ဘူးဗျ"

ဟိန်းထက်အောင် အတန်တန်ငြင်းနေလေသည်။

"မသောက်တတ်လည်း နည်းနည်းပါးပါး သောက်ကြည့်ပါ . . လက်တွေ့သိလာလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို သိရမှာလဲဗျ"

"ချမ်းနေတာ ချက်ချင်းပျောက်သွားပြီး နွေးလာလိမ့်မယ်"

"နေပါစေ . . ချမ်းလည်း ချမ်းပါစေတော့ အရက်တော့ မသောက်ချင်ဘူး"

"ကိုဟိန်းထက်အောင်က နဂိုကတည်းက မသောက်တတ်ဘူးလား"

"အင်း . . ဒါဆိုလည်း နေပါဗျာ . . အမြည်းတော့ စား ကျွန်တော်တို့ကို ဆရာကြီးက ဒီနေ့ ဘောက်ဆူးပေးထားတယ်"

"အော် . . ဒါကြောင့်ကိုး"

ဟိန်းထက်အောင် ရှယ်ရင်းမှပြောလိုက်သည်။

"အာစရိက ခင်ဗျားလိုက်လာလို့ သဘောခွေ့သွားတယ်လေ"

"ဟုတ်တယ်ဗျ . . အာစရိက သူ့ကိစ္စအတွက် ခင်ဗျားကို တော်တော် သဘောကျနေတာဗျ"

မောင်ရဲကလည်း ဝင်ပြောလိုက်သဖြင့် . . .

"ကျုပ်ကတော့ ကူသာကူညီပေးရတာ သိပ်ပြီးတော့ မလုပ်ချင်ဘူး"

"အေးပေါ့ကွာ . . မလုပ်ချင်လည်း သူ့ကျေနပ်အောင် လောက်တော့ လုပ်ပေးလိုက်ပါဗျာ . . ကျွန်တော်တို့လည်း စိတ်



မပါပေမယ့် လုပ်နေရတာပဲ၊ ဒီအလုပ်တာ တရားသဘောကနေ ကြည့်ရင် မသမာတဲ့နည်းနဲ့ သူများ ဒုက္ခရောက်အောင် လုပ်ရတဲ့ လုပ်ငန်းမို့ ငရဲကြီးမှာတော့ ကျိန်းသေတယ်၊ ဒါပေမယ့် ငရဲကြီး တာက နောက်၊ အခု အရင်လိုအပ်နေတာက ဗိုက်ပြည့်ဖို့ဆိုတော့ မလွှဲသာဘဲ လုပ်နေကြရတယ်ဗျာ"

"ကျွန်တော် သဘောပေါက်မိပါတယ်ဗျာ . . ဥပဒေဘက် ကကြည့်ရင်လည်း အင်မတန်အပြစ်ကြီးတယ်ဗျ"

ကိုမိုး ခေါင်းညိတ်လိုက်ကာ . . .

"ကျွန်တော် ပြောပြီးပါကောလား . . မလွှဲသာလို့လုပ် နေရတာပါလို့ မျက်နှာလွှဲခဲပစ်ပေါ့ဗျာ"

"ဒါနဲ့ ကိုဟိန်းထက်အောင် ဘယ်တော့ အလုပ်စမလဲ"

"မနက်ဖြန်မနက် စမယ်"

"သေချာတော့ လုပ်ပါ ဆရာရယ် . . တော်ကြာ စား ပေါက်လေးတွေ ဗိတ်ကုန်မှဖြင့် ပါးစပ်မလှုပ်ရဘဲ ဖြစ်နေပါဦးမယ်"

ကိုရဲက ပြောလိုက်သည်နှင့် မောင်မိုးက . . .

"ပါးစပ်ပိတ်ရုံတင်ဆို တော်သေးတာပေါ့၊ တော်ကြာ လက်ထိပ်ပါခတ်ခံနေရမှ ဟုတ်ပေ့ဖြစ်နေဦးမယ်"

စိုးပိုင်ကပါ ဝင်၍သတိပေးနေသဖြင့် . . .

"စိတ်ချကြစမ်းပါ . . ကျုပ်တလည်း မပိရိဘဲ လုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ မတုတ်ပါဘူးဗျ၊ ကျုပ် နားလည်ပြီးသားပါ ခင်ဗျားတို့ဘက်ကသာ သေချာစေ့စပ်အောင် လုပ်ကြပါ . . ကျုပ်အတွက် စိတ်ချနေ့”

“ကောင်းပါပြီဗျ . . ကဲ သောက်လိုက်ကြဦး”

မောင်မိုးက ပြောပြီး အရက်ခွက်ကို မော့လိုက်လေသည်။

“ကျုပ်လည်း ပြန်အိပ်ခြေဦးမယ်”

“အိုကေ . . မနက်ဖြန်အတွက် အားမွေးထားပေတော့ဗျို့ . . ငါတို့လည်း ဒီပုလင်းကုန်ရင် နားပြီးအိပ်ကြရအောင်ကွာ”

မောင်မိုးစကားကြောင့် . . .

“အေး . . ဟုတ်တယ် တို့လည်း ခြံရှင်းရဲ အိမ်ရှင်းရေတိုဖြေးသည်ပြေးရနဲ့ မောနေပြီ အနားယူဦးမှ”

ဝင်းမြင့်သည် သဘောတူကြောင်း ထောက်ခံလိုက်သဖြင့် လေးယောက်သား ပြိုင်တူအရက်ခွက်များကို မော့လိုက်ကြလေသည်။

*

“အစ်ကို”

“ဘာလဲလွင်”

“မနက်ဖြန်ကျရင် မင်္ဂလာပွဲမှာဝတ်ဖို့ အဝတ်အစားတွေ ချုပ်ထားတာ ရပြီ အစ်ကိုရဲ့”



“အဲဒါ ဘာဖြစ်သလဲ လွင်ရဲ့”

“ဘာဖြစ်ရမှာလဲ သွားရွေးရမှာပေါ့”

“ရွေးလေ . . .အစ်ကိုပါ လိုက်ရဦးမလားဟင်”

“လိုက်ရမှာပေါ့ . . မလိုက်လို့ ဘယ်ဖြစ်မလဲ”

“ဟူး . . အစ်ကိုတော့ စိတ်ညစ်တယ်ကွာ . . မင်္ဂလာပွဲတစ်ပွဲဖြစ်ဖို့ အဲဒီလောက် ဒုက္ခများမယ်မှန်း မသိလို့ နို့မို့ဆိုရင် ဒီအတိုင်းပဲ လက်ထပ်လိုက်ပါတယ်”

“အံမယ် . . လူကိုများ ဟင်းရွက်ကန်စွန်းအောက်မေ့နေလား အစ်ကိုရဲ့”

သူဇာလွင်က မျက်စောင်းလေးထိုး၍ ပြောလိုက်သဖြင့်

“ဒီလိုလည်း မဟုတ်ဘူးလေ လွင်ရယ် . . ကရဝိတ်တို့ အင်းလျားတို့မှာဆောင်မဲ့အစား ဘုန်းကြီးဆွမ်းကပ်ပြီး လူနည်းနည်းပါးပါးလောက်နဲ့တင် လုပ်ရင်လည်း ညားတာပါပဲကွယ်”

“အစ်ကိုကလေ သိပ်ညည်းတာပဲ၊ အစ်ကိုတင် ပင်ပန်းတာ မဟုတ်ပါဘူး၊ လွင်လည်း ပင်ပန်းတာပါပဲလေ”

“ဟုတ်ပါတယ် လွင်ရဲ့ .. အစ်ကိုပြောတာက မင်္ဂလာပွဲအတွက် ပြင်ရဆင်ရတာကို ပြောတာပါ”

“အစ်ကို”

“ဟင်”

www.burmeseclassic.com

www.burmeseclassic.com



"နက်ဖြန်ကျရင် ရုပ်ရှင်ကြည့်ရအောင်နော်"

"လွင်က ကြည့်ချင်လို့လား"

"အင်းပေါ့ .. ခုတစ်လော ဟိုပြေးသည်ပြေးနဲ့ ရုပ်ရှင် မကြည့်ရတာတောင် တော်တော်ကြာပြီ .. မနက်ဖြန်ကျရင် ကြည့်ရအောင်နော်"

"အေးလေ .. ကြည့်တာပေါ့ .. ဘယ်ရုံမှာကြည့်မှာလဲ"

"နဝဒေးမှာကြည့်မယ်လေ .. အရိုင်းစံပယ်တဲ့ အစ်ကိုရဲ့ .. စာရေးဆရာအောင်လင်းရဲ့ဝတ္ထုကို ကျော်သူနဲ့ မို့မို့မြင့်အောင် သရုပ်ဆောင်ထားတာ သိပ်ကောင်းတာပဲ"

"အမယ်လေး .. သိပ်မညွှန်းပါနဲ့ဗျာ .. မနက်ဖြန် လိုက်ပြပါ့မယ်"

"ပြီးရော နောက်မှ ပင်ပန်းတယ် ဘာညာဆိုပြီး ညည်းမနေနဲ့"

"ကောင်းပါပြီ .. ခင်ဗျာ ခင်ဗျားလေးက အိမ်ရှင်ပဲ ဧည့်သည်က အိမ်ရှင်ဆန္ဒကို ဘယ်လွန်ဆန်ရဲပါ့မလဲ"

"အစ်ကိုနော် .. နောက်တီးနောက်တောက် မလုပ်နဲ့"

"မလုပ်ပါဘူးဗျာ"

"ဟင်းနော်"

"ထမင်းမပါဘူးလား"



"အစ်ကို မနောက်နဲ့နော်"

"မနောက်ဘူး .. ကြည့်နေတာပဲ"

"သွား"

သူဇာလွင် စိတ်ဆိုးမာန်ဆိုး ထွက်သွားလေသဖြင့် ဇော်ဝေ သဘောကျနေလေသည်။

✻

"မောင်ဇော်ဝေ"

"ဗျာ .. ဦးလေး"

"ခဏကွယ် .. ပြောစရာရှိလို့"

ဦးသိုက်ထွန်း လှမ်းခေါ်သဖြင့် ဇော်ဝေ ကုလားထိုင်၌ဝင်ထိုင်သည်။

"ပြောပါ ဦးလေး"

"အေး .. ဒီလိုကွယ့် ထောက်ကြန့်မှာ တို့ဘိုးဘွားများ ပိုင်အိမ်တစ်လုံး ရှိတယ်ကွယ့်"

"ဟုတ်ကဲ့"

"အင်း .. အခုဆို ဒီအိမ်ကြီးက အတော်ပျက်စီးယိုယွင်းနေပြီကွ .. အဲဒီအိမ်ကြီးကို ပြုပြင်လိုက်ရင် ကောင်းမလားပဲ"

"ကောင်းတာပေါ့ .. ဦးလေးရဲ့"

"အေးကွယ် .. အဲဒါ မောင်ဇော်ဝေက အင်ဂျင်နီယာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ နည်းနည်းပါးပါး အဆောက်အဦးအကြောင်းများ သိမလားလို့"

"ဟုတ်ကဲ့ . . ရပါတယ် ဦးလေး"

"အေး . . ဒါဖြင့်လည်း မင်းအားတဲ့တစ်နေ့လောက် သွားကြည့်ကြရအောင်ကွယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

"ကဲ . . ကဲ မောင်ဇော်ဝေကို ခေါ်ပြောရတာ အဲဒီကိစ္စပါပဲ သွားစရာရှိရင်သွားလေ"

"ဟုတ်ကဲ့ ဦးလေး"

ဇော်ဝေ လှည့်ထွက်လာခဲ့သည်။ ထို့နောက် ဦးသိုက်ထွန်းသည်လည်း မောင်မိုးတို့အား အသိပေးရန် ထောက်ကြန့်ရှိခြံကြီးသို့ ထွက်လာခဲ့လေသည်။

"ဟာ . . ဆရာကြီးပါလား"

"အေးကွ . . မောင်ဟိန်းထက်အောင်ကော"

"ဒီနေ့မနက်ပဲ လေ့လာစရာရှိတာ လေ့လာရအောင်ဆိုပြီး အပြင်ထွက်သွားတာပဲ ဆရာကြီး"

"အော် . . အေးအေး"

ဦးသိုက်ထွန်း ခြံကြီးအား အကဲခတ်လိုက်ပြီး . . .

"မောင်မိုး"



"ဗျာ . . ဆရာကြီး"

"မနက်ဖြန်ကျရင် ဇော်ဝေကို ဒီပတ်ပြီးခေါ်လာခဲ့မယ်၊ ဒီရောက်ရင် သူ့ကိုဖမ်းချုပ်ပြီး ဟိန်းထက်အောင်နဲ့ လူချင်းလဲပြီး ပြန်ခေါ်သွားမယ်"

"အဲဒါကောင်းတယ် ဆရာကြီး . . အဲဒီအကြံကောင်းတယ်"

"အဲဒါကို ဟိန်းထက်အောင်ကိုလည်း ပြောထားလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ ကျွန်တော် ပြောပြလိုက်ပါ့မယ်"

"အေးကောင်းပြီ . . ငါပြန်မယ်ကွာ၊ ဟိုကောင်တွေကိုလည်း ကြည့်ထိန်းဦးနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဦးသိုက်ထွန်း ပြန်လာခဲ့သည်။ သူ့အကြံအစည်အတွက် သူ ကျေနပ်နေမိလေသည်။

"ဟာ . . ကိုမိုး မနက်ဖြန် လူချင်းလဲမယ် ဟုတ်လား"

"ဟုတ်တယ် . . ကိုဟိန်းထက်အောင်"

ဟိန်းထက်အောင် တွေဝေသွားသည်၊ ပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော်က ဖော်ဝေ့နေရာ ယူရမှာပေါ့"

"ဟုတ်တယ်"

"လွယ်ပါ့မလားဗျာ . . သူ့ဇာလွှင်အကြောင်း ကျုပ်စုံစမ်းနေတုန်းပဲဗျ . . တော်ကြာ အံဝင်ခွင်ကျ မဖြစ်ရင်ပြသနာပဲ"

"ဆရာကြီးကတော့ မနက်ဖြန်အတွက် အစီအစဉ်ချပြီးနေပြီဗျ . . ဒုက္ခပါပဲဗျာ"

မောင်မိုး ညည်းညူသလိုလို ပြောနေသည်။ ဟိန်းထက်အောင် အတန်ကြာတွေးနေလေသည်။

နောက်ပိုင်းက သူ့အတွက် မည်သို့ရှိချေမည် မပြောတတ်သေး။

"ဟင်း . . မလွယ်ပါလား"

ဟိန်းထက်အောင် ညည်းညူလိုက်ပြီးမှ ဆက်၍ . . .

"ကောင်းပြီလေ . . မီးစင်ကြည့်ပြီး ကကြရတာပေါ့ ကိုမိုးရာ"

"ဟုတ်ကဲ့ ကိုဟိန်းထက်အောင်"

"ကဲ . . ဒါပဲ မဟုတ်လား၊ ကျုပ် အနားယူလိုက်ဦးမယ်"

"ကောင်းပါပြီ ခင်ဗျာ"

ပြီးနောက် ဟိန်းထက်အောင် ထွက်လာခဲ့သည်။ သူ့ရင်ထဲတွင်တော့ မနက်ဖြန်အတွက် ကြိုတင်ရင်လေးနေလေသည်။

## အခန်း (၂၀)

"တဲ့ . . ကြာဖြူ"

ရေအိုးရွက်မည်ပြုစဉ် ရေတွင်းသို့ရောက်လာသော လှမေတို့အုပ်စုကြောင့် မြကြာဖြူ ရွက်အုံ့ဆဲဆဲ ရေအိုးကို အောက်သို့ ပြန်ချလိုက်သည်။

"ဘာလဲတဲ့ . . ကျုပ်ပြန်တော့မယ်"

"အံမယ် . . နေပါဦးတဲ့ ညည်းရဲ့မောင်ကြီးဆီက စာလွှာလေးများ မလာဘူးလား"

"အလယ် . . ညည်းတို့က သူများအတင်းအဖျင်းကို လိုက်ပြီးစပ်စုနေကြတာပဲ . . ဘာစာလွှာမှ မလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မညာနဲ့နော် ကြာဖြူ . . အလိမ်ပေါ်ရင် ရှက်စရာကြီး"

"ဟဲ့ . . နင်တို့ကို ဘာလို့ညာရမှာလဲဟဲ့၊ အစ်ကိုနဲ့ငါနဲ့က ရိုးရိုးသားသား ခင်မင်ကြတာပါ၊ နင်တို့က ကိုယ့်ဘက်ကို ယက်တွေးတဲ့ လိပ်မတွေ"

"ဒါဆို နင်တို့က သမီးရည်းစား မဟုတ်ဘူးပေါ့"

"အေး . . မောင်လိုနှမလို ခင်ကြတာ"

"အမယ် . . လာလာချေသေး . . မိကြာဖြူတို့ လယ်ကန်သင်းနားမှာ ညနေတိုင်းသွားတွေပြီး ကျီစယ်နေကြတာကို မသိဘူးမှတ်နေလား"

"အေး . . ဘာဖြစ်လဲ အဲဒါ နွားကျောင်းရင်း ထွေရာလေးပါးပြောနေကြတာပဲ"

"ဘာထွေရာလေးပါး ဟုတ်လား . . ထွေရာလေးပါးထဲမှာ ဟိုဟာတော မပါဘူးလား"

"သွား . . ကောင်မ လှမေနော် . . မစနဲ့သိလား"

"သိပါတယ် . . မစပါဘူး . . မိကြာဖြူရဲ့"

"ငါစိတ်ဆိုးလာပြီနော်"

"မောင်ကြီးကို လွမ်းလို့ပေါ့"

လှမေ၏နောက်ပြောင်မှုကြောင့် ကြာဖြူရှက်သွေးဖြာသွားရသည်။



"ကောင်မတွေနော် . . စကားကောင်းကောင်းပြော"

"ကောင်းသလား မမေးနဲ့ . . မောင်ကြီးအကြောင်းပဲ ရွေးပြောနေတဲ့ဟာများ"

ခင်ချစ်ကလည်း ဝင်၍ထောက်ပေးပြန်သဖြင့် . . .

"တော်ပြီဟာ . . ငါသွားတော့မယ်၊ နင်တို့အုပ်စုနဲ့တွေ့ရင် ဒီလိုချည်းပဲ"

ကြာဖြူ ရေအိုးရွက်မည်ကြံစည် လှမေက အတင်းဆွဲထားလေသည်။

"ဟဲ့ . . နေပါဦးဟဲ့"

"မနေတော့ဘူး ပြန်မယ် . . အိမ်မှာ ဘယ်သူမှ မရှိဘူး"

"အမယ်လေး . . နင့်အိမ်က ပစ္စည်းတွေ ဘယ်သူမှ မခိုးပါဘူးအေ . . ညနေကြုံတုန်း ဟိုဟာသည်ဟာ ပြောကြရအောင်ပါ"

"မအားဘူးဟဲ့ . . အဘအတွက် လက်ဖက်သုပ်လုပ်ရဦးမယ်"

"လက်ဖက်သုပ်တာများဟယ် . . ဘာကြာတာမှတ်လို့"

"သွားမယ်ဟာ . . တော်ကြာ . . အဘပြန်လာတော့မှတဲ နောက်နေ့ကြမှ ပြောစရာရှိတာ ပြောကြတာပေါ့ဟာ"

မြကြာဖြူပြောရင်း ရေအိုးကို အမြန်ပင့်ကာ ထွက်လာခဲ့လေသည်။ အပြန်လမ်းတစ်လျှောက် အစ်ကိုဖတိန်းထက်အောင်ကို

www.burmeseclassic.com

www.burmeseclassic.com



အမှတ်ရလာခဲ့သည်။ မြကြာဖြူ . . . သူ့ရင်ထဲမှာ လွမ်းသလိုလို။

အစ်ကိုနဲ့တွေ့ချင်လှပါဘိတော့ . . . တွေးနေရင်းပင် ရင်ဖိုချင်လာသည်။ ဩော် . . ဘာလိုလိုနဲ့ အစ်ကိုပြန်သွားတာ ကြာပြီပဲလေ။

*

"တဲ့ .. လုံမလေး"

"ရှင် အဘ"

ကြာဖြူ ပန်းရှူးနေရမှ အပြေးတစ်ပိုင်းလာမိသည်။

"ဘာလဲ အဘရဲ့ . . အလန့်တကြားနဲ့"

"ဒီနေ့ အဘမြို့ခဏထွက်မလို့ ဘာမှာဦးမလဲလို့"

"ဩော် . . မှာစရာ မရှိပါဘူး အဘရယ်"

မြကြာဖြူ ပြောရင်းမှ တစ်စုံတစ်ရာကို သတိရသွားဟန်နှင့် . . .

"နေဦး . . အဘ ပြောစရာရှိသေးလို့"

"ဘာများလဲ လုံမရဲ့"

"ဟိုလေ . . ရုပ်ရှင်မင်းသား မင်းသမီးပုံလေးတွေနဲ့ ပြက္ခဒိန်လေ . . အဘသိတယ် မဟုတ်လား"

"အမယ်လေးဟဲ့ . . ပြက္ခဒိန်များ သိတာပေါ့ဟ"

"အင်း . . အဲဒါ လှလှလေးရွေးပြီး ဝယ်ခဲ့ပါ အဘရယ်"



"တဲ့ . . အိမ်မှာလည်း ပြက္ခဒိန်တွေ ရှိသားပဲဟ၊ နှစ်တောင်မကုန်သေးဘူး"

"အို . . အဘကလည်း ဘာပဲဖြစ်ဖြစ် ပုံလှတော့ အိမ်နံရံမှာ ကပ်ရတာပေါ့တော့"

"အေးပါဟာ . . ဝယ်ခဲ့ပါ့မယ် . . နင်သာ အိမ်မှာနေရင်း နွားစာ စဉ်းထားလိုက်ဦး"

"အင်းပါ အဘရဲ့"

ဦးဖိုးလူ ထွက်သွားမှ ကြာဖြူသက်ပြင်းချရင်း ကျန်ရစ်ခဲ့လေသည်။

*

"တဲ့ . . နင့်မလဲ အားအားရှိရင် ပြက္ခဒိန်ပဲ ကြည့်နေတော့တာပါပဲလား"

မြကြာဖြူ ဘာမှ ပြန်မဖြေဖြစ်။

"တဲ့ . . ဖြေဦးလေ . . နင်ဘာဖြစ်လို့ ပြက္ခဒိန်ကြည့်နေရတာလဲ လုံမ"

"အို . . အဘကလည်း အစ်ကိုပတ်နီးထက်အောင် ပြန်သွားတာ ဘယ်နှစ်ရက်ရှိပြီလဲလို့ . . ကြည့်နေတာပါ၊ အခုဆို အစ်ကိုလည်း ဘာတွေဖြစ်နေပြီလဲ မသိဘူး"

မြကြာဖြူ ပြောရင်းမှ စိတ်မကောင်းဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် . . ဟုတ်ပါရဲ့ မောင်ရင်းလေးလည်း ဘာတွေများဖြစ်နေကုန်ပြီလဲ မသိဘူးကွယ်"

ဦးဖိုးလူ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောနေလေသည်။

"အဘ"

"ဟေ . . ဘာလဲဟဲ့ လုံမရဲ့"

"ဟိုလေ သမီး အစ်ကို့ဆီ စာထည့်ချင်တယ် အဘရယ်"

"အမယ်လေး . . ငါ့မြို့တက်တုန်းက ရေးပေးလိုက်ရင် ထည့်ခဲ့မှာပေါ့ဟာ"

"အို . . လိပ်စာမှ မသိဘဲ ဘယ်လိုထည့်လို့ရပါ့မလဲ အဘရဲ့"

"အေး . . ဟုတ်တယ်၊ အင်း သူ့ငယ်ကလည်း လိပ်စာလေးတောင်မှ ပေးသွားဖော်မရဘူး၊ အေးလေ . . သူ့ကိစ္စကလည်း အရေးကြီးလွန်းနေတော့ ဘယ်လိပ်စာပေးဖို့ အချိန်ရပါ့မလဲလေ"

"အဘ"

"ဟေ . . ဘာများပြောဦးမှာလဲ လုံမရဲ့"

"ဘာမှ မဟုတ်ပါဘူး အဘရယ်"

"ဟာ . . ဒီကောင်မလေးနှယ်"

မြကြာဖြူ ရှက်ပြုံးလေးပြုံးရင် အဘနားမှ ပြေးထွက်ခဲ့လေသည်။

## အခန်း(၂၁)

"ဟော့ . . မောင်ဇော်ဝေ"

"ဗျာ . . ဦးလေး"

"မင်း ဒီနေ့အားတယ် မဟုတ်လားကွယ့်"

"ဟုတ်ကဲ့ . . အခုထိတော့ ဘာကိစ္စမှ မရှိသေးပါဘူး ဦးလေး"

"အေးကွယ် . . ဒါဆိုရင် ဒီနေ့ပဲ အိမ်ပြင်ဖို့ သွားကြည့်ရအောင်လား"

"ကောင်းသားပဲ ဦးလေး သွားကြတာပေါ့"

သို့နှင့် နှစ်ဦးသား ကားဖြင့် ထောက်ကြန့်ဘက်သို့ ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ကြသည်။ တိုယိုတာကိုရိုလာ (စူပါရှစ်)ကားဖြူလေးက ရန်ကုန်-ပြည်လမ်းမကြီးပေါ် တရိပ်ရိပ်ပြေးလွှားနေလေသည်။

ကားကို မောင်းနှင်လာသူကား မောင်ဇော်ဝေပင် ဖြစ်လေသည်။ ဇော်ဝေ၏ဘေးမှ ဦးသိုက်ထွန်း လိုက်ပါလာလေသည်။ မကြာမီမှာပင် မော်တော်ကားလေးမှာ စော်ဘွားကြီးကုန်းသို့ ရောက်ရှိလာလေသည်။

"မောင်ဇော်ဝေ"

"ဗျာ"

"တို့ ဒီနားမှာပဲ ထမင်းစားကြရင် ကောင်းလိမ့်မယ်"

"ဦးလေး သဘောပါပဲလေ"

"ကဲ . . ဒါဆိုရင် ဟောတိုလမ်းဆုံနားမှာ ရပ်လိုက် . . အဲဒီနားမှာ ထမင်းဆိုင်ရှိတယ်ကွယ့်"

"ဟုတ်ကဲ့ ဦးလေး"

ဇော်ဝေ ကားကို ကားလမ်းဘေးရှိ မြေကွက်လပ်တစ်ခု၌ ရပ်တန့်လိုက်ပြီးနောက် နှစ်ဦးသား ထမင်းဆိုင်ထဲသို့ ဝင်လာခဲ့ကြသည်။

"ပြည့်စုံမိသားစု ထမင်းဆိုင်"

သစ်လွင်သပ်ယပ်သော ဆိုင်မို့လား မသိ . . .

လူစည်ကားနေသည်ကတော့ အမှန်ပင်ဖြစ်လေသည်။



မော်တော်ကားလမ်းဘေး၌ ဖွင့်ထားခြင်းဖြစ်သောကြောင့် အချက်အချာနေရာလည်းဖြစ်၊ ထမင်းဆိုင်နှင့် လက်ဖက်ရည်ဆိုင် တွဲဖွင့်ထားကာ တစ်ဆိုင်တည်းသာရှိသဖြင့်လည်း ပို၍စည်ကားနေခြင်းလည်း ဖြစ်နိုင်ပေသည်။

"မောင်ဇော်ဝေ ဘာနဲ့စားမလဲ"

"ဦးကြိုက်ရာသာ မှာပါလေ"

သို့နှင့် စားသောက်စရာများကို ဦးသိုက်ထွန်းကိုယ်တိုင်ပင် မှာလေသည်။

"ဝက်သားဟင်းနှစ်ပွဲ၊ ရေတ်သီးကျွတ်ကြော်တစ်ပွဲ၊ ပဲတင်းချိုတစ်ပွဲ ပေးပါတော့"

မကြာမီမှာပင် စားသောက်စရာများ ရောက်လာသဖြင့် စားသောက်ကြလေသည်။

"ပက်စီနှစ်ပုလင်း ပေးပါ"

"မောင်ဇော်ဝေ စားလို့ကောင်းရဲ့လားကွယ့်"

ဦးသိုက်ထွန်း ဖော်ရွေစွာမေးလာသည်မို့ . . .

"ကောင်းပါတယ် ဦးလေးရဲ့ . . တော်တော် ထမင်းစားလို့ မြိန်တာပဲနော်"

"အေးကွယ် . . ဒီဆိုင်က ဆက်ဆံရေးလည်း ပြေပြစ်တယ်၊ ဟင်းချက်လည်း ကောင်းတယ်ဆိုတော့ ရောင်းအားတော်

www.burmeseclassic.com



တော်ကောင်းတာကွယ့်"

"ဟုတ်တယ် . . ဦးလေး ခုတောင် လူတော်တော်ကျ နေတယ်"

နှစ်ယောက်သား အအေးသောက်ရင်း စကားပြောဖြစ် ကြသည်။

"ကဲ . . ပြီးရင် ခရီးဆက်ကြစို့"

နှစ်ယောက်သား ခေတ္တနားပြီး ကားကိုဆက်မောက်မောင်း ခဲ့လေသည်။ အတန်ကြာမောင်းနှင်ပြီးနောက် ထောက်ကြန့်လမ်း ဆုံသို့ရောက်လာလေသည်။

"မန္တလေးဘက်ကိုလား . . ပြည်ဘက်ကိုလား ဦးလေး"

"အေးကွယ့် . . ပြည်လမ်းဘက်သာ ဆက်မောင်း"

ဇော်ဝေ ဦးသိုက်ထွန်း ညွှန်ကြားချက်အတိုင်း မောင်းလာ ခဲ့လေသည်။

"ဟောဟိုလမ်းနီလေးကျရင် ညာဘက်ကွေ့လိုက်"

ဇော်ဝေ ကားကို သတိထား၍ကွေ့လိုက်သည်။ လမ်းအ လေးမှာ မြေနီလမ်းကလေးဖြစ်၍ ကျဉ်းမြောင်းလှသည်။ ကား အသွားအလာလည်း မရှိသလောက်မို့ လမ်းက မောင်း၍သိပ် ကောင်းလှ။

လမ်းကျဉ်းလေးအတိုင်း တော်တော်ကြာမောင်းနှင်ခဲ့ပြီး



ရှေးဆန်သော အိမ်ကြီးကို အဝေးမှ လှမ်းမြင်လိုက်ရလေသည်။

"မောင်ဇော်ဝေ ရှေ့က မြင်ရတဲ့အိမ်ကြီးပဲကွယ့်"

"ဩော် . . ဟုတ်ကဲ့ . . တော်တော်ဟောင်းနေပြီပဲ နော်"

"ဟောင်းဆို မပြုပြင်ဘဲ ထားထားတာ နှစ်နှစ်ဆယ်ကျော် ပြီလေကွယ်"

"ဟာ . . နှစ်ပေါင်းနှစ်ဆယ်ဆိုတော့ ဘယ်နည်းပါ့မလဲ ဒီလောက်တော့ ပျက်စီးနေမှာပေါ့"

"ပြင်လို့ရနိုင်ပါဦးမလားကွယ်"

"အင်း . . အချိန်ယူပြင်ရင်တော့ ရနိုင်ပါလိမ့်မယ်၊ တော် တော်တော့ ကြိုးစားကြည့်ရမှာပဲ"

"အေးကွယ် . . မင်းပဲ ကြည့်လုပ်ပါဦးကွာ၊ မင်းတို့ မင် လာပွဲပြီးရင် ဦးလေးဒီအိမ်ကြီးမှာ လာနေမလို့ကွယ့်"

"ဩော်"

ဇော်ဝေ ပြောရင်း ကားကို ခြံရှေ့ရပ်လိုက်သည်။

"ကဲ . . မောင်ဇော်ဝေ ကားကို ဒီမှာပဲရပ်ထားခဲ့၊ ခြံထဲ ဝင်ရအောင်"

"ဟုတ်ကဲ့"

ဇော်ဝေ ကားကို စက်သတ်လိုက်ပြီး နောက် အောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့သည်။

''ဖြောင်း . . ဖြောင်း . . ဖြောင်း''

ဦးသိုက်ထွန်း လက်ခုပ်သုံးချက်တီးလိုက်ပြီး မကြာမီပင် လူတစ်ဦးပြေးထွက်လာသည်။ ပြီးနောက် ခြံတံခါးကို ဖွင့်လိုက်ပြီး

''ဟာ . . ဆရာကြီး ကြွပါ . . ကြွပါ''

ဦးသိုက်ထွန်း ခြံကြီးထဲသို့ ဝင်လိုက်သည်။

''မောင်ဇော်ဝေ လာ . . လာ''

ခြံအဝင်၌ ဦးသိုက်ထွန်းသည် မောင်မိုးအား မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ လုပ်နိုင်းစတော့မည်ဟူသည့် သတိပေးချက်ပင်ဖြစ်သည်။

''လာကွယ့် . . မောင်ဇော်ဝေ ခြံထဲ လိုက်ကြည့်ရအောင်''

ဦးသိုက်ထွန်း ဦးဆောင်ပြီး ခြံထဲသို့ လှည့်ပတ်ကြည့်ရှုကြလေသည်။

ဇော်ဝေသည် အိမ်ကြီးအား စေ့စပ်သေချာစွာ ကြည့်ရှုလိုက်ပြီး သူ့တွင်ပါလာသော ပေကြိုးတစ်ချောင်းနှင့် တိုတိုင်း သည်တိုင်းလုပ်နေသည်။

ပြီးနောက် စက္ကူတစ်ရွက်ပေါ်၌ အမှတ်အသားများ ရေးခြစ်နေလေပြန်သည်။

''ဘာတွေများ လုပ်နေတာလဲ မောင်ဇော်ဝေ''



''ဟို . . အိမ်ကြီးပြင်ဖို့အတွက် လိုအပ်တဲ့နေရာတွေကို ပုံဆွဲကြည့်နေတာပါ''

''ဩော် . . မသိပါဘူးကွယ်''

အတန်ကြာအောင်ပင် ဇော်ဝေ အလုပ်ရှုပ်နေလေသည်။ သူဖော်ပါလာသည့် ကင်မရာလေးနှင့် အိမ်ကြီးအား ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်နေလေသည်။

''ဘယ့်နှယ်လဲ မောင်ဇော်ဝေ ပြင်လို့ရနိုင်ဦးမလား''

''ရပါတယ် ဦးလေး . . အိမ်ကြီးက ပျက်စီးနေပေမယ့် တော်တော် ကောင်းမွန်သေးတာပဲ''

''လုပ်ပါဦးကွယ် . . ဦးလေးတို့အဘိုးအဘွားတွေရဲ့ အမွေအနှစ်မို့ ပြုစုစောင့်ရှောက်ဖို့တာဝန် ဦးလေးမှာ ရှိလို့ပါကွယ်''

''ဟုတ်ကဲ့ . . ကျွန်တော့်မိတ်ဆွေ အင်ဂျင်နီယာတွေနဲ့ ပေါင်းပြီး ဆောက်ပေးပါ့မယ်''

''အေးကွယ် . . လာလာ အိမ်ထဲလိုက်ကြည့်ပါဦး''

ဇော်ဝေ ဦးသိုက်ထွန်းနောက်မှ အိမ်ကြီးထဲသို့ လိုက်ဝင်ခဲ့သည်။ အိမ်အဝင်၌ မောင်ရဲ မတ်တတ်ရပ်နေလေသည်။

ထိုစဉ် ဦးသိုက်ထွန်းသည် မောင်ရဲအား မျက်စိမှိတ်ပြလိုက်သည်နှင့် . . .

''ဒုတ်''

www.burmeseclassic.com

www.burmeseclassic.com



"အား"

ဇော်ဝေ လဲကျသွားလေသည်။ ထိုအခိုက် ဟိန်းထက်အောင် အိမ်အပေါ်ထပ်မှ ဆင်းအလာ ထိုမြင်ကွင်းကို မြင်လိုက်ရသဖြင့် အံကိုကြိတ်လိုက်ကာ . . .

"တောက် . . နေနှင့်ဦးပေါ့ ဦးသိုက်ထွန်းရာ . . တစ်နေ့နေ့ ကျရင်တော့ ဟိန်းထက်အောင်ရဲ့လက်စွမ်းကို ခင်ဗျားသိစေရမယ်"

ဟိန်းထက်အောင် စိတ်ထဲမှ ကြိမ်းမောင်းရင်း ဟန်မပျက် ဆင်းလာခဲ့လေသည်။

✻

"ကဲ . . မောင်ဟိန်းထက်အောင်"

"ဟုတ်ကဲ့ . . ပြောပါ"

"မင်းဟာ ဒီနေ့ကစပြီး ဟိန်းထက်အောင် မဟုတ်တော့ဘူးနော် . . မင်းဟာ ဇော်ဝေနေရာကို ရောက်သွားပြီဆိုတော့ မေ့မထားနဲ့ဦး"

"စိတ်ချပါ"

"အိုကေ . . အားလုံး ပိပိရိရိဖြစ်အောင်တော့ လုပ်ရှားပေးပါလို့ မှာချင်ပါတယ်"



"ဒီအတွက်လည်း စိတ်ချပါ"

"အေးကွယ် . . မင်းကူညီမှပဲ ဒီပြဿနာက ပြေလည်သွားမှာဆိုတော့ မင်းပဲ အစအဆုံးကြည့်လုပ်ပေးပါဦးကွာ"

"ဟုတ်ကဲ့ပါ . . ဒါနဲ့ ဇော်ဝေကရော"

"မြေအောက်ခန်းထဲမှာ ချုပ်ထားတယ် . . ငါပြန်ရင် မင်းက ဇော်ဝေပုံစံနဲ့ ပြန်လိုက်ခဲ့၊ ပြီး သူဇာလွင်နဲ့ ပေါင်းရမှာပေါ့"

"ဒါလား . . အိုကေစေရမယ်လို့ ကျွန်တော် အာမခံပါတယ်"

ဦးသိုက်ထွန်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ ထို့နောက် ရုတ်တရက် . . .

"ဇော်ဝေ"

"ဗျာ"

ဟိန်းထက်အောင်က ရုတ်တရက် ပြန်ထူးလိုက်သည်။

ဟိန်းထက်အောင် မဲ့ပြုံးလေးတစ်ခုကို မသိမသာ ပြုံးလိုက်လေရဲ့ . . .။

✻

"ဟာ . . လေးလေးနဲ့ အစ်ကို ဘယ်သွားနေတာလဲ"

သူဇာလွင်က ဆီးပြောသဖြင့် ဦးသိုက်ထွန်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"လေးလေးသူငယ်ချင်းအိမ် ခဏသွားချင်တာနဲ့ မောင်ဇော်ဝေကို ကားမောင်းမို့ပေးခိုင်းတာ သမီးရဲ့ . . သမီးပဲ အဖော်တစ်ယောက်ယောက် ခေါ်သွားဆို"

"အင်းလေ"

သူဇာလွင်က ခေါင်းညိတ်ပြလိုက်ပြီး . . .

"လေးလေး သမီးတို့ မင်္ဂလာပွဲရက်နီးလာပြီနော်"

"အေးလေကွယ် . . အားလုံးလည်း အဆင်သင့်ဖြစ်နေပြီမဟုတ်လားကွယ့်"

"ဖြစ်နေပါပြီ လေးလေးရဲ့ . . သမီးပြောမှာက လေးလေးကျန်းမာရေး ဂရုစိုက်ဖို့အတွက် မှာမလို့ပါ"

"အမယ်လေးကွယ် . . အခုလည်း လေးလေးကျန်းမာနေသားပဲကွယ်"

"ဒါတော့ ဒါပေါ့ လေးလေးရဲ့ . . တော်ကြာတစ်ခုခုဖြစ်မှာစိုးရိမ်လို့ပါ . . လေးလေးက ပေါ့ပေါ့ဆဆ နေတတ်လို့မှာနေရတာ"

"အေးပါကွယ် . . အေးပါ"

ဟိန်းထက်အောင်မှာ ဇော်ဝေနေရာ ဝင်ယူထားရသော်လည်း သူဇာလွင်မှာ ဦးသိုက်ထွန်းအကြံအစည်ကို ဘာမှမသိဘဲ ဦးလေးအပေါ်ဝယ် စိုးရိမ်ပူပန်နေရသည့်အတွက် သနားပင်သွားရလေသည်။



"အစ်ကို"

"ဘာလဲ လွင်"

"ထမင်းစားရအောင်နော်"

"ဟာ . . လေးလေးအသိအိမ်မှာ စားခဲ့ပြီးပါပြီ သမီး"

ဦးသိုက်ထွန်း ကြားဖြတ်ပြောလိုက်သည်။ ထို့ကြောင့် ဟိန်းထက်အောင်ကလည်း . . .

"ဟုတ်တယ် . . အစ်ကိုတို့စားပြီးသွားပါပြီ လွင်ရဲ့"

သူဇာလွင် ထိုစကားကြောင့် မျက်မှောင်ကြုတ်လိုက်ကာ

"ဟင်း . . လွင်ကဖြင့် အစ်ကိုနဲ့အတူတူ စားမယ်ဆိုပြီး အဆာခံစောင့်နေတာ ခုကျတော့"

"ဩော် . . သမီးကလည်း ဝမ်းခေါင်းဆုံတာမှတ်လို့ ဒုက္ခခံပြီး စောင့်နေတာကွယ်"

"ဟုတ်သားပဲ ညီမရယ်"

"သွားပါ . . ညီမက ချစ်သလောက် အစ်ကိုက သိပ်ပြီး ချစ်ပုံမရပါဘူးနော်"

"ဟာ . . ဘယ်လိုပြောလိုက်တာလဲကွာ"

ဇော်ဝေ သက်ပြင်းချရင်းမှ ညည်းညူသလို ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇော်ဝေ"

"ဗျာ . . ဦးလေး"

"သမီး စိတ်ကျေနပ်သွားအောင် ထပ်စားလိုက်ပါကွယ် ဦးလေးလဲ သွားအနားယူရင်း ပုတီးစိပ်လိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ . . ဦးလေး"

ဦးသိုက်ထွန်း ထွက်သွားမှ ဇော်ဝေက . . .

"ညီမလေး ထမင်းစားရအောင်နော်"

"တင့်အင်း . . မစားတော့ဘူး . . သွား"

သူဇာလွင်က ဇော်ဝေ၏ပခုံးအား ထုလိုက်ပြီးလျှင် ပြေးထွက်သွားလေတော့သည်။

❋ ❋ ❋

## အခန်း(၂၂)

"အား . . ကျွတ် ကျွတ်"

ဇော်ဝေ ညည်းညူရင်းမှ လူးလဲထလိုက်လေသည်။

"ကျွတ် . . ကျွတ် . . နာလိုက်တာ၊ ငါဘာဖြစ်တာပါလိမ့်"

ဇော်ဝေ အခြေအနေကို အကဲခတ်လိုက်သည်။

"အလို . . ဒါလွင်တို့အိမ်လည်း မဟုတ်ပါလား၊ ဘယ်ရောက်နေပါလိမ့်"

ဇော်ဝေ ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်နေရလေသည်။ ခေါင်းထဲ၌ မူးမိုက်နေသဖြင့် လှုပ်လှုပ်ရှားရှားလုပ်၍ မရ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ သို့သော် သူ့အတွေးဝယ် ယခုအဖြစ်ကို ပြန်လည်တွေးတော
သတိရမိသည်။

"ဟာ .. ငါတော့ ဦးသိုက်ထွန်းရဲ့လုပ်ကြံမှုကို ခံလိုက်ရ
ပြီပဲ .. ဟင်း"

ဇော်ဝေ ခေါင်းငိုက်စိုက်ကျသွားရလေသည်။

"ဘာဖြစ်လို့ ငါ့ကို ခုလိုလုပ်တာပါလိမ့် .. သူ့တူမနဲ့
သဘောမတူလို့များလား"

တွေးရင်း ချာချာလည်နေလေသည်။

"ဩော် .. အင်ဂျင်နီယာကြီး သတိရလာပြီကိုး"

မျက်နှာစိမ်း ပုဂ္ဂိုလ်တစ်ဦး၏အသံကြောင့် ဇော်ဝေကြည့်
လိုက်ပြီး ...

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

"နောက်တော့ သိရမှာပေါ့"

မျက်နှာစိမ်းပုဂ္ဂိုလ်က ခပ်ပြတ်ပြတ်ပြန်ဖြေသဖြင့် ဇော်ဝေ
ဒေါသထွက်သွားရကာ ....

"ဩော် .. မင်းတို့က ငါ့ကိုလုပ်ကြံကြတာပေါ့လေ"

"ဒါပေါ့"

"ငါ့ကို ဘာဖြစ်လို့ လုပ်ကြံကြရတာလဲကွ"

"ဒါလည်း နောက်တော့ သိလာမှာပါ ကိုယ့်လူရာ"



"နောက်တော့တွေ ဘာတွေ လုပ်မနေနဲ့ .. မင်းတို့က
ဘာကောင်တွေမို့လို့ ငါ့ကို ဖမ်းထားရသလဲကွ"

"ကိစ္စတစ်ခုရှိလို့ပေါ့ကွာ"

"ဘာကိစ္စ"

"သိပ်မလောနဲ့လေ .. နောက်တော့ သိလာမှာပါဆိုနေမှ"

"ဟေ့ .. မောင်ရဲ့ ဘာဖြစ်နေတာလဲကွ"

"ဟာ .. မောင်မိုး .. ဒီမှာကွ အင်ဂျင်နီယာကြီးက ဆန္ဒ
တွေစောပြီး အမေးအမြန်းတွေ ထူနေလို့ ရှင်းပြနေရတယ်ကွာ"

"ဟာကွာ .. ဒီကောင်ကလည်း အရေးထဲမှာ ဦးနှောက်
စားအောင် လုပ်နေပြန်ပြီကွာ"

"ဘာကွ .. ဟေ့ကောင်တွေ သတ္တိရှိရင် တစ်ယောက်
ကြေးစိမ်လိုက်ကွ"

"သိပ်လဲ ဒေါသတွေကြီးမနေပါနဲ့ကွာ .. တို့က ကြောက်
တတ်ပါတယ် .. စိမ်လဲ မခေါ်ရဲပါဘူး .. ကဲ လာတော့ မောင်ရဲ
တို့တွေ အနားယူရင်း အရက်သောက်ကြရအောင်"

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲကွာ .. ကဲ ကိုယ့်လူရေ
တို့သွားမယ်ကွာ၊ တစ်ဖွဲ့ထဲ ဗိုက်တင်ပလေးနေပေတော့"

"တောက် .. ထွီး"

ဇော်ဝေ ဒေါသထွက်ရင်း ကျန်ရစ်ခဲ့လေသည်။ လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ သူ့အတွက် လွတ်မြောက်ရေးမှာ မလွယ်ကူကြောင်း သဘောပေါက်မိသည်မို့ အသာငြိမ်နေခြင်းသာ အကောင်းဆုံးဟု တွက်ဆမိလေသည်။

✽

"အစ်ကို"

"ဘာလဲ လွှင်"

"ဘာလို့ ဒီလောက်တောင် လွှင့်ကိုစိုက်ကြည့်နေရတာလဲရှင့်"

"အဟင်း . . လွှင်က ဒီနေ့မှ ပိုချောနေသလားလို့ပါ တဲ့တဲ့"

ဇော်ဝေ သူ့ဇာလွှင်အား ရှက်ပြုံးပြုံးရင်း လှမ်းပြောလိုက်သည်။

"အစ်ကို"

"ဗျာ"

"ခုတစ်လော အစ်ကိုတွေဝေနေတယ်နော် . . ဘာဖြစ်လို့လဲ"

"ဟင့်အင်း . . ဘာမှမဖြစ်ပါဘူး . . လွှင်ထင်လို့နေမှာပါ"

ဇော်ဝေ ဝေ့လည်ကြောင်ပတ်စကားကို ဆိုလိုက်ရသည်။ သို့ပေမယ့် စိတ်ထဲက မလုံ၊ အမှန်လည်း ခုရက်ပိုင်းအတွင်း ညီ



လေးဇော်ဝေအတွက် သူစိတ်ညစ်နေရသည် မဟုတ်လား။

"ညီမ အကျႌအဆင်လေးက လှတယ်နော် . . ပန်းခက်လေးတွေကလည်း နုရွနေတာပဲ . . လက်ရာတော်တော် ကောင်းတယ်"

"ဟာ . . အစ်ကိုကလည်း အစကတော့ ပန်းချီပညာဝါသနာမပါလို့ဆိုပြီး သစ်ပင်၊ ပန်းပင်ပုံတောင် အလှမကြည့်တတ်တဲ့သူက ခုမှပဲ အကျႌဒီဇိုင်းလှတာကို စာဖွဲ့နေပြန်ပြီ"

"တစ်ကယ်ပြောတာ လွှင်ရဲ့ . . လွှင့်အကျႌက ဒီနေ့မှ အစ်ကို့မျက်စိထဲမှာ လှနေတာကြောင့် ပြောရတာ"

"သွား . . ကိုပို"

"အဟင်း . . ဟင်း . . ဟင်း"

✽

"ဟေး . . အစ်ကို"

"ဟာ . . လန့်လိုက်တာ လွှင်ရယ်"

"အစ်ကို ဘာလုပ်နေတာလဲဟင်"

"ဟို . . ပန်းချီကားကြီးထဲက လက်ရာတွေကို လေ့လာနေတာပါ လွှင်ရဲ့"

"ရှင် . . ဘုရားရေ"

သူ့ဇာလွှင် ဇော်ဝေကိုကြည့်ပြီး အံ့အားသင့်သွားရုလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာဖြစ်လို့လဲ လွင်ရဲ့ ဘာတွေ့လို့တုန်း"

"အစ်ကိုလေ . . အရင်က ပန်းချီကားကို စိတ်မဝင်စားတဲ့လူက ဒီနေ့မှပဲ ထူးခြားပြီး ပန်းချီကားကို လေ့လာနေတယ်လို့"

ထိုအခါမှ ဇော်ဝေနှင့်သူ မတူညီသောအချက်လေးတွေ ရှိနေပြီဖြစ်ကြောင်း တိန်းထက်အောင် နားလည်လာရတော့သည်။

"ဟာကွာ . . ဒါများ အဆန်းလုပ်လို့ ညီမရယ် . . စိတ်ဆိုတာ တစ်နေ့နဲ့တစ်နေ့ ဘယ်တူပါ့မလဲ၊ အသက်တောင် တစ်နေ့ထက်တစ်နေ့ ပိုပြီးကြီးလာသေးတာပဲကွာ . . မဟုတ်ဘူးလား"

"ဟင်း"

သူဇာလွင် သက်ပြင်းကို အသာချရင်းမှ . . .

"ကဲ . . လာအပြင်သွားကြရအောင်"

"ကောင်းပြီ . . ခဏနော်၊ အစ်ကို အဝတ်အစားလဲလိုက်ဦးမယ် . . ခဏလေးစောင့်နော်"

"အင်း"

သူဇာလွင် ဇော်ဝေကျောပြင်အား သေချာစိုက်ကြည့်နေလေသည်။

## အခန်း (၂၃)

"လာ . . လာတော့ မောင်ဇော်ဝေ"

ဇော်ဝေ ဦးသိုက်ထွန်းရှေ့ ထိုင်ခုံတွင် ဝင်ထိုင်ရင်း စီးကရက်ကို ဖွာရှိုက်နေလေသည်။

"အဆင်ပြေရဲ့လား . . မောင်ဇော်ဝေ"

"ဟုတ်ကဲ့ . . ပြေပါတယ်၊ နည်းနည်းပါးပါးကွာဟတာလေးတွေတော့ ရှိတာပေါ့ . . ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ပြင်လိုက်ရင် ခဏလေးပြီးမှာပါ"

"အေးကွယ် . . အဆင်ပြေသလို လုပ်လိုက်ပါကွယ်"

"စိတ်ချနေပါ . . မကြာခင်ပဲ ပြီးပြတ်စေရပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ကွာ . . ဒီကိစ္စပြီးမှ ဦးလည်း စိတ်ချမ်းသာရမှာပါကွယ်၊ နောက်ပြီး အလုပ်ကိစ္စပြီးရင် မောင်ရင့်ကို ငွေသုံးသိန်းပေးဖို့"

"မလိုပါဘူး . . ငွေစကားသိပ်မပြောရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်"

"မဟုတ်ဘူးလေကွာ . . ပေးသင့်ပေးထိုက်တာ"

"တော်ပါဗျာ . . မပြောနဲ့လို့ဆိုမှ ပြောနေသေးတယ်၊ အခု အလုပ်ကိစ္စဆွေးနွေးရအောင် လာတာဗျ"

"အေးပါကွာ . . တိုးတိုးပြောပါ၊ တော်ကြာ သူဇာလွှင် ကြားသွားမှ ဟုတ်ပေ့ဖြစ်နေလိမ့်မယ်"

"ကောင်းပြီ . . ကျုပ်အခု သူဇာလွှင်နဲ့ အဆင်ပြေနေပါပြီ . . နောက် ဘာဆက်လုပ်ရမလဲ"

"အင်း . . နောက်လုပ်စရာရှိတာကတော့ ကျုပ်တူမနဲ့ မောင်ရင် ကတောက်ကဆဖြစ်အောင် လုပ်ရမယ် . . ဒါမှ မင်္ဂလာပွဲပျက်မှာ မဟုတ်လား . . ဒီတော့ မင်းတို့နှစ်ဦး အဆင်မပြေဖြစ်အောင် လုပ်ကြပေါ့ကွာ"

"ဟင်"

ဇော်ဝေ စီးကရက်မီးခိုးများကို မှုတ်ထုတ်လိုက်ပြီး သက်ပြင်းမောတစ်ခုကို ချလိုက်လေသည်။



"ဘာလဲ မောင်ဇော်ဝေ ဘာများအခက်တွေ့နေလို့လဲကွ"

ဦးသိုက်ထွန်း အကဲခတ်လိုက်ပြီး အကင်းပါးစွာ မေးလိုက်လေသည်။

"ဒီနေရာမှာ အပြစ်မဲ့တဲ့ မသူဇာလွှင်အတွက်တွေးပြီး စိတ်မကောင်းဖြစ်နေရလို့ပါ"

"ဟာကွာ . . ဒါများ အရေးလုပ်ပြီး ထည့်တွက်နေပြန်ပြီ လုပ်စရာရှိတာကို အမြန်ပြီးအောင် လုပ်ကွာ"

သူ့ခေါင်းညိတ်ပြရန် ဝန်လေးနေရသည်။ ထိုစဉ် . . .

"လေးလေး . . လေးလေး သောက်ချင်တဲ့သံပုရာရည် ဖျော်ပြီး လာပို့ပေးတာ"

"အေးကွယ် . . ဇီသမီးက လိမ်မာပါပေတယ်"

ဦးသိုက်ထွန်း ချီးကျူးစကားဆိုလိုက်သည်။

"ဟင် . . အစ်ကို ဆေးလိပ်မသောက်စဖူး သောက်နေပြီလား . . အင်း . . အစ်ကိုလည်း ခုတစ်လော အမူအရာတွေ ပြောင်းနေတယ်နော်"

"ဟို . . ဟို . . ပျင်းလို့ စီးကရက်တွေ့တာနဲ့ သောက်ကြည့်နေတာပါ အဟွတ် . . ဟွတ်"

ဦးသိုက်ထွန်းမှာ သူဇာလွှင်စကားကြောင့် မျက်နှာပျက်သွားရသဖြင့် ဟိန်းထက်အောင် အမြန်ဖြေရှင်းချက် ပေးလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါမှ သူဇာလွင် မကျေမနပ်နှင့် အခန်းထဲမှ ထွက်သွား လေတော့သည်။

"ဟူး . . တော်ပါသေးရဲ့ကွာ"

❋

လပြည့်ညမို့ လမင်းက အလင်းဝေဖြာနေလေသည်။

ဟိန်းထက်အောင် ကောင်းကင်ပြင်ကို မော့ကြည့်ရင်းမှ စဉ်းစားနေလေသည်။ သူ၏စိတ်အစဉ်တွင် ဇော်ဝေနှင့်ပတ်သက်၍ တွေးတောစဉ်းစားနေလေသည်။ အကယ်၍ သူသည် ဇော်ဝေ မဟုတ်မှန်း သူဇာလွင်သိသွားပါလျှင် . . .

သူဆက်မတွေးရဲပါချေ။

အကယ်၍ ဦးသိုက်ထွန်းသည် သူ့အား အလုပ်အမြန်ပြီး စေရန်တိုက်တွန်းလာပါလျှင် သူသည် မည်သို့ဆက်လက်လုပ်ရှား ရမည်နည်း။

သူလှုပ်ရှားရမည့် အခန်းကဏ္ဍက တစ်စစနှင့် ပို၍နက် ရှိုင်းလာချေပြီ မဟုတ်ပါလား။ သူ့အနေနှင့် ညီလေးဇော်ဝေနှင့် သူဇာလွင်တို့ ချစ်ချင်းကို မခွဲစေချင်၊ ဦးသိုက်ထွန်း လုပ်ရပ်ကို လည်း မနှစ်မြို့။

အတွေးများ ကယောက်ကယက် ဖြစ်နေလေတော့သည်။

"ဟင်း"



သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်းမှ စီးကရက်တစ်လိပ်ကို မီးညှိကာဖွာနေမိလေသည်။

မြကြာဖြူ . . .

ရိုးသားဖြူစင်သော တောသူမလေးကို သူသတိရနေမိ သည်။ မြကြာဖြူကို သူမြတ်နိုးသည်၊ ချစ်သည်။ သို့သော် ယခုမူ ချစ်သူနှစ်ဦး ကွေကွင်းနေရသည့်အဖြစ်အတွက် စိတ်ထဲမကောင်း ပိချေ။ ●

မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးခြင်းမရှိဟူသော စကား က ဒါကိုပင် ပြောနေရှာသလား။

"ဟူး . . လွမ်းတယ် ကြာဖြူရယ်"

နှုတ်မှ တီးတိုးရေရွတ်မိသည်။ ညအေးတိတ်ဆိတ်မှုကို အခွင့်ကောင်းယူကာ သူ့အတွေးတွေ ရှက်လှင့်နေမိလေသည်။ အ ဘယ်မျှ အတွေးလွန်သွားသည် မသိ။

နောက်ပက်ဆီမှ သစ်ရွက်ခြောက်များပေါ် လှမ်းနင်းလာ သော ခြေသံကြားမှ အတွေးကို ဖြတ်တောက်လိုက်ပြီး စီးကရက် ကို ကပျာကယာ မြေပေါ်ပစ်ချကာ ခြေဖြင့်နင်းချေလိုက်ရသည်။

ဆေးလိပ်မီးခိုးမျှား အမြန်ဆုံးလွင့်ပျယ်သွားစေရန် လက်နှင့်ဝှေ့ယမ်းပစ်လိုက်သည်။

"အစ်ကို . . ဘာထိုင်လုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူဇာလွင်က သူ့အနားတိုးကပ်ထိုင်ရင်း မေးလိုက်ပြီး နောက် . . .

''ဟင် . . အစ်ကို ဆေးလိပ်တွေ သောက်နေပြန်ပြီထင် တယ် . . ဆေးလိပ်နံ့ရတယ်''

''ဟာ . . မဟုတ်ပါဘူးလွင်ရယ် . . စိတ်ထင်လို့ပါ''

''အစ်ကိုလည်း ခုတစ်လော မှုတွေသိပ်ပျက်နေတယ် နော် . . ဘာတွေဖြစ်နေတာလဲကွယ် လွင့်ကိုပြောစမ်းပါဦး အစ်ကို''

''အစ်ကို ဘာမှ မဖြစ်ပါဘူး လွင်ရဲ့''

သူ အမြန်ဆုံးနှစ်သိမ့်လိုက်ပြီး . . .

''လာကွာ . . နှင်းတွေတအားကျလာပြီ အထဲဝင်စို့နော်''

ပြောပြီး သူဇာလွင့်လက်ကလေးအား ဖွဖွဆုပ်ကိုင်ရင်း အိမ်ဆီသို့လျှောက်မိသည်။

''အစ်ကို့ကို ခွင့်လွှတ်ပါ ညီလေးရယ်''

စိတ်ထဲမှ သူ ရေရွတ်မိလေသည်။

* * *

အခန်း (၂၄)

''တေ့ . . မောင်ဇော်ဝေ''

''ဗျာ''

''ကိစ္စမြန်မြန်ပြီးအောင် လုပ်ပါဆိုမှ မင်းက အချိန်ဆွဲနေ သေးတယ်ကွာ'' ဦးသိုက်ထွန်း၏ မာကျောသောလေသံကြောင့်

''သိပ်လည်း မလောနဲ့ဗျ . . အခြေအနေကို အကဲခတ် ပြီးမှ လှုပ်ရှားရတာဆိုတော့ ဒီလောက်တော့ ကြာမှာပေါ့ဗျာ''

သူလည်း ခပ်မာမာပင် ပြန်ပြောလိုက်သည်။

''ဘာကွ . . အချိန်ကလည်း ဆွဲဆွဲနိုင်လွန်းတယ်ကွာ၊ ဘာလဲ မင်းက ငါ့ကို တစ်ပတ်ရိုက်မလို့လားကွ . . ဟေ''

www.burmeseclassic.com

www.burmeseclassic.com



''ဘာဗျ . . ဘယ်လိုပြောတယ်၊ ကျုပ်က ကူလဲ ကူညီပေး ရသေးတယ် အပြစ်တင်လည်း ခံရသေးတယ် ကောင်းသလားဗျ''

''ဘာကွ မင်းက မကူညီနိုင်တော့ဘူးလို့ ဆိုမလို့လားကွ''

''ဟုတ်တယ် . . ကျုပ် မကူညီနိုင်တော့ဘူးဗျာ''

ဦးသိုက်ထွန်း သဘောကျစွာ ရယ်မောလိုက်ပြီးလျှင် . .

''ဟား . . ဟား . . ရတယ်လေ၊ ဒီလိုဆိုလည်း မင်းညီ ဇော်ဝေကို အပြတ်ရှင်းပစ်လိုက်ရုံပဲပေါ့ကွာ''

''ဘာ . . ဘယ်လို ကျုပ်ညီကို သတ်ပစ်မယ် ဟုတ်လား''

''အေးလေကွာ . . ဒီနည်းပဲ ရှိတာပဲလေ''

''တောက် . . ခင်ဗျားက လူစိတ်မရှိတဲ့လူပဲဗျ . . တော် တော် မေတ္တာတရားခေါင်းပါးပြီး အတ္တကြီးတဲ့လူ''

''ဟား . . ဟား . . ဇာယ်လည်း အပြောကောင်းနေသေး ပါလားကွာ . . ဖော့ကောင် ဒီမှာ ငါ့ဟာ ငါ့အတ္တပဲကြီးကြီး မေတ္တာ ခေါင်းပါးရုံမကလို့ ခမ်းခြောက်ရင်ခမ်းခြောက်ပါစေကွာ . . မင်း ပြောစရာ မလိုပါဘူးကွ''

''လိုတယ်ဗျ . . လိုတယ် ကိုယ့်တူမတစ်ယောက်လုံးကို တောင် သတ္တာမဲ့တဲ့လူ၊ တိုကဖြင့် ခင်ဗျားအပေါ် စေတနာဖြူစင်လွန်း ပြီး စိုးရိမ်လိုက်ရတာ ခင်ဗျားတတော့ စိတ်ယုတ်မာတဲ့လူကြီးပဲ''

''ဟ . . ငါပြောပြီးပြီပဲကွ . . ငါ့ဘာသာငါ ဘာပဲဖြစ်ဖြစ်



ပေါ့ကွာ . . ငါ့တူမကလည်း ငါ့လုပ်ရပ်ကို သိသွားရင် ခုလို ငါ့အ ပေါ် ကောင်းရှာပါဦးမလား . . မင်းသေချာစဉ်းစားကြည့်လေ တား တား . . ဟား''

''တော်စမ်းပါဗျာ . . နားရှုပ်စရာကောင်းတယ်''

သူဒေါသ အကြီးအကျယ် ထွက်သွားရလေသည်။

''ဟော့ကောင် ငါတစ်ခွန်းပဲမေးမယ် . . မင်း ငါ့ကိစ္စကို အပြီးထိအောင် ကူညီပေးမလား မကူညီဘူးလားဆိုတာ ပြော''

ဦးသိုက်ထွန်းလေသံကြောင့် တစ်ကယ်ပင် ရက်စက်တော့ မည့်ပုံစံဖြစ်ကြောင်း သူရိပ်မိသည်။

အကယ်၍ သူသာ ငြင်းဆန်ခဲ့ပါက သူ့ညီဇော်ဝေမှာ အ သက်ရှင်နေထိုင်ခွင့်ရတော့မည်မဟုတ်။

ထို့အပြင် သူ့ချစ်သူ သူဇာလွင်နှင့်လည်း ကွေကွင်းရဦး မည်။ သည်သို့ဖြစ်မှာတော့ သူ မလိုလားပါချေ။ ထို့ကြောင့်လည်း

''ကောင်းပြီလေ . . ခင်ဗျား ကျုပ်ညီကို လက်ရှားနဲ့ တောင်မထိပါနဲ့ . . ကျုပ်ဆက်ပြီး လုပ်ရှာပေးမယ်''

ပြောပြီး လှည့်ထွက်လာခဲ့လေသည်။

* * *

www.burmeseclassic.com

## အခန်း (၂၅)

“ဟော့လူတွေ . . ကျုပ်ကို ဘာကြောင့် ဖမ်းထားရသလဲ ဆိုတာ ပြောလေ”ဇော်ဝေ အသံကုန်ဟစ်၍ အော်လိုက်လေသည်။

“ဘာလဲ မင်းက ဘေးလူတွေကြားအောင် အကူအညီတောင်းနေတာလား” မောင်မိုး၏အမေးစကားကြောင့် . . .

“ခင်ဗျားတို့ ကျုပ်ကို ဘာလို့ဖမ်းထားတာလဲ”

“ဟဲ ဟဲ ဆရာကြီးအမိန့်ကြောင့် ဖမ်းထားရတာပါကွာ”

“ဘယ်က ဆရာကြီးလဲ”

“မင်းရဲ့ဦးလေးတော် ဦးသိုက်ထွန်းက ငါတို့ဆရာကြီးပဲလေ”



“ဟင် . . ဦးသိုက်ထွန်း ဟုတ်လား”

“အေး . . မင်းတို့ အခုတော့ ဖမ်းထားရုံပါပဲကွာ၊ လုပ်ငန်းအစီအစဉ်ပြီးတာနဲ့ မင်းကို ဒီလောကကြီးကနေ အပြီးအပိုင် မောင်းထုတ်ပစ်လိုက်မှာ”

“ဟင် . . ယုတ်မာလှချည်လား”

ဇော်ဝေ စိတ်ညစ်သွားရသည်။ မောင်မိုးတို့လူစုမှာမူ စားလိုက်သောက်လိုက်နှင့် စည်းစိမ်ယူနေကြဆဲ။

“ကျုပ်ကို ခုလိုဖမ်းထားရတဲ့ကိစ္စက”

“ဒီလိုလေကွာ . . ဟော့ကောင် ဝင်းမြင့် ပြောပြလိုက်စမ်း”

မောင်မိုး၏အမိန့်စကားကြောင့် ဝင်းမြင့်က ပြောပြလေတော့သည်။

“ဘာ . . ဒါဆို ငါ့ကိုယ်စား လွှင့်ဆီကို အစ်ကိုကြီးဟိန်းထက်အောင် သွားပြီးလှုပ်ရှားနေတယ် ဆိုပါတော့”

“အင်း . . အမှန်ပါပဲ”

“တောက် . . ငါ့ကို ဖမ်းရုံတင်မကဘဲ အပြစ်မဲ့တဲ့ ငါ့ အစ်ကိုကိုပါ မင်းတို့က အသုံးချလိုက်ကြပြီကိုး”

“ကဲ . . အားလုံးသိပြီ မဟုတ်လား . . ဒါတောင် ဆရာကြီးက မင်းသေနေ့စေ့တော့မှာမို့ အကြောင်းစုံသိအောင် ဖွင့်ပြောခိုင်းလို့ ပြောရတာ”

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . လူယုတ်မာကြီးအကြံက ဒီလိုးကိုး . . လက်ထဲက ပုတီးကိုင်ပြီး ပါးစပ်က တရားစကားတွေ ပြောနေပေမယ့် အတွင်းကတော့ ကောက်ကျစ်တဲ့အကြံအစည်နဲ့ မြေခွေးကြီးတစ်ကောင်ပဲ"

"ဟား . . ဟား . . ဟား . . ဟီး . . ဟီး . . ဟီး"

မောင်မိုးတို့လူစု အရက်သောက်ရင်းမှ ဒေါသအမျက်လွှန်စွာထွက်နေသော ဇော်ဝေအားကြည့်ကာ ရယ်မောလှောင်ပြောင်နေကြလေသည်။

"မင်းတို့ မိုးကောင်းတုန်း ရွာထားဦးပေါ့ကွာ"

ဇော်ဝေ သူတို့ကြားအောင် ကြိမ်းလိုက်သည်။

"ဘာလဲကွ . . မင်းက တို့ကို ပြန်ခေါ်မယ်ဆိုတဲ့ သဘောလားကွ ဟေ"

"ဟော့ကောင်တွေ တရားဥပဒေဆိုတာ အလကားပေးထားတာ မဟုတ်ဘူးကွ . . တစ်နေ့ကျရင် မင်းတို့အားလုံးကို ဥပဒေက ဆုံးမပါလိမ့်မယ်"

"ဘယ်လိုဆုံးမတာလဲ ဟင် . . မသိလို့ရှင်းပြပါဦး ခင်ဗျားကြိမ်လုံးကြီးနဲ့ ရိုက်ပြီးဆုံးမမှာလား . . ဒါဆိုရင် ကြောက်စရာကြီးပေါ့နော်၊ ဝါး . . . ဟား . . ဟား . . ဟား"

ဇော်ဝေ ကြိမ်းရင်းမှ စဉ်းစားနေလေသည်။

## အခန်း (၂၆)

ကန်တော်ကြီး ရေပြင်ပြာလဲ့လဲ့က ငြိမ်သက်နေဆဲ . . .

လူသူနည်းပါးသော နေရာမို့ တိတ်ဆိတ်မှုက ကြီးစိုးမင်းမူထားလေသည်။

ရေစပ်ကုက္ကိုပင်ကြီး၏ အမြစ်ဆုံပေါ်၌ သက်ရှိ လူသားနှစ်ဦး အတွေးကိုယ်စီနှင့် ငြိမ်သက်နေဆဲ။

ဇော်ဝေနှင့် သူဇာလွင် . . .

သူတို့သည် အတန်ကြာငြိမ်သက်နေရာမှ . . .

"အစ်ကို"

"ပြောလေ လွင်"

www.burmeseclassic.com

www.burmeseclassic.com



''လွင် သတိထားမိတယ် သိလား''

''ဘာကို သတိထားမိတာလဲ လွင်''

သူဇာလွင် ဇော်ဝေအား အသေအချာအကဲခတ်လိုက်ပြီးမှ ပြောလက်စ စကားကို ဆက်ပြောလေသည်။

''အစ်ကိုဟာ . . အခုရက်အတွင်းမှာ ငူတူတူငိုင်တိုင်တိုင်နဲ့ မှိုင်လို့ချည်းနေတာပဲ၊ နောက်ပြီး ဆေးလိပ်တွေလည်း အရမ်းသောက်တယ်၊ အရင်က အစ်ကို ဆေးလိပ်မသောက်တတ်ပါဘူး''

''ဟာ . . လွင်ကလည်း အတွေးတွေ လမ်းချော်နေပြန်ပြီ''

''ဘာမှ လမ်းမချော်ပါဘူး အစ်ကို . . အရင်ကနဲ့ မတူတဲ့ အစ်ကို့ပုံကို လွင်သေချာအကဲခတ်လေ့လာပြီးမှ ပြောတာပါ . . အရင်က အနုပညာအလုပ်ဆိုတာ အရူးထနေတာပါဆိုတဲ့ အစ်ကိုဟာ အခုမှ ပန်းချီကားတွေလည်း မျက်စိကြီးထွက်ကျလုမတတ် စိုက်ကြည့်နေတတ်တယ် . . နောက်ပြီး အစ်ကို့ကြည့်ရတာ တစ်ခုခုကို ကွယ်ဝှက်ထားရတဲ့ ပုံစံကြီးနဲ့လို့ လွင်ခန့်မှန်းမိတယ်''

''ဪ . . လွင်ရယ် လူကဲခတ်လည်း ကောင်းလှချည်လားကွယ် . . ဒါကြောင့်လည်း ညီလေးဇော်ဝေ ချစ်လွန်းနေရတာ ဖြစ်မှာပဲကွယ်''

သူ့စိတ်ထဲမှ ချီးကျူးစကား ဆိုဖြစ်သည်။



''အစ်ကို''

''ဟင်''

''ပြောလေ . . လွင်ပြောတာတွေ ဟုတ်တယ် မဟုတ်လားလို့''

တိန်းထက်အောင် ဆက်၍မညာလိုတော့ . . ညာလည်း မညာရက်တော့ချေ။

အကယ်၍ သူဖွင့်ပြောလိုက်၍ ပြဿနာကြီးလာလျှင်လည်း သူပင် ခံတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

အပြစ်မဲ့လူသားနှစ်ဦး အတွက် သူအနစ်နာခံပြီး အမှန်ကို ဖော်ထုတ်ပေးရမည်ဟု စိတ်ပိုင်းဖြတ်လိုက်လေသည်။

ထို့ကြောင့် . . .

''လွင် . . ညီမလေး အစ်ကို့ကို ခွင့်လွှတ်ပါ''

''ရှင် . . ဘာဖြစ်လို့လဲ အစ်ကို''

သူဇာလွင် သူ့ကို တအံ့တဩကြည့်ပြီး မေးလိုက်သည်မို့

''ဒီလိုပါကွာ . . အစ်ကိုဟာ ဇော်ဝေ မဟုတ်ပါဘူး''

''ရှင်''

''အစ်ကိုဟာ ဇော်ဝေကိုယ်စား လူပ်ရှားနေရတဲ့ ဇော်ဝေရဲ့အမြွှာညီအစ်ကို ပန်းချီဆရာ တိန်းထက်အောင်ပါပဲ''

''ရှပ် . . ရှပ်ကုန်ပြီရှင်''

www.burmeseclassic.com

www.burmeseclassic.com



သူ သူဇာလွင်အား အသေအချာပင် နားလည်အောင် ရှင်း ပြလိုက်လေသည်။

"ဒါကြောင့် ညီမလေးအပေါ်မှာ အစ်ကို စည်းကမ်းနဲ့ပိုင်း ခြားပြီး သတိထားဆက်ဆံခဲ့တာပေါ့ကွယ်"

"ဟုတ်ပါတယ် အစ်ကိုရယ် . . လေးလေး ယုတ်မာချက် ကတော့ ကမ်းကုန်ပဲ"

သူဇာလွင် နာနာကျည်းကျည်းပြောနေလေတော့သည်။

* * *

## အခန်း(၂၇)

"ဪ . . မင်းတို့က ဒီလိုလားကွ"

ဦးဆိုက်ထွန်း မဆို့တရှိ ပြောလိုက်သည်ကြောင့် . . .

"ဒီမှာ လေးလေး ဖေဖေကတော့ လေးလေးကိုယုံစားလို့ အပ်ခဲ့တာတာ အလွဲသုံးစားလုပ်ဖို့ မဟုတ်ပါဘူး"

"ဟုတ်လား"

"ကျွန်မဟာ ကလေး မဟုတ်ဘူးရှင့် . . ရှင် ယုတ်မာ သမျှကို မသိလို့သာ ကိုယ့်ဦးလေးက စိတ်ရင်းကောင်းကောင်းနဲ့ ဒီ့ကိုပြုစုပေးပြီး စောင့်ရှောက်ထားတာပဲဆိုပြီးတော့ ကျေးဇူးတင် နေတာတွေဟာ အခုတော့"

www.burmeseclassic.com

www.burmeseclassic.com



“အခုတော့ အလကားပဲ မဟုတ်လား”

ဦးသိုက်ထွန်းက ရယ်သံစွက်၍ မေးလိုက်သည်။

“ဟုတ်တယ် . . အခုတော့ ရှင့်လုပ်ရပ်တွေ၊ ရှင့်စရိုက်တွေအားလုံးကို သိရပြီမို့ အသည်းနာရတယ်ရှင် . . အသည်းနာရတယ်”

သူဇာလွင် ခံပြင်းလွန်း၍ ရှုံ့တွေ့နေလေသည်။

“ဟား . . ဟား . . ဟား”

ဦးသိုက်ထွန်း သဘောကျစွာ ရယ်မောလိုက်ပြီးမှ . . .

“အေး . . နင့်အကောင် ဇော်ဝေလည်း အခုလောက်ဆို ငါ့လူတွေရဲ့ ပညာပေးမှုကြောင့် အရိုးကြေလောက်ပြီ . . အေး နင်လည်း အခု ငါ့လက်ထဲကနေ မလွတ်ပါဘူးဟာ . . နင့်ကိုလည်း အရှင်မထားဘဲ နင့်လင်နောက်ကို ပို့မှာပါ . . ဟိန်းထက်အောင်ဆိုတဲ့ သစ္စာဖောက်ကိုလည်း ပညာပေးရမယ်”

“ခြော် . . ရှင်လုပ်တိုင်း ဘယ်သူမှ ငြိမ်ခံမနေဘူး၊ အသက်သာ သေချင်သေပါစေ . . ကျွန်မတို့ကတော့ ဘယ်တော့မှ လူယုတ်မာတွေကို အညံ့မခံဘူး”

“ခြော် . . ငါ့တူမကလည်း လူလေးက ချောချောလေးနဲ့ စိတ်က တယ်ကြီးသကိုးကွယ့်”

“သွားစမ်းပါ . . သကာရည်သုတ်ထားတဲ့ အာက်စစ်များ



ရည်တွေလာပြီး တိုက်ကျွေးမနေစမ်းပါနဲ့”

“ကဲ . . ညည်း အခု ငါ့အကြောင်းတွေ သိကုန်ပြီဆိုတော့ ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားသလဲ”

“ရှင့်ကို ရဲလက်ကိုအပ်ပြီး အပြစ်ကြွေးကို ဆပ်ခိုင်းရမယ်ရှင့်”

“ခြော် . . ခြော် . . ဒီလိုအကြံလား”

ဦးသိုက်ထွန်း ခေါင်းတဆတ်ဆတ်ညိတ်၍ လမ်းလျှောက်နေရာမှ . . .

“ကဲကွာ . . ခွပ်”

“အား”

ဦးသိုက်ထွန်း သူဇာလွင်အား သေနတ်ဒင်နှင့် ရိုက်ချလိုက်ပြီးနောက် ပွေ့ချီလိုက်ပြီးလျှင် ကားပေါ်တင်ကာ မောင်းထွက်လာခဲ့လေသည်။ ကားလေးသည် ရန်ကုန်မြို့စွန်ကျော်လွန်ပြီး ထောက်ကြန့်သို့ရောက်ရှိလာလေသည်။

“မြနန်းသိင်္ဂီ ”ရိပ်မြုံခြံသို့ ဦးသိုက်ထွန်း ရောက်ရှိလာလေသည်။ သူသည် ကားတံခါးကိုဖွင့်ပြီး ဆင်းရန်ပြင်လိုက်စဉ်မှာပင် . . .

“ကျား . . ယား”

“အွတ် . . အ”

www.burmeseclassic.com

www.burmeseclassic.com



ဟိန်းထက်အောင် သစ်ပင်ကွယ်မှ ခုန်ထွက်လာပြီး သူ့အား တိုက်ခိုက်လေတော့သည်။

ဦးသိုက်ထွန်း ဟိန်းထက်အောင်အား လက်ရည်ချင်းယှဉ်ပြိုင်ရန် မတတ်သာသဖြင့် အိတ်ထဲမှ သေနတ်ကိုထုတ်ယူပြီး ပစ်ရန်ချိန်လိုက်သည်နှင့် မောင်မိုးတို့အုပ်စု ပြေးထွက်လာကာ ဟိန်းထက်အောင်အား ဝိုင်းတိုက်ခိုက်ကြလေသည်။

"ကျား"

"အား . . အား"

"အိ . . အွတ်"

သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြစဉ် ဦးသိုက်ထွန်း သူ့ဇာလွင်အား ပွေ့ချီကာ တိုက်ထဲဝင်ပြေးမည်ပြုစဉ် . . .

"လူယုတ်မာကြီး ကဲကွာ"

ဟိန်းထက်အောင် မောင်မိုးတို့ထံမှ ပြေးထွက်လာပြီး ဦးသိုက်ထွန်းအား ကန်ထည့်လိုက်သည်။

"ဒိုင်း"

"တာ"

ဦးသိုက်ထွန်း လက်ထဲရှိသေနတ်နှင့် ပြန်ပစ်သဖြင့် သူ ရှောင်လိုက်ရသည်။

"အေး . . မင်းကို ဇိဝိန်ချွေပစ်မယ် ဟိန်းထက်အောင်



ငါ့အလုပ်ကိုရှုပ်တဲ့ကောင်"

"ဒိုင်း"

ထိုစဉ်မှာပင် . . .

"ဦးသိုက်ထွန်း . . ခင်ဗျားကို ကျုပ်တို့ဝိုင်းထားပြီးပြီ . . လက်နက်ချပါ"

"တင်"

ဦးသိုက်ထွန်း ကြောင်နေစဉ်မှာပင် . . .

"ကျား"

"ဘုတ် . . အင့်"

ဟိန်းထက်အောင် ချက်ကောင်းပြေးကန်လိုက်သဖြင့် ဦးသိုက်ထွန်း လဲကျသွားရလေသည်။ သူ သူ့ဇာလွင်ကို သတိရအောင်ပြုစုပေးပြီး ဇော်ဝေဆီသို့ ပြေးလာခဲ့လေသည်။

"ကဲ . . ညီလေးနဲ့ ညီမလေး အစ်ကိုကြီးသွားတော့မယ် အေးအေးဆေးဆေး နေကြပေတော့ကွာ"

ရထားပေါ်မှ ဟိန်းထက်အောင် ဇော်ဝေအား အားပေးစကားပြောကြားနေလေသည်။

"အစ်ကိုကြီးကျေးဇူးက ညီလေးတို့အပေါ်မှာ ကြီးမားပါ

www.burmeseclassic.com

www.burmeseclassic.com



တယ် . . အစ်ကိုရာ ညီလေးတို့ ဘယ်လိုပြန်ပြီး ကျေးဇူးဆပ်ရမယ်တောင် မတွေးတတ်အောင်ပဲ ဖြစ်ရတယ်"

"ဟုတ်ပါတယ် . . အစ်ကိုရယ်"

သူဇာလွှင်ကလည်း ဝင်ပြောလေသည်မို့ . . .

"ကဲ . . ကဲ ဘာမှ ထွေထွေထူးထူး စဉ်းစားမနေနဲ့တော့ကွာ . . ငြိမ်းချမ်းသာယာတဲ့ ကမ္ဘာလေးထဲမှာပဲ အေးချမ်းစွာနေထိုင်ဖို့ စိတ်ကူးကြပေတော့"

"အစ်ကို ဘယ်တော့ ပြန်လာခဲ့မှာလဲ"

သူဇာလွှင့်စကားကြောင့် သူပြုံးလိုက်ပြီး . . .

"အချစ်နဲ့လွမ်းခဲ့သမျှကို အတိုးချပြီး အကြွေးဆပ်ပြီးမှ ပြန်လာမယ်"

"အာ . . အစ်ကိုကလည်း"

"ဘော် . . ဘူ . . ဘော်"

"ကဲ . . ညီလေးတို့ ရထားထွက်တော့မယ်၊ လိမ်လိမ်မာမာနေကြပါကွာ"

"စိတ်ချပါ အစ်ကိုကြီး"

"ဘော် . . ဘူ . . ဘော်"

ရန်ကုန်–မန္တလေး ရထားကြီးက ဘီးလိမ့်ကာ တရွေ့ရွေ့ ထွက်ခွာလာခဲ့လေသည်။ ဇော်ဇေနှင့် သူဇာလွှင်တို့ သူ့အား လက်



ပြရင်း ကျန်ရစ်နေခဲ့လေသည်။

သူ စီးကရက်ကို ရှိုက်ဖွာလိုက်ပြီး မျက်စိကိုမှိတ်ထားလိုက်သည်။ သူ့အတွေးထဲ ဝင်ရောက်နေရာယူလာသူကတော့ . .

"မြကြာဖြူ"

ပြီးပါပြီ

သုရိန်ဆွေ

BURMESE CLASSIC

www.burmeseclassic.com